ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်ထုတ်ဝေသည်။
Established in 1957
၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ ကြာသပတေးနေ့ (16-5-2013) (၇၄၀၂)

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံရေးနှင့် ဩစတြေးလျနိုင်ငံသို့ ပညာတော်သင်များစေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မေ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဩစတြေးလျနိုင်ငံ အနောက်ပိုင်း Perth မြို့ရှိ Curtin University မှ ပါမောက္ခ Andris Stelbovic ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

ထိုသို့လက်ခံတွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာမျိုးမြင့်၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ နိုင်ငံတော်သမ္မတ ရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက် ကြသည်။

ယင်းသို့ တွေ့ဆုံရာ၌ ပညာရေးကဏ္ဍနှင့် သိပ္ပံနှင့် နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာလုပ်ငန်းများနှင့် သုတေသန လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံရေးနှင့် ဩစတြေးလျနိုင်ငံသို့ ပညာတော်သင်များ စေလွှတ်ရေး ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။ (သတင်းစဉ်)

မဟာစင်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ဘေးဒုက္ခခံစားရမည့် လူထုအတွက် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်

တွေ့ဆုံမေးမြန်း -သူရဇော်နှင့် သတင်းအဖွဲ့

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ဆိုင်ကလုန်းမုန်တိုင်း မဟာစင်နှင့် ပတ်သက်ပြီး အရေးပေါ်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန် အမ်းမြို့၌ ရောက်ရှိနေသည့် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေအား ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က တွေ့ဆုံပြီး မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ထားမှုများ၊ မုန်တိုင်းပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ပါသည်-

မေး။ သဘာဝဘေးအတွက် အခု ပြင်ဆင်ဆောင်ရွက်နေမှုနဲ့ ပတ်သက်ပြီး သိလိုပါတယ်။

ဖြေ ။ကျွန်တော်တို့ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအနေနဲ့ ယခုဝင်ရောက်လာမယ့် မဟာစင်ဆိုင်ကလုန်း မုန်တိုင်းအန္တရာယ်နဲ့ ပတ်သက်ပြီး တုံ့ပြန် ရင်ဆိုင်နိုင်ဖို့အတွက် Emergency Operation Center (EOC) ဖွင့်ပြီး စီမံခန့်ခွဲနိုင်ဖို့ ရခိုင်ပြည်နယ် အမ်းမြို့မှာ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း ဦးဆောင်တဲ့အဖွဲ့က လာရောက် ကွပ်ကဲလျက်ရှိပါတယ်၊ မနေ့က နေပြည်တော်က အထူးလေယာဉ်နဲ့ ထွက်ခွာခဲ့ပြီး စစ်တွေမြို့မှာရှိတဲ့ ဘေး အန္တရာယ်ကျရောက်ဖွယ်ရှိတဲ့နေရာမှာ ရှိတဲ့လူထုတွေကို ဘေးလွတ်ရာနေရာ

သို့ စာမျက်နှာ ၈ ကော်လံ ၁ သို့ ◆

ရန်ကုန် မေ ၁၅

ပြီးခဲ့သည့် နာဂစ်မုန်တိုင်း အတွေ့အကြုံကိုယူ၍ အကောင်းဆုံး ပြင်ဆင် ဆောင်ရွက်ထားပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ တားဆီး၍မရနိုင်သော်လည်း ကြိုတင် ပြင်ဆင်မှုဖြင့် ဖြစ်ပေါ်လာသည့်အခါ ဆုံးရှုံးမှုအနည်းဆုံးနှင့် အသေအပျောက် အနည်းဆုံးဖြစ်အောင် ရင်ဆိုင်ကျော် လွှားသွားမည် ဖြစ်ပါကြောင်း၊ သမ္မတကြီး လမ်းညွှန်ထားသည့် အတိုင်း လူမျိုး၊ ဘာသာမခွဲခြားဘဲ လူသားချင်း စာနာထောက်ထားသော အကူအညီများကို ပေးသွားမည်ဖြစ် ပါကြောင်း၊ ဆောင်ရွက်မှုများအားလုံး ကိုလည်း ပွင့်လင်းမြင်သာစွာ ဆောင် ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်မင်းက ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည် ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရခိုင်ပြည်နယ်အတွင်း မဟာစင်မုန်တိုင်း ဝင်ရောက်နိုင်သည့် မြို့နယ်များမှ ပြည်သူများအား ဘေးလွတ်ရာအဆောက်အအုံများသို့ ပြောင်းရွှေ့ နေရာချထားမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသ သည်။

ဆက်လက်၍ ရှင်းလင်းပွဲသို့တက် ရောက်လာကြသည့် သံတမန်များ၊ UNအဖွဲ့အစည်းများနှင့် NGO များမှ ကိုယ်စားလှယ်များက သဘာဝဘေး အန္တရာယ်ကာကွယ်ရေးနှင့် ပတ်သက် ပြီး ပူးပေါင်းဆောင်ရွက်မည့် အချက် များကို အကြံပြုပြောကြားကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

မဟာစင်ဆိုင်ကလုန်းမုန်တိုင်းနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရမှ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများဆိုင်ရာ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး ဦးအောင်မင်း မဟာစင် ဆိုင်ကလုန်းမုန်တိုင်းနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရမှ ပြင်ဆင်ဆောင် ရွက်ထားရှိမှုများဆိုင်ရာ စာနယ်ဇင်း ရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြား စဉ်။ (သတင်းစဉ်)

ကြေးမုံ စာတည်းရှုထောင့် ၁၆-၅-၂၀၁၃၊ ကြာသပတေးနေ့

စည်းကမ်းနှင့် ကျင့်ဝတ်သိက္ခာ

အားလုံးသည် တစ်ချိန်က အိမ်တံစက်မြိတ်နှင့် ကျောင်းပရဝဏ်ကို ဖြတ်သန်းသွားခဲ့ကြသူများဖြစ်သည်။ "မကောင်းမြစ်တာ ကောင်းရာညွှန်လတ်" ဟူသည့် မိဘတို့၏သွန်သင်မှုအောက်၌ လူလားမြောက်လာခဲ့ကြသူများ ဖြစ်သည်။ "အတတ်လည်းသင် ပဲ့ပြင်ဆုံးမ"ဟူသည့် ဆရာ့ကျင့်ဝတ်နှင့်အညီ ကျောသားရင်သားမခွဲခြား တစ်သားတည်းနွေးထွေးမှုကို ခံယူခဲ့ကြသူများ ဖြစ်သည်။

စည်းကမ်းများနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ကျောင်းသားကျောင်းသူများအတွက် အားနည်းချက်တစ်ခုမှာ လိုက်နာရမည့်အချက်များကို တစ်ပြိုင်တည်း သတ်မှတ်ပေးထားခြင်းဖြစ်သည်။ ကျောင်းဖွင့်ပြီဆိုသည်နှင့် စာမျက်နှာအပြည့်နီးပါး အသင့်ရိုက်နှိပ်ထားပြီး စည်းကမ်းချက်များကို အတန်းပိုင်မှတစ်ဆင့် အသိပေးခြင်း၊ ကလေးများ မြင်သာသည့်နေရာတွင် ကပ်ထားပေးခြင်းပြုလုပ်ကြသည်။

စည်းကမ်းနှင့်ပတ်သက်၍ စံပြုအတုယူစရာနမူနာကောင်းတစ်ခုမှာ ဗုဒ္ဓ၏သံဃာ့အဖွဲ့အစည်း စည်းကမ်းချမှတ်ပေးမှုပုံစံဖြစ်ပါသည်။ သံဃာတော်များ လိုက်နာရမည့် ၂၂၇ သွယ်သော စည်းကမ်းချက်(သို့) သိက္ခာပုဒ်တော်များကို ဘုရားရှင်က တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပြဋ္ဌာန်းသတ်မှတ်ပေးခြင်း မဟုတ်ပါ။ အကြောင်းကိစ္စရပ်ပေါ်လာမှ တစ်ချက်ချင်းစီကို ကျိုးကြောင်းညီညွတ်စွာဖြင့် ပညတ်ခဲ့ခြင်းဖြစ်ပါသည်။

စည်းကမ်းနှင့်ပတ်သက်၍ သတိပြုစရာတစ်ချက်မှာ ကလေးများကို တားဆီးပိတ်ပင်သည့်သဘောထက် လမ်းမှန်ညွှန်ပြမှု စည်းကမ်းများသာဖြစ်သင့်ပါသည်။ ဥပမာ-"စည်းကမ်းမဲ့အမှိုက်မစွန့်ပစ်ရ" အစား "အမှိုက်ကို အမှိုက်ပုံးထဲမှာ စွန့်ပစ်ပါ" ဆိုလျှင် အပြုသဘောဆောင်ပြီး လမ်းညွှန်ပြီးသားလည်း ဖြစ်သွားသည်။

စည်းကမ်းနှင့်ပတ်သက်၍ မိမိတို့၏သတိမူမိသည့် အရေးကြီးဆုံးတစ်ချက်မှာ ကလေးများ၏သဘောဆန္ဒမပါရှိဘဲ စည်းကမ်းများကို တစ်ဖက်သတ်ချမှတ်လိုက်နာစေခြင်းဖြစ်သည်။ စည်းကမ်းဟူသမျှ ကလေးများ၏ဘဝတစ်သက်တာလုံးအတွက် အထောက်အကူဖြစ်စေသည်။

"ဆေးလိပ်မသောက်ရ" ဆိုလျှင် ကျောင်းအိမ်သာမှာ ခိုးသောက်ကြသည်။ "စာသင်ချိန် မုန့်ပဲသရေစာ မစားရ"ဆိုလျှင် စာရေးခုံအတွင်း သိုလှောင်ခိုးစားတတ်ကြသည်။ "စည်းကမ်းမဲ့အမှိုက်မပစ်ရ"ဆိုလျှင် မိမိ၏ စာသင်ခုံအောက် ပစ်ချတတ်ကြသည်။ အဆိုးဆုံးက ကျောင်းအိမ်သာဖြစ်သည်။ စည်းကမ်းမဲ့မှုဟူသမျှ မမြင်ကွယ်ရာမှာ မမြင်ချင်အဆုံး တွေ့နေရသည်။ လစ်လျှင် လစ်သလို စည်းကမ်းဖောက်ဖျက်ကြသော်လည်း သူတို့လုပ်ရပ်အပေါ် မှားသည်ဟု မထင်ကြ။ အချင်းချင်းကြားမှာ ဂုဏ်ယူနေလိုက်ကြသေးသည်။

စည်းကမ်းနှင့်ပတ်သက်၍ နမူနာကောင်းတစ်ခုကို တင်ပြလိုပါသည်။ သင်တန်းတစ်ခုတွင်ရရှိခဲ့သည့် ထူးခြားသောအတွေ့အကြုံတစ်ခုမှာ သင်တန်းကာလလိုက်နာရမည့် စည်းကမ်းဟူသမျှ သင်တန်းနည်းပြများက သတ်မှတ်ပေးခြင်းမရှိ။ သင်တန်းသား မိမိတို့ကိုယ်တိုင် ရွေးချယ်ချမှတ်လိုက်နာကြရခြင်းဖြစ်ပါသည်။ အကျိုးဆက်မှာ သင်တန်းပြီးဆုံးသည်အထိ စည်းကမ်းဖောက်ဖျက်သူ မရှိသလောက် ဖြစ်ပါသည်။ ဤနမူနာကောင်းကို ကျောင်းများတွင် ကျင့်သုံးမည်ဆိုပါက ထိရောက်မှုရှိလာလိမ့်မည်ဟု ယုံကြည်မိပါသည်။ သို့သော် စည်းကမ်းများသည် ကလေး၏အတန်းအဆင့်နှင့် လိုက်လျောညီစေရေးတွင် ဆရာများမှ ဖေးမပေးဖို့ လိုအပ်ပါလိမ့်မည်။

ကိုယ်ရည်ကိုယ်သွေးနှင့်ပတ်သက်လျှင် လူငယ်သဘာဝ အစွမ်းပြတတ်ချင်ကြသည်မှာ ဓမ္မတာဟု ဆိုရပါလိမ့်မည်။ စည်းကမ်းဖောက်ပြကာ "မရောင်ရာဆီလူး" စွမ်းရည်ဖြုန်းတီးမှုမျိုးမဖြစ်လေရအောင် မိမိတို့က နေရာမှန်ရွေးချယ်၍ စွမ်းရည်မြှင့်တင်ခွင့် ပေးနိုင်ကြရမည်။

ချုပ်၍ ဆိုရပါလျှင် လိုက်နာရမည့် စည်းကမ်းဟူသမျှ ကလေးများနှလုံးအိမ်မှာ ကိန်းအောင်းကာ ကျင့်ဝတ်သိက္ခာတစ်ရပ်ဖြစ်လာခဲ့ပြီး ကိုယ်ပိုင်အစွမ်းအစများကိုလည်း လမ်းကြောင်းမှန်ပေါ်မှာ ရှင်သန်ခွင့်ရသွားပြီဆိုပါလျှင် ယနေ့ကျောင်းများတွင် ရေးထိုးထားသည့် "အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက" ဆောင်ပုဒ်သည် အနှစ်သာရ ပြည့်ဝပီပြင်လာပါလိမ့်မည်။

ပညာရေးဖြင့် တည်ဆောက်မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာပါလိမ့်မည်။ ကမ္ဘာတည်သရွေ့ အဓွန့်ရှည်ကြာတည်မြဲနေလိမ့်မည်မှာ မြေကြီးလက်ခတ်မလွဲပါတည်း။ ။

စွယ်တော်မြတ်စေတီ(မန္တလေး)၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် ပြန်လည်တင်လှူပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၁၅

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် မေ ၁၂ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က မန္တလေးမြို့ ခန္ဓာပရိယတ္တိ စာသင်တိုက်အတွင်းရှိ ထိပ်စုကြီးစေတီတော်အား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိပ်စုကြီးစေတီတော်သည် မေ ၉ရက်က တိုက်ခတ်ခဲ့သော မိုးသက်လေပြင်းကြောင့် ထီးတော်၏ပန်းလည်တိုင်ကွေးညွတ်၍ စိန်ဖူးတော် မြေခဲ့ခြင်းဖြစ်ကြောင်းနှင့် စေတီမှာ မန္တလေး ရတနာပုံခေတ် မင်းတုန်းမင်း၏သမီးတော် ထိပ်စုကြီးက တည်ထား ကိုးကွယ်ခဲ့သည့် စေတီတစ်ဆူဖြစ်ပြီး နှစ်ပေါင်း ၂၀၀ ကျော်ရှိသည့် ရှေးဟောင်းသမိုင်းဝင်စေတီတစ်ဆူဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရှိ မဟာမြကျောက်စေတီတော်၌ ကျောင်းထိုင် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပါဠိပထမပြန်စာမေးပွဲများ ဖြေဆိုမှု၊ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများ အဆင့်မြှင့်တင်နေမှုများအား တင်ပြလျှောက်ထားကာ ဆရာတော်ထံမှ ဩဝါဒခံယူ၍ ကျောင်းတိုက်အတွင်းရှိ စေတီနှင့် သာသနိကအဆောက်အအုံများကို ဖူးမြော်ကြည့်ရှုသည်။

ညနေပိုင်းတွင် စွယ်တော်မြတ် စေတီ(မန္တလေး) ဂေါပကရုံးခန်း၌ ကျင်းပသည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် ပြန်လည်တင်လှူပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး အစည်းအဝေးသို့ တက်ရောက် ညှိနှိုင်းဆွေးနွေးခဲ့ပြီး စေတီ၏စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် ပြန်လည်တပ်ဆင်ရန် ပြင်ဆင်ထားမှုကို အနီးကပ် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၁၅

ရန်ကုန်	ရွှေဈေး ၇၁၂၅၀၀-၇၁၇၅၀၀
မန္တလေး	ရွှေဈေး ၇၁၂၄၀၀-၇၀၇၄၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်ဂါလန်	၃၄၄၀	ကျပ်
(ခ)	အောက်တိန်း၉၅	တစ်ဂါလန်	၄၂၈၀	ကျပ်
(ဂ)	အောက်တိန်း၉၂	တစ်ဂါလန်	၃၄၄၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်ဂါလန်	၃၂၅၆	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၁၉. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၁၈၈. ၆
(ဂ)	တရုတ်	တစ်ယွမ်	= ၁၄၉. ၆၀
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၉၁၇
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၆. ၂၈
(စ)	အိန္ဒိယ	တစ်ရူပီး	= ၀၆. ၇၆၉
(ဆ)	ဂျပန်	တစ်ရာယန်း	= ၈၉၉. ၃၅
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၈၂. ၅၈၅
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၁၀. ၅၈
(ည)	စင်ကာပူ	တစ်ဒေါ်လာ	-၇၃၉. ၀၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ် ရည်ညွှန်းနှုန်း

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းမြို့နယ် သာသနာ့ဗိမာန်တော်ဖွင့်ပွဲအခမ်းအနား တက်ရောက်အားပေး

နေပြည်တော် မေ ၁၅

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်ရှိ ရမည်းသင်းမြို့နယ် သာသနာ့ဗိမာန်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးသစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်နှင့် အလှူရှင်များက သာသနာ့ဗိမာန်တော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ)

ယင်းနောက် အခမ်းအနားကို သာသနာ့ဗိမာန်တော် အပေါ်ထပ်၌ ဆက်လက်ကျင်းပရာ ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင် ဂုဏ်တော်များ ရွတ်ပွားကြပြီး ပြည်ထောင်စု လွှတ်တော်နာယက အမှူးပြုသည့် ပရိသတ်များက နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ကြသည်။

ထို့နောက် ရမည်းသင်းမြို့ ရန်အောင်မင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒာဘာသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့က ရွတ်ပွားသည့် မေတ္တာသုတ် ပရိတ်တရားတော်ကို နာယူကြသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယကနှင့် ပရိသတ်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က သာသနာ့ဗိမာန်တော် ဖွင့်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တနန္ဒာဘာသထံမှ ပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်ပြည်ထောင်စု လွှတ်တော်နာယကနှင့် ပရိသတ်များ က ဆရာတော်၊ သံဃာတော် များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ သာသနာ့ဗိမာန်တော်ကြီးကို ၂၀၀၂ ခုနှစ် မေ ၁၇ ရက်မှစတင်၍ သာသနာ့ဗိမာန်မြေနေရာ သတ်မှတ်ရေးနှင့် ကော်မတီအသီးသီးဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ် မေ ၁၅ ရက်အထိ ၁၀ နှစ်တိတိ ကြိုးဝမ်းတည်ဆောက်ခဲ့ကြောင်း သိရှိရသည်။

သာသနာ့ဗိမာန်တော်ကြီးကို ရမည်းသင်းမြို့မိမြို့ဖနှင့် ရပ်ဝေးရပ်နီးအလှူရှင်များ၏ လှူဒါန်းငွေကျပ်သိန်း ၇၀၀ ကျော်ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းပမာဏကြီးမားမှုကြောင့် ၂၀၀၀ ခုနှစ်အထိ အပြီးသတ် တည်ဆောက်နိုင်ခြင်းမရှိခဲ့ကြောင်း၊ ဆရာတော်ကြီးများ၏ မေတ္တာရပ်ခံ အကူအညီတောင်းခံမှုကြောင့် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ဗိမာန်တော်ကြီး ဆက်လက်တည်ဆောက်နိုင်ရေးအတွက် ဦးဆောင်ကြီးကြပ်လမ်းညွှန်ခဲ့ရာ Original ဆောက်လုပ်ရေးမှ ငွေကျပ်သိန်း ၆၅၀၊ ဘိလပ်မြေအိတ် ၃၀၀ နှင့် လုပ်အားဒါန လှူဒါန်းဆောက်လုပ်ပေးခဲ့ကြောင်း၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများက ငွေကျပ်သိန်း ၁၂၀ နှင့် မိုးထိမိုးမိဒေသ အမျိုးသားကြီးပွားတိုးတက်ရေးအုပ်စုကုမ္ပဏီမှ ငွေကျပ်သိန်း ၃၀၀ စုပေါင်း ငွေကျပ်သိန်း ၁၀၆၀ ဖြင့် ဆက်လက်တည်ဆောက်နိုင်ခဲ့သည့်အတွက် လုပ်ငန်းဝမာဏ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးဆောင်ရွက်နိုင်ခဲ့ကြောင်း၊

အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီအနေဖြင့် ၉-၄-၂၀၁၃ ရက်မှစတင်၍ ဗိမာန်တော်ကြီး၏ အသေးစိတ်လုပ်ငန်းများကို ငွေကျပ် ၈၅၀ သိန်းကျော်အကုန်အကျခံကာ တည်ဆောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန မန္တလေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မိမိသက်သွင်အား ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်နိုင်တီယမ်းအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

သစ်တောများထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုလျော့ပါးစေခြင်းသာမက အခြားဆက်စပ်အကျိုးကျေးဇူးများ ရရှိနိုင်

နေပြည်တော် မေ ၁၅

နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ REDD+ လမ်းပြမြေပုံကို အတည်ပြုအကောင်အထည်ဖော်ရာတွင် ဒေသခံပြည်သူများနှင့် အကျိုးခံစားခွင့် ဆက်စပ်ပါဝင်ပတ်သက်နေသူများ၏ ဆန္ဒသဘောထားကို အလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ယမန်နေ့နံနက် ၈ နာရီခွဲတွင် သစ်တောဦးစီးဌာန ရုံးချုပ် အင်ကြင်းခန်းမ၌ကျင်းပသည့် သစ်တောဦးစီးဌာနနှင့် UN-REDD Programme တို့ ပူးပေါင်းကျင်းပသော မြန်မာနိုင်ငံ REDD+ လမ်းပြမြေပုံရေးဆွဲခြင်းဆိုင်ရာ အမျိုးသားအဆင့် ကနဦးအလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

REDD+ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်၍ သစ်တောများအား ကာကွယ်ထိန်းသိမ်းခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုလျော့ပါးစေခြင်းသာမက အခြားဆက်စပ် အကျိုးကျေးဇူးများအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်အား ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ ရေကောင်းရေသန့် လေကောင်းလေသန့်ရရှိခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုတိုးပွားစေခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးခြင်းစသည့် အကျိုးကျေးဇူးများရရှိစေနိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်UN-REDDProgramme ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ REDD+ လုပ်ငန်းစဉ်များကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ REDD+ လမ်းပြမြေပုံမူကြမ်းကို ဒေသခံပြည်သူလူထုသိရှိနားလည်စေရန်နှင့် သဘောထားအကြံဉာဏ်များရယူရန် ပြည်နယ်နှင့် တိုင်းဒေသကြီးလေးခုတွင် ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထိုအလုပ်ရုံ ဆွေးနွေးပွဲများ၏ ဆွေးနွေးအကြံပြုချက်များကိုအခြေခံပြီး REDD+ လမ်းပြမြေပုံကိုပြင်ဆင်ရေးဆွဲသွားမည် ဖြစ်ကြောင်း၊ နိုင်ငံအဆင့်အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ် ဇွန်လနောက်ဆုံးပတ်တွင် ထပ်မံကျင်းပပြီး အတည်ပြုချက်ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စာတမ်းရှင်များက စာတမ်းများဖတ်ကြား၍ တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

သစ်တောဦးစီးဌာနသည် နော်ဝေနိုင်ငံ၏ ရန်ပုံငွေကြေးအထောက်အပံ့၊ UN-REDD Programme၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ၏ REDD+ လမ်းပြမြေပုံနှင့် အမျိုးသားအဆင့် မဟာဗျူဟာများ ရေးဆွဲရေးလုပ်ငန်းတို့ကို ၂၀၁၂ ခုနှစ် ဇူလိုင်လမှစတင်၍ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

သင့်စီးပွားရေး တိုးတက်အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

မောင်းသူမဲ့ဒရုန်းလေယာဉ် ပျံသန်းရန် ရေတပ်တပ်ဖွဲ့ဝင်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိစဉ်။

အိပ်စ်၄၇ – ဘီမောင်းသူမဲ့ဒရုန်းလေယာဉ် လေယာဉ်တင်သင်္ဘောပေါ်မှ ပထမဆုံးအကြိမ်ပျံသန်း

ဝါရှင်တန် မေ ၁၅

မောင်းသူမဲ့ ဒရုန်းလေယာဉ်များအသုံးပြု၍ ကင်းထောက်ပျံသန်းခြင်းနှင့် ယင်းလေယာဉ်များဖြင့် တိုက်ခိုက်မှုများကို အရှိန်မြှင့်လုပ်ဆောင်နေခြင်းသည် တရားဥပဒေနှင့်ညီညွတ်ခြင်းရှိ/မရှိပြဿနာများ ဖြစ်ပေါ်နေစဉ်အတွင်း အတ္တလန္တိတ်သမုဒ္ဒရာတွင်းရှိ အမေရိကန်ရေတပ် လေယာဉ်တင်သင်္ဘော ဂျော့ဂျ်အိတ်ချ်ဒဗလျူဘုရှ်ပေါ်မှ တိုက်လေယာဉ်တစ်စင်း အရွယ်အစားမျှရှိသော မောင်းသူမဲ့လေယာဉ်တစ်စင်းကို မေ ၁၅ရက်တွင် ပထမဆုံးအကြိမ် ပျံသန်းစေခဲ့ကြောင်း ယနေ့ အေပီသတင်းတွင် ဖော်ပြသည်။

အိပ်စ်-၄၇ဘီဟုအမည်ပေးထားသည့် ယင်းမောင်းသူမဲ့လေယာဉ်သည် စွမ်းရည်မြင့် မောင်းသူမဲ့လေယာဉ်ဖြစ်ပြီး မြေပြင်တွင်ရော လေယာဉ်တင်သင်္ဘောတွင်ပါ ဆင်းသက်နိုင်သည်။ မောင်းသူမဲ့လေယာဉ်ကို လေယာဉ်တင်သင်္ဘောဖြင့် ကမ္ဘာတစ်ဝန်းလုံးသို့ သယ်ယူသွားနိုင်ပြီး ကမ္ဘာမြေပြင်ပေါ်ရှိ မည်သည့်နိုင်ငံတွင်မှ ယင်းလေယာဉ်အတွက် အခြေစိုက်စခန်း ဖွင့်လှစ်ရန် ခွင့်ပြုချက်တောင်းခံရန် မလိုအပ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အိပ်စ် ၄၇-ဘီအမျိုးအစား မောင်းသူမဲ့ဒရုန်းလေယာဉ်သည် အမြင့်ပေ ၄၀၀၀၀ကျော်(မီတာ ၁၂၀၀၀)ထိ ပျံသန်းနိုင်ပြီး ပျံသန်းထောက်လှမ်းနိုင်သော အကွာအဝေးမှာ ရေမိုင် ၂၀၀၀ရှိသည်။ ယင်းခရီးကို အသံထက်မြန်သော အလျင်ဖြင့်ပျံသန်းကာ ပျံသန်းမှုစနစ်အားလုံးကို အလိုအလျောက်စနစ်ဖြင့် ဆောင်ရွက်နိုင်ကြောင်း အမေရိကန်ရေတပ်က ပြောကြားသည်။

ရိုက်တာ။

ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ စီမံကိန်းသုံးခုအတွက် ဗီယက်နမ်နှင့် ရုရှားသဘောတူ လက်မှတ်ထိုး

ဟနွိုင်း မေ ၁၅

ဝန်ကြီးချုပ် ငုယင်တန်ဖွန်း၏ မော်စကိုသို့ လာရောက်သည့် ခရီးစဉ်အတွင်း ဗီယက်နမ်နှင့် ရုရှား နှစ်နိုင်ငံအကြား ရေနံသဘာဝဓာတ်ငွေ့လုပ်ငန်း စီမံကိန်း သုံးခုအတွက် သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း မေ ၁၄ရက်တွင် ဗီယက်နမ်အစိုးရက ထုတ်ပြန်ကြေညာသည်။

ဗီယက်နမ်အစိုးရပိုင် ပက်ထရို ဗီယက်နမ်ကုမ္ပဏီနှင့် ရုရှားနိုင်ငံမှ ဂက်စ်ဖရွန်အိုအေအိုကုမ္ပဏီတို့သည် သဘာဝဓာတ်ငွေ့ ထုတ်လုပ်သုံးစွဲရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး ဂက်စ်ဖရွန်နက်ဖ်ကုမ္ပဏီနှင့်လည်း ရေနံဓာတုနှင့် ရေနံ ရှာဖွေရေး နားလည်မှုစာလွှာကို လက်မှတ်ရေးထိုးခဲ့သည်။

ပက်ထရို ဗီယက်နမ်ကုမ္ပဏီသည် ရုရှားရေနံကုမ္ပဏီ ဂက်စ်ဖရွန်နက်ဖ်နှင့် ပူးတွဲရေနံတူးဖော်ရေးလုပ်ငန်းထူထောင်ရန် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။

နှစ်နိုင်ငံ ရေနံလုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်းက သာလွန်ကောင်းမွန်သော အခြေအနေများကို ဖန်တီးနိုင်လိမ့်မည်ဟု ရုရှားနှင့် ဗီယက်နမ် နှစ်နိုင်ငံ အစိုးရများက ကတိပြုခဲ့ကြပြီး နှစ်နိုင်ငံကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အခြားနိုင်ငံများ၌ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် အားတက်စေသည်ဟု ဆိုသည်။

စီအင်န်အေ။

ပိုပိုကာတီပက်မီးတောင်မှပြာမှုန်များ မြို့သုံးမြို့ပေါ်သို့ လွင့်မျောကျရောက်

မက္ကဆီကိုစီးတီး မေ ၁၅

မက္ကဆီကိုနိုင်ငံရှိ ပိုပိုကာတီပက်မီးတောင်ပေါက်ကွဲရာမှ ပေါ်ထွက်လာသောပြာမှုန်များသည် မေ ၁၄ရက်က မြို့ငယ်သုံးမြို့ပေါ်သို့ လွင့်မျောကျရောက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၅ရက်တွင် ဖော်ပြသည်။

ပိုမိုလှုပ်ရှား

မက္ကဆီကိုစီးတီးအနီးရှိ ပိုပိုကာတီပက်မီးတောင်သည် မကြာသေးမီရက်များအတွင်း ပိုမိုလှုပ်ရှားလာခဲ့ပြီး ပြာမှုန်များ၊ ချော်ရည်များကို မှုတ်ထုတ်လျက်ရှိသည်။

၁၇၈၈၇ပေရှိ အဆိုပါမီးတောင်မှ မှုတ်ထုတ်သော ပြာမှုန်များသည် မီးတောင်ထိပ်ဝအထက် ၂ဒသမ ၅မိုင် အမြင့်အထိရောက်ခဲ့ကြောင်း အမျိုးသားသဘာဝ ဘေးအန္တရာယ်ကာကွယ်ရေးဌာနက ပြောကြားသည်။

ရိုက်တာ။

အာတိတ်ကောင်စီ၏ လေ့လာသူအဆင့် နိုင်ငံခြောက်နိုင်ငံကို အသိအမှတ်ပြု

စင်ကာပူ မေ ၁၅

အာတိတ်ကောင်စီ၏ လေ့လာသူအဆင့် နိုင်ငံများအဖြစ် စင်ကာပူ၊ တရုတ်၊ အိန္ဒိယ၊ အီတလီ၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကို အသိအမှတ်ပြုလိုက်ကြောင်း၊ ဆွီဒင်နိုင်ငံ ကီရူနာမြို့၌ ကျင်းပသော အာတိတ်ကောင်စီ၏ အဌမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးတွင် ယင်းနိုင်ငံများကိုလေ့လာသူအဆင့်နိုင်ငံများအဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း စင်ကာပူနိုင်ငံ၌ ထုတ်ဝေသော စထရိတ်တိုင်းမ်စ်သတင်းစာက မေ ၁၅ရက်တွင် ရေးသားဖော်ပြသည်။

စင်ကာပူနိုင်ငံသည် အာတိတ်ကောင်စီ၌ လေ့လာသူအဆင့်ရရှိရန် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် လျှောက်ထားခဲ့သည်။ အာတိတ်ကောင်စီသည် အစိုးရအဖွဲ့ အချင်းချင်း လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးနိုင်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး အာတိတ်ဒေသနိုင်ငံများအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သိပ္ပံရေးရာ စူးစမ်းလေ့လာမှုများ၌ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားသည်။

အာတိတ်ကောင်စီ၏ အဖွဲ့ဝင်နိုင်ငံများမှာ ကနေဒါ၊ ဒိန်းမတ်၊ ဖင်လန်၊ အိုက်စလန်၊ နော်ဝေ၊ ဆွီဒင်၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်သည်။

စီအင်န်အေ။

အာတိတ်ဒေသ၌ သိပ္ပံရေးရာ စူးစမ်းလေ့လာမှုပြုလုပ်နေသော သိပ္ပံပညာရှင်များကို တွေ့ရစဉ်။

အိမ်မွေးတိရစ္ဆာန် ခွေးကလေးများက နှလုံးရောဂါဖြစ်ပွားမှုကို လျော့ကျစေနိုင်

နယူးယောက် မေ ၁၅

အိမ်မွေးတိရစ္ဆာန်လေးများ အထူးသဖြင့် ခွေးကလေးများက ၎င်းတို့အရှင်သခင်များ၏ နှလုံးရောဂါ ဖြစ်ပွားမှုကို လျော့ကျစေနိုင်ကြောင်း ဆေးပညာသုတေသနပြုချက်တစ်ခုတွင် လေ့လာတွေ့ရှိရကြောင်း မေ ၉ ရက် သတင်းတစ်ပုဒ်တွင် ဖော်ပြသည်။ အဆိုပါသတင်းမှာ ခွေးပိုင်ရှင်ခွေးချစ်သူများအတွက် သတင်းကောင်းတစ်ပုဒ်ပင်ဖြစ်သည်။

ယင်းလေ့လာတွေ့ရှိချက်ကို အမေရိကန်နှလုံးကျန်းမာရေးအဖွဲ့မှ နှလုံးရောဂါအထူးကုဆရာဝန်များ က မေ ၉ ရက်တွင် တရားဝင်ရေးသားထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ခွေးပိုင်ရှင်များ နှလုံးရောဂါဖြစ်ပွားမှု လျော့ကျရခြင်းမှာ ၎င်းတို့အနေဖြင့် ခွေးကလေးများနှင့် လမ်း လျှောက်ရသည့် လေ့ကျင့်ခန်းကို ခွေးမရှိသူများထက် ပိုလုပ်ရခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

ခွေးကလေးများပိုင်ဆိုင်ထားခြင်းသည် စိတ်ဖိစီးမှုများ တုံ့ပြန်ရာတွင် အပြုသဘောဆောင်သည့် ကောင်းကျိုးများရရှိစေသကဲ့သို့ ကိုယ်အလေးချိန်လျော့ကျစေနိုင်သည့် ပစ္စည်းကိရိယာတစ်ခုလည်း ဖြစ်နိုင်ကြောင်း၊ သို့သော် ခွေးတစ်ကောင်ပိုင်ဆိုင်ထားရုံမျှနှင့် အဆိုပါအကျိုးကျေးဇူးများ ရရှိမှုမှာ တိုက်ရိုက်ပတ်သက်ဆက်နွှယ်မှုမရှိကြောင်း လေ့လာတွေ့ရှိချက်တွင် ရေးသားဖော်ပြထားသည်။

ဆင်ဟွာ။

ထိုင်းတောင်ပိုင်းသူပုန်များ စစ်ရာဇဝတ်မှုများ ကျူးလွန်နေဟုဆို

ဗန်ကောက် မေ ၁၅

ထိုင်းနိုင်ငံတောင်ပိုင်း နယ်စပ်ပြည်နယ်များရှိ ခွဲထွက်ရေးဝါဒီသူပုန်များသည် ကလေးငယ်များနှင့် အရပ်သူ၊ အရပ်သားများအား ပစ်မှတ်ထားကာ တိုက်ခိုက်ခြင်းဖြင့် စစ်ရာဇဝတ်မှုများကို ကျူးလွန်လျက်ရှိကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က မေ ၁၅ ရက်တွင် ပြောကြားသည်။

ထိုင်းနိုင်ငံ ပတ္တနီပြည်နယ် ဖူယောင်ခရိုင် ရှဆာမီလက်ဒေသရှိ ကျေးရွာတစ်ရွာတွင် မေ ၁ရက်က ရွာသူရွာသားများကို သောင်းကျန်းသူလေးဦးက မောင်းပြန်ရိုင်ဖယ်သေနတ်များဖြင့် ပစ်သတ်ခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။

သောင်းကျန်းသူများသည် ကလေးသူငယ်များကိုပင်မချန် ပစ်မှတ်ထားကာ တိုက်ခိုက်နေကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဘရက်အဒမ်က ပြောကြားသည်။

စီအင်န်အေ။

ပြည်တွင်း / ပြည်ပသတင်း

ဖတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

ဖခင်ကိုသတ်တဲ့ အထက်တန်းကျောင်းသူစုံတွဲ အမှုရင်ဆိုင်နေရ

ဖခင်ဖြစ်သူကိုသတ်ပြီး ဖခင်နှင့်စေ့စပ်ထားသောသူကိုပါသတ်ရန် ကြံစည်ခဲ့သူ အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ်မှ အထက်တန်းကျောင်းသူ ဆယ်ကျော်သက်တစ်ဦးနှင့် သူမ၏ချစ်သူအသက်(၁၉)နှစ်အရွယ် အထက်တန်းကျောင်းသားတို့အား စွဲချက်တင်ထားကြောင်း ရဲတပ်ဖွဲ့က မေ ၁၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါကျောင်းသူမှာ မော်ဂန်လီန်းအာနိုဟု အမည်ရပြီး အသက်(၁၄)နှစ်ရှိကာ သူမ၏ချစ်သူမှာ ဂျက်ဆင်အန်သိုနီ ဘူမာဆိုသူဖြစ်ပြီး ၎င်းတို့နှစ်ဦးအား မေ ၁၀ ရက်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားပုံမှာ မေ ၁၀ ရက်တွင် ဒန်းနစ်လီန်းအမည်ရှိ အဆိုပါကျောင်းသူ၏ ဖခင်သည် ၎င်းနှင့်စေ့စပ်ထားသည့် အသက်(၁၅)နှစ်အရွယ် ဒန်းနစ်ဂိုင်ဂျာဆိုသူ အမျိုးသမီးငယ်နှင့်အတူ အယ်လီကော့မြို့တွင် နေထိုင်နေစဉ် အာနိုနှင့်သူမ၏ချစ်သူတို့ ရောက်ရှိလာပြီး ဘူမာက အာနို၏ဖခင်ကို စတင်တိုက်ခိုက်ကြောင်း၊ ယင်းသို့ပြုလုပ်စေရန် အာနိုက တွန်းအားပေးခိုင်းစေခြင်းဖြစ်ကြောင်း အသက်ဘေးမှလွတ်မြောက်ခဲ့သူ ဂိုင်ဂျာကဆိုသည်။ ယခုလိုအသက်ဘေးမှ လွတ်မြောက်ခဲ့ဖြင်းမှာ သူမ၏ခင်ပွန်းအား ဓားဖြင့်ထိုးသတ်နေချိန်တွင် ရဲတပ်ဖွဲ့သို့ အချိန်မီအကြောင်းကြားနိုင်ခဲ့၍သာဖြစ်ကြောင်း ဂိုင်ဂျာက ဆက်လက်ပြောကြားခဲ့သည်။ ပြဿနာ၏ဇာစ်မြစ်မှာ ဖခင်ဖြစ်သူ၏ ဇနီးသည်သမီးနှင့် အသက်အရွယ်ကွာခြားမှု သိပ်မရှိခြင်းမှ အစပြုခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကဆိုသည်။ သူမတို့စုံတွဲနှစ်ဦးမှာ လောလောဆယ်ကာလတွင် အာမခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိသဖြင့် ဟောင်းဝမ်ကောင်တီအကျဉ်းဦးစီးဌာန၌ ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ မကြာမီကာလအတွင်း အမှုရင်ဆိုင်ရဖွယ်ရှိကြောင်း သိရသည်။

•••••••••••••••••••••••

ရွှေသတ္တုရှာဖွေရေးအတွက် နည်းလမ်းတစ်ရပ်

ရွှေသတ္တုရှာဖွေမှုအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေမှု မရှိသည့်အပြင် ကုန်ကျစရိတ်လည်း သက်သာသောနည်းလမ်းတစ်ရပ်ကို ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း အမေရိကန်သုတေသီများက မေ ၁၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ရွှေသတ္တုရှာဖွေရေးကုမ္ပဏီများသည် ယခင်ကာလများက အဖိုးတန်သတ္တုများရယူနိုင်ရန်အတွက် ရောနှောနေသည့်အရာများကို ခွေဖြင့်စစ်ထုတ်သည့်နည်းလမ်းကို အသုံးပြုရန် အဆိပ်အတောက် ပမာဏများပြားစွာ ပါဝင်သော ဆိုင်ရာနိုက် (Cyanide)အဆိပ်ကို အသုံးပြုခဲ့ကြသဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည်။ သို့သော် ယခုအခါ ယင်းဆိုင်ရာနိုက်အဆိပ်အစား ပြောင်းဖူးမှုန့်ကို အသုံးပြု၍ ရွှေသတ္တုရှာဖွေနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းနည်းလမ်းသစ်ကို အမေရိကန်နိုင်ငံ Northwestern တက္ကသိုလ်မှ သုတေသီများက ရှာဖွေဖော်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

•••••••••••••••••••••••

တစ်နာရီမိုင် ၁၀၀၀ နှုန်းမောင်းနှင်မည့် စူပါကားအတွက် ဗြိတိန်ကုမ္ပဏီ ကမကထပြုမည်

ဗြိတိန်နိုင်ငံမှ လေယာဉ်အင်ဂျင်ထုတ်လုပ်သည့် ကုမ္ပဏီ Rolls-Royce က ၎င်းတို့ကုမ္ပဏီအနေဖြင့် တစ်နာရီမိုင် ၁၀၀၀ နှုန်းဖြင့်မောင်းနှင်၍ စံချိန်တင်မည့် စူပါကား စီမံကိန်းတစ်ခုအတွက် ကမကထပြုကူညီမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ Bloodhound အမည်ရှိ အဆိုပါစူပါကားကို တိုက်လေယာဉ်များတွင် ထည့်သွင်းအသုံးပြုသည့် EJ 200 အင်ဂျင် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ပြီး ယင်းစီမံကိန်းကို ၂၀၁၅ ခုနှစ်အတွင်း တောင်အာဖရိကဌ် အကောင်အထည်ဖော် မောင်းနှင်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ အဆိုအရသိရသည်။ ၁၉၉၇ ခုနှစ်အတွင်းက ယင်း Bloodhound စူပါကားကိုစမ်းသပ်မောင်းနှင်ခဲ့ပြီး တစ်နာရီ ၇၆၃ မိုင်ဖြင့် စံချိန်တင်ထားခဲ့ကြောင်း သိရသည်။

▼▼▼ ဟိန်းထက်လင်း - စုစည်းရေးသားသည် ▲▲▲

နေပြည်တော်သံဝေဇနီယလေးဌာနသို့ အလှူငွေလှူဒါန်း

နေပြည်တော် မေ ၁၅

ယနေ့နံနက် ၇ နာရီက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥဒယရံသီ ကုန်းတော်ပြင်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော် ဂန္ဓကုဋိတိုက်၌ အလှူတော်ငွေပေးအပ်ပွဲကို ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် တက်ရောက်ကြည်ညိုပြီး နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ဒေဝါးရိုးယားခရိုင် ကုရှိနနဂရ ကုသိနာရုံ ဖြန်မာကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက နေပြည်တော်၌ ဆက်လက်တည်ဆောက်မည့် သံဝေဇနီယလေးဌာနတွင်ပါဝင်သည့် ကုသိနာရုံပရိနိဗ္ဗာန်စေတီတော်မှုပုံ တည်ထားကိုးကွယ်ရန် လှူဒါန်းသည့် အလှူငွေကျပ် ၂၀၇ သိန်းအား ဆရာတော်၏ ကိုယ်စားလှယ်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က လက်ခံပြီး(အပေါ်ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၆-၅-၂၀၁၃(ကြာသပတေးနေ့)

၅:၄၀	"မေတ္တာလွှမ်းခြုံဘေးရန်လုံ" တရားတော် (ယောဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ)
၁၀:၅၅	Food & De'cor
၄:၃၀	ကလေးတို့အတွက်လမ်းညွှန်
၅:၁၀	Minute to Win It
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၆၃)
၇:၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေလဆုံရာရွှေဖူးစာ" (အပိုင်း-၂၂)
၇:၃၅	ဂီတသရုပ်ပြခန်း(မိစန္ဒီ)

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများစွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့တင်ပြလာသည့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ဖြေလျှော့ဆောင်ရွက်ပေးသွားမည့် အရေးယူဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာခြင်း ICT လုပ်ငန်း လုပ်ကိုင်ရာတွင် လိုအပ်သော လိုင်စင်၊ ထောက်ခံချက်များနှင့်ပတ်သက်ပြီး ဌာနခါလုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်း

စဉ်	ယခင်ဆောင်ရွက်ပေးခဲ့မှု	ယခုဖြေလျှော့ဆောင်ရွက်ပေးမည့်အစီအစဉ်
၁။	တယ်လီဖုန်းစက်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများ ရောင်းဝယ်ခွင့်လိုင်စင်နှင့်စပ်လျဉ်း၍ - (က) လိုင်စင်လျှောက်ထားရာတွင် လုံလောက်သော နိုင်ငံခြားငွေကြေး သုံးစွဲခွင့် Bank Statement အထောက်အထား တင်ပြလို။ (ခ) ပြည်ပမှတင်သွင်းမည့် အကြိမ်တိုင်းအတွက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လာရောက်၍ စာရွက်စာတမ်းနှင့် ထောက်ခံချက် ရယူဆောင်ရွက်ရန်လို။	(က) လိုင်စင်လျှောက်ထားရာတွင် Bank Statement တင်ပြရန်မလို။ (ခ) လိုင်စင်သက်တမ်း (၀)နှစ်အတွင်း အမျိုးအစားတူပစ္စည်းများ တင်သွင်းခွင့်အတွက် ထောက်ခံချက် ထပ်မံရယူရန် မလို။
၂။	ဆက်သွယ်ရေးစက်ပစ္စည်း တင်သွင်းခွင့်ထောက်ခံချက် ရယူချက် ရယူဖြင်းနှင့် စပ်လျဉ်း၍ - (က) ဖုန်း(ကြိုးတပ်ဖုန်းမပါ) သယ်ဆောင်သည့် အရေအတွက်အားလုံး ထောက်ခံချက်ရယူရန်လို။ (ခ) Fax Machine အတွက် တင်သွင်းခွင့် ထောက်ခံချက် ရယူရန်လို။ (ဂ) နီးသုံးနှင့်အိမ်သုံး Wireless Router များ၊Access Points များ၊ Switch များစသည့် ICT ပစ္စည်းများအားလုံးအတွက် ထောက်ခံချက်ရယူရန်လို။	(က) ဖုန်း(ကြိုးတပ်ဖုန်းမပါ) အရေအတွက် (၂)လုံးအထိအား Personal Use အတွက် သယ်ဆောင်လာခြင်းဖြစ်ပါက ထောက်ခံချက် ရယူရန်မလို။ (ခ) Fax Machine တင်သွင်းခွင့်အတွက် ထောက်ခံချက်ရယူရန် မလို။ (ဂ) နီးသုံးနှင့် အိမ်သုံး Wireless Router များ၊ Access Points များ၊ Switch များနှင့်ပတ်သက်၍ 2.4 GHz လှိုင်းနှုန်း အသုံးပြုသော ICT ပစ္စည်းများ၊ IEE 802.11(a/b/g/n) ပစ္စည်းများ၊ Bluetooth Device များအတွက် တင်သွင်းခွင့်ထောက်ခံချက် ရယူရန်မလို။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများစွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့

UP UNITED PLAZA
၂၀၁၃ ခုနှစ်၊ မေလ (၁၇)ရက်နေ့မှ (၁၈)ရက်နေ့ထိ ၊STRAND HOTEL ခန်းမကြီးတွင် ကျင်းပမည့်
PEOPLE CHOICE EXHIBITION ပြပွဲကြီးတွင် ကြွေပြား၊ ကျောက်ပြား၊ သဘာဝကျောက်ပြားမျိုးစုံ၊
ဂရင်းနိုက်ကျောက်ပြား၊ ဂရင်းနိုက်ဇလုကားထစ်၊ ကျောက်ပြားခက်ဇောမျိုးစုံ၊ စတီးဘေစင်မျိုးစုံ၊ ဖန်ဘေစင်မျိုးစုံ၊ CABINET မျိုးစုံ၊
MOSAIC မျိုးစုံ တို့ကို ပြပွဲကျင်းပသည့် နေ့များတွင် ၁၀% DISCOUNT ပေး၍ ရောင်းချပေးသွားပါမည်။
၁။ Ph : 01-664966, 667041, 09 731 55346, 09 5065786, 09 73185859
၂။ ROYAL MYINT SOE Ph : 01-642877, 642122, 640001(Ext:574)
၃။ ROYAL MYINT SOE Ph : 02-30736, 09 4210 99912

ဆေးပညာသတင်းဆန်းများ (၄၁)

ဒေါက်တာကံညွန့်

ယခုပထမဆုံး ဖော်ပြလိုတဲ့သတင်းက အထူးဝမ်းသာစရာသတင်းပါ။ အမေရိကန်နိုင်ငံ မစ္စစပီမြို့က လာတဲ့ သတင်းပါ။ အဲဒီမြို့က နှစ်နှစ်အရွယ် မိန်းကလေးတစ်ဦးဟာ မွေးရာပါ AIDS ရောဂါကို သူ့မိခင်ထံမှရခဲ့တဲ့ သူပါ။ သူ့ကို မွေးစကတည်းက ပုံမှန်ပေးနေကျ AIDS ရောဂါပျောက်ဆေး ART ဆေး သုံးမျိုးပေးခဲ့ပါတယ်။ ဒီလိုပေးခဲ့ပြီး ယခု နှစ်နှစ်အရွယ်မှာ စမ်းသပ်ကြည့်လိုက်တဲ့အခါ AIDS ရောဂါ လုံးပပျောက်ကင်းသွားတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် AIDS ရောဂါရှင်တွေကို တစ်သက်လုံး ဆေးပေးကုသနေရတဲ့အဖြစ်က လွတ်မြောက်နိုင်တယ်ဆိုတဲ့ လမ်းစရခဲ့ပြီဖြစ်ကြောင်း သတင်းကောင်းကို ပထမဆုံးဖော်ပြလိုပါတယ်။

ဟိုတလောက သတင်းတွေကြားရတဲ့အထဲမှာ သက်တမ်းကုန်လို့ အနားယူသွားကြတဲ့ အမေရိကန်သမ္မတတွေ ဘာလုပ်နေကြသလဲဆိုတဲ့ VOA အသံလွှင့်ချက်တစ်ခုထဲမှာ ဆေးပညာနဲ့ အနည်းငယ်ပတ်သက်တဲ့ သတင်းတစ်ခုပါနေတဲ့အတွက် ဖော်ပြချင်ပါတယ်။ ပထမတစ်ဦးကတော့ ဂျော့ဒဗလျူဘုရှ်ပါ။ သူဟာ ၂၀၀၉ ခုနှစ်ကပဲ အနားယူသွားပြီး ပျောက်နေပါတယ်။ အခုသတင်းအရတော့ အာဖရိကတိုက် ဇမ်ဘီယာနိုင်ငံက တောရွာတစ်ရွာမှာ ဆေးခန်းတစ်ခု ဆောက်လုပ်နေတာမှာ ကိုယ်တိုင်ကိုယ်ကျပါဝင်နေတယ်ဆိုတဲ့ သတင်းပါ။ နောက်တစ်ဦးဖြစ်တဲ့ ဘီလ်ကလင်တန်ကိုတော့ မကြာခဏတွေ့ရပြီး AIDS ညီလာခံမှာ ဇနီးသည် ဟီလာရီကလင်တန်နှင့်အတူ နောက်လာမယ့် ၁၀ စုနှစ်အတွင်းမှာ AIDS ကင်းစင်တဲ့ လူသားမျိုးဆက်တွေ မွေးဖွားနိုင်ဖို့ အားကြိုးမာန်တက်ဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။ ဆေးပညာနှင့်ပတ်သက်နေတဲ့ နောက်တစ်ဦးကတော့ သမ္မတဟောင်း မင်းသားကြီး ရော်နယ်ရီဂင်ပါပဲ။ သူဟာ ၁၉၈၉ ခုနှစ်မှာ သမ္မတအဖြစ်မှ အနားယူသွားပြီး ငါးနှစ်အကြာ ၁၉၉၄ ခုနှစ်မှစပြီး အယ်လ်ဇိုင်းမားဆိုတဲ့ ဦးနှောက်မှတ်ဉာဏ်ချို့ယွင်းပြီး သတိမေ့တဲ့ဝေဒနာကို ခံစားနေရပါတယ်။ ဒါကို သူ့ဇနီး နန်စီရေဂင်ဟာ ဖုံးကွယ်မထားဘဲ တခြားအမေရိကန်နိုင်ငံသားတွေနဲ့ ကမ္ဘာတစ်ဝန်းက လူတွေသတိထားနိုင်အောင် အသိပေးဖော်ထုတ်တင်ပြခဲ့ပါတယ်။

ဒါကို ဖော်ထုတ်ကြေညာခဲ့လို့လည်း ဒီရောဂါရဲ့ ကြီးထွားလာမှုပြဿနာကို အမေရိကန်တွေ ရင်ဆိုင်နေခဲ့ကြတာကို သတိထားမိခဲ့ကြပါတယ်။ သမ္မတ အိုဘားမားလက်ထက်မှာ ဒီရောဂါကို လေ့လာသုတေသနပြုဖို့နဲ့ ရောဂါရှင်တွေကို ဆေးဝါးကုသဖို့ အမေရိကန်ဒေါ်လာ သန်းတစ်ရာကို သီးသန့်အသုံးပြုဖို့ ခွင့်ပြုခဲ့ကြောင်း တင်ပြလိုက်ပါတယ်။

အမေရိကန်နိုင်ငံကတော့ သူတို့နိုင်ငံသားတွေအတွက် ကျန်းမာရေးဆိုင်ရာ နှိုးဆော်ချက်တစ်ခု ထုတ်လိုက်ပြန်ပါပြီ။ နိုင်ငံသားအားလုံးရဲ့ ဆားစားသုံးမှုပမာဏကို သတ်မှတ်ထားတဲ့စံနှုန်းအတွင်းကို လျှော့ချနိုင်ရင် လူအားလုံးရဲ့ နှစ်စဉ်သေဆုံးမှုနှုန်းကို ငါးသန်းခန့် လျှော့ချနိုင်မယ်လို့ ကြေညာလိုက်ပါတယ်။ ဒါဟာ နယူးယောက်မြို့မှာ ၂၀၁၄ ခုနှစ်ကျရင် ဆားစားသုံးမှုနှုန်းကို လေးပုံတစ်ပုံ လျှော့ချမယ်လို့ ကွန်ပျူတာအချက်အလက်တွေကတစ်ဆင့် မှတ်တမ်းပြုထားတာကစပြီး ပေါ်ထွက်လာတဲ့ လေ့လာချက်ပါ။ ဆန်ဖရန်စစ္စကိုမှာရှိတဲ့ ကယ်လီဖိုးနီးယားတက္ကသိုလ် ဆေးပညာတက္ကသိုလ်ရဲ့ သတ်မှတ်ချက်အရ လူတစ်ယောက်ဟာ ကျန်းမာရေးနှင့်ညီညွတ်အောင် ဆား 1500 mgm နေ့စဉ်စားသုံးသင့်ပြီး 2300 mgm ထက် မပိုသင့်ဘူးလို့ဆိုပါတယ်။ အမေရိကန်သား တော်တော်များများဟာ 3600 mgm လောက် စားသောက်နေကြတာကို လေ့လာချက်အရ တွေ့ရှိရတာကြောင့် ဒီကြေညာချက် ထွက်ပေါ်လာရတာလို့ဆိုပါတယ်။ အမေရိကန်သား လက်လုပ်လက်စားအတော်များများဟာ Fast Food ခေါ်တဲ့ အသင့်ချက်ပြုတ်ပြီး အစားအစာတွေကို နေ့စဉ်စားသုံးနေရတာကြောင့် ဆားလျှော့စားမယ့် အခြေအနေမျိုးကိုရောက်ဖို့ ခဲယဉ်းနေတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဗိုက်ခွဲမွေးတဲ့ ကလေးတွေနဲ့ သာမန်ရိုးရိုးမွေးတဲ့ကလေးတွေမှာ ဗိုက်ခွဲမွေးတဲ့ကလေးတွေဟာ သာမန်ကလေးတွေထက် အဝလွန်ဖို့ အခွင့်အလမ်းပိုများနေတယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကိုတော့ တရုတ်နိုင်ငံ ဝီကင်းတက္ကသိုလ် Health Science Centre က ဆေးပညာရှင်တွေက ပြုလုပ်ခဲ့ကြတာဖြစ်ပြီး ဒီအကြောင်းကို The International Journal of Obesity မှာ ဖော်ပြထားတာ ဖြစ်ပါတယ်။

> **အမေရိကန်သား လက်လုပ်လက်စား အတော်များများဟာ Fast Food ခေါ်တဲ့ အသင့်ချက်ပြုတ်ပြီး အစားအစာတွေကို နေ့စဉ်စားသုံးနေရတာကြောင့် ဆားလျှော့စားမယ့် အခြေအနေမျိုးကိုရောက်ဖို့ ခဲယဉ်းနေတယ်**

သူတို့ဟာ လူပေါင်းနှစ်သိန်းခန့်ကို ၂၀၀၈ ခုနှစ်ကပဲ လေ့လာထားခဲ့ကြတာဖြစ်ပါတယ်။ ၎င်းတို့ တွေ့ရှိချက်အရ ဗိုက်ခွဲမွေးတဲ့ကလေးတွေဟာ သာမန်ကလေးတွေထက် ၃၃ ရာခိုင်နှုန်း ပိုပြီးဝလာနိုင်တယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ Centre of Disease Control and Prevention အဖွဲ့ကြီးကလည်း ထောက်ခံလိုက်ပါတယ်။ အမေရိကန်မှာ ဗိုက်ခွဲမွေးသူတိုးပွားလာတာနဲ့အမျှ အသက်ခြောက်နှစ်မှ (၁၁) နှစ်အရွယ် ကလေးငါးယောက်မှာ တစ်ယောက်နှုန်း အဝလွန်နေတာဖြစ်တယ်လို့ ထောက်ပြထားပါတယ်။ ယခင်က လေ့လာချက်တွေမှာတော့ ဗိုက်ခွဲမွေးတဲ့ကလေးတွေဟာ သာမန်ကလေးတွေထက် ပန်းနာရင်ကျပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါ၊ ကိုယ်ခံအားနည်းတဲ့ရောဂါ၊ Allergy ရောဂါတို့ ပိုဖြစ်နိုင်တယ်ဆိုတာကိုလည်း တစ်ပါတည်းတင်ပြလိုက်ပါတယ်။

အခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဥရောပက အရက်ဖြတ်ဆေးတစ်ခု အကြောင်းပါ။ ဒီဆေးကို SELINCRO လို့ခေါ်ပြီး ဒီဆေးကို ထုတ်လုပ်ခဲ့တာကတော့ ဒိန်းမတ်နိုင်ငံက Lundbeck ဆေးကုမ္ပဏီ ဖြစ်ပါတယ်။ ဒီဆေးရဲ့ အာနိသင်က အရက်ဖြတ်သူတွေအတွက် အထူးအသုံးဝင်ပြီး ဦးနှောက်မှာရှိတဲ့ Opioid Recepter ကို Block ဖြစ်အောင်လုပ်ထားတဲ့ဆေးပါ။ ဒီဆေးဟာ ဘေးထွက်ဆိုးကျိုးမရှိဘဲ အရက်သောက်သူတွေကို အရက်မသောက်ချင်အောင်လုပ်ထားတဲ့ဆေးဖြစ်ပါတယ်။ ဒီဆေးကို ယခုအခါ EMA လို့ခေါ်တဲ့ European Medicine Agency က အတည်ပြုခဲ့ပြီဖြစ်ပြီး အမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးရဲ့ ခွင့်ပြုချက်ကိုလည်း ရနိုင်အောင် ကြိုးစားသွားမယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ သက်ကြီးယောက်ျားတွေမှာ ဖြစ်တတ်တဲ့ ဆီးကျိတ်ကင်ဆာရောဂါကုဆေးတစ်ခုအကြောင်းပါ။ ဒီဆေးနာမည်က Radium 223 Dichloride ဖြစ်ပြီး Alpharadim နာမည်နဲ့ လူသိများတဲ့ဆေးပါ။ ဒီဆေးကို ဂျာမနီနိုင်ငံက ဆေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Bayer ကုမ္ပဏီက ထုတ်ခဲ့တာပါ။ ဒီဆေးဟာ ဥရောပနိုင်ငံတွေနဲ့ ကနေဒါနိုင်ငံမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြတာဖြစ်ပြီး တစ်နှစ်မှာ ယူရိုငွေ တစ်ဘီလီယံဖိုးခန့် ရောင်းချနေရတဲ့ ဆေးဝါ။ ဒီဆေးဟာ ဆီးကျိတ်ကင်ဆာကို ကုသရာမှာ ဆီးကျိတ်ကင်ဆာကနေ အရိုးထဲကို ကင်ဆာဆဲလ်တွေကို မပျံ့နှံ့အောင် ထိရောက်စွာ ကာကွယ်နိုင်တဲ့ဆေး ဖြစ်ပါတယ်။ နဂိုက ဒီလိုကာကွယ်ဖို့အတွက် Radiothery နည်းကိုပဲ အသုံးပြုခဲ့ကြတာ ဖြစ်ပါတယ်။ ဒီဆေးဟာ အာနိသင်အရ ဒီဆေးမှာပါတဲ့ Calcium လို အာနိသင်ရှိတဲ့ ဓာတ်ဟာ ကင်ဆာဆဲလ်ကူးနေတဲ့ အရိုးက ဆဲလ်တွေနဲ့ပေါင်းပြီး Alpha Rays တွေဖြစ်ပေါ်ကာ ကင်ဆာဆဲလ်ကိုတိုက်ဖျက်နိုင်တဲ့အတွက် ဆီးကျိတ်ကင်ဆာကုသရာမှာ ဆီးကျိတ်ကနေပြီး တခြားကိုယ်ခန္ဓာရဲ့ အရိုးတွေ မပျံ့နှံ့အောင်တားဆီးဖို့အထူးအသုံးဝင်နေတာ ဖြစ်ပါတယ်။ ဒီဆေးကို တွင်ကျယ်စွာ အသုံးပြုနိုင်ဖို့ အမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးထံမှာ ခွင့်ပြုချက်တောင်းခံထားတာကို တင်ပြလိုက်ရပါတယ်။

ဆေးပညာတိုးတက်လာဖို့ ဗြိတိန်နိုင်ငံရဲ့ အားထုတ်နေမှု သတင်းတစ်ပုဒ်ကိုလည်း တင်ပြချင်ပါတယ်။ ဗြိတိန်နိုင်ငံ ကင်ဆာနဲ့ အခြားရှားပါးရောဂါဝေဒနာရှင် တစ်သိန်းကျော်ရဲ့ မျိုးရိုးဗီဇမှတ်တမ်း (Gentic Codes) နဲ့ DNA Database ကို မှတ်တမ်းရယူထားနိုင်ပြီလို့ ကြေညာလိုက်ပါတယ်။ ဒါကိုတော့ လန်ဒန်မြို့မှာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၆ ရက်က ပြုလုပ်ခဲ့တဲ့ Electric City Conference မှာ ဗြိတိန် ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ပြောကြားလိုက်တာပါ။ သူတို့အစိုးရဟာ ဒီကျန်းမာရေးဆိုင်ရာ လုပ်ငန်းကြီးလာမယ့် သုံးနှစ်မှ ငါးနှစ်အတွင်း တစ်ကမ္ဘာလုံးမှာရှေ့ပြေးဦးဆောင်ပြုလုပ်ဖို့ National Health Service -NHS အဖွဲ့ကြီးကို ပေါင်သန်း ၀၀၀ ခွင့်ပြုလိုက်ပြီလို့ ဆိုပါတယ်။ ဗြိတိန်နိုင်ငံဟာ ဆေးသိပ္ပံပညာမှာ ရှေ့တန်းက ဆောင်ရွက်တဲ့နိုင်ငံအဖြစ် အမြဲတမ်းရှိနေဖို့နှင့် ဒီ DNA Database ရယူနိုင်မှုဟာ ဆေးပညာလောကမှာ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးဝါးအသစ်ထုတ်လုပ်မှုအတွက် အထူးအရေးပါတဲ့ လုပ်ရပ်ဖြစ်တယ်ဆိုတာ ထောက်ပြခဲ့ပါတယ်။ ယခင်အခါကလည်း ရောဂါရှာဖွေရာမှာ အရေးပါတဲ့ Computarised Tomography (CT)နဲ့ ဖန်ပြွန်သန္ဓေ မွေးဖွားခြင်းတွေမှာ ဗြိတိန်နိုင်ငံဟာ ဦးဆောင်ပြုလုပ်ခဲ့ပြီး ယခု DNA မှတ်တမ်းရယူနိုင်မှုဟာလည်း ဆေးပညာတိုးတက်မှုအတွက် အရေးပါတဲ့လုပ်ငန်းကြီးတစ်ခုဖြစ်တယ်ဆိုတာသတင်းကောင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကလေးတွေရဲ့ကာကွယ်ဆေးတွေထဲမှာ ဆေးအာနိသင် ကြာကြာခံအောင် Preservative အနေနဲ့ ထည့်သုံးရတဲ့ Thimerosol ဆိုတဲ့ ဓာတုပစ္စည်းတစ်ခုအကြောင်းပါ။ Thimerosol ဟာ Mercury အမျိုးအစားတစ်ခုဖြစ်ပြီး အန္တရာယ်မရှိတဲ့ Ethyl Mercury ဖြစ်ပြီး ၎င်းနှင့်ညီအစ်ကိုလိုဖြစ်နေတဲ့ Methyl Mercury ကသာ ကိုယ်ခန္ဓာကို အန္တရာယ်ဖြစ်စေနိုင်တာဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က Mercury တွေဟာ လူသားတွေအတွက် အန္တရာယ်ဖြစ်စေတဲ့ Chemical အဖြစ် သတ်မှတ်ခဲ့တာမို့ WHO ခေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ဒီ Vaccine တွေကို ဒီ Mercury အမျိုးအစားတစ်ခုပါတဲ့ပစ္စည်းနဲ့ ထုတ်လုပ်ခဲ့ကြတာကို ဘဝင်မကျရှိခဲ့ကြပါတယ်။ ဒါပေမယ့် အခုတော့ AAP ခေါ်တဲ့ American Academy of Paediatrians အဖွဲ့ကြီးက လေ့လာပြီး ကြေညာချက်တစ်စောင်ထုတ်ခဲ့ရာမှာ ဒီဆေးဟာ ကလေးတွေကို အန္တရာယ်မပြုနိုင်ဘူးလို့ ဆိုပါတယ်။ အရင်က ဒီဆေးထိုးလိုက်တဲ့ ကလေးတွေမှာ ဦးနှောက်အာရုံကြောချို့ယွင်းခဲ့ကြတယ်လို့ ယူဆခဲ့ကြတာဟာ အထောက်အထားခိုင်လုံမှုမရှိဘူးလို့ ဆိုလိုက်ပါတယ်။ ဒီအဆိုကို လွတ်လပ်တဲ့အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ US Institute of Medicine အဖွဲ့ကြီးကလည်း ထောက်ခံလိုက်ပါတယ်။ ၎င်းတို့အဆိုအရ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကာကွယ်ဆေးတွေကို တစ်ကြိမ်တစ်ခါတည်း သုံးတာမဟုတ်ဘဲ Multidose အနေနဲ့ သုံးရတဲ့အခါ ဒီ Thimerosol ဓာတ်ဟာ ဆေးအာနိသင်မပျက်အောင် မရှိမဖြစ် သုံးရတဲ့ဓာတ်တစ်ခုဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

အခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အဝလွန်တဲ့အမျိုးသမီးငယ်တွေဟာ သာမန်အမျိုးသမီးတွေထက် M.S (Multiple Sclerosis) ခေါ်တဲ့ အာရုံကြောအပေါ်ယံလွှာ ချို့ယွင်းတဲ့ရောဂါ လေးဆခန့်ပိုရနိုင်တယ်ဆိုတဲ့သတင်းပါ။ ဒီတွေ့ရှိချက်ကိုတော့ Southern California က Dr. Annethe Langer-Gould နဲ့ သူ့အဖော်ဆရာဝန်တစ်စုက လေ့လာတွေ့ရှိခဲ့ကြတာဖြစ်ပါတယ်။ သူတို့ဟာ M.S ရောဂါရှင်နှင့် ဒီရောဂါမျိုးဖြစ်နိုင်ခြေရှိသူ Clinically Isolated Syndrone(CIS) ရှိသူ ၇၅ ဦးနှင့်အတူ လူငယ်ပေါင်း ကိုးသိန်းကျော်ခန့်ကို လေ့လာခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့တွေ့ရှိချက်အရ အဝလွန်သူ လူငယ်တွေမှာ ထက်ဝက်ခန့်ဟာ M.S သို့မဟုတ် CIS ရောဂါဖြစ်နိုင်ခြေရှိနေပြီး သာမန်ကိုယ်အလေးချိန်ရှိသူတွေမှာတော့ ၃၇ ရာခိုင်နှုန်းလောက်သာ ရောဂါဖြစ်နိုင်ခြေရှိတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီအထဲမှာလည်း အဝလွန်သူအမျိုးသမီးတွေမှာပိုဖြစ်ပြီး အမျိုးသားတွေမှာ အဖြစ်နည်းနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ M.S ခေါ် Multiple Sclerosis ရောဂါဟာ ဦးနှောက်မှာရှိတဲ့ အာရုံကြောတွေကို အုပ်ထားတဲ့ အပေါ်ယံအလွှာပျက်စီးပြီး တစ်ခါတစ်ခါ မျက်စိကွယ်စေခြင်းကိုပါ ဖြစ်တတ်တဲ့ရောဂါဖြစ်ကြောင်း တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

ပြည်တွင်းရေးရာ

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု မှတ်ပုံတင်လက်မှတ်များထုတ်ပေး

နေပြည်တော် မေ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ထွိုင်သည် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများ၊ IFAD (International Fund For Agriculture Development)မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Hoomae Kim နှင့် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်ဇမ္ဗူသီရိမြို့နယ် အလျှင်လိုကျေးရွာ၌ မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ထုတ်ပေးနေမှုကို ယနေ့ နံနက် ၈ နာရီတွင် သွားရောက်ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက လယ်ယာမြေ ဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသည့် တောင်သူလယ်သမားများအနေဖြင့် ဥပဒေနှင့်အညီ အခွင့်အရေးများကို သားစဉ်မြေးဆက် အဆက်ဆက်တိုင်အောင် အပြည့်အဝခိုင်မာစွာ ရရှိနိုင်ကြပြီဖြစ်ပါကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်ရရှိမည်ဖြစ်ကြောင်း၊

ထို့ပြင် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စွာ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက် မိမိ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသောဘဏ်တွင် ပေါင်နှံခွင့်ရှိမည်ဖြစ်ကြောင်း၊

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ မြို့နယ်လုံးကျွတ်လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်ခြင်းမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပထမဦးဆုံး မြို့နယ်လုံးကျွတ် ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းဖြစ်သဖြင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ တာဝန်ရှိသူများအားလုံးကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် ကျန်ရှိနေသည့် မြို့နယ်များကိုလည်း သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က နေပြည်တော် ရှစ်မြို့နယ်အနက် ဇမ္ဗူသီရိမြို့နယ်အနေဖြင့် ပထမဦးဆုံး မြို့နယ်လုံးကျွတ် တောင်သူလယ်သမားများသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုမှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် နေပြည်တော်ကောင်စီနယ်မြေတစ်ခုလုံးအနေဖြင့် ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း အားလုံးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် IFAD မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Hoomae Kim နှင့် နိုင်ငံတော်သမ္မတ၏ အမျိုးသားလူမှုရေးနှင့်စီးပွားရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးတို့က လယ်ယာကဏ္ဍဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး(အပေါ်ပုံ)၊ နေပြည်တော်ကောင်စီဝင်၊ IFAD မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇)ကို တောင်သူတစ်ဦးချင်းစီထံ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၁၅ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် ပြန်/ဆက် မြို့နယ်ဦးစီးမှူး ဒေါ်အမာရီနှင့် ဝန်ထမ်းများ ပန်းဆိုးတန်း-ဒလသင်္ဘောဆိပ်၌ မဟာစင်မုန်တိုင်းနှင့် ပတ်သက်၍ ပြည်သူများအား သိရှိစေရန်နှင့် ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။

အောင်မြင့်(ပြန်/ဆက်)

မောင်တောမြို့၌ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

မောင်တော မေ ၁၅

မောင်တောမြို့နယ်၌ မေ ၁၆ ရက် ညနေပိုင်းတွင် ဝင်ရောက်တိုက်ခိုက်လာမည့် မဟာစင်မုန်တိုင်း အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ တပ်ရင်းတပ်ဖွဲ့များမှတာဝန်ရှိ အကြီးအကဲများနှင့် ပြောင်းရွှေ့နေရာချထားရေးအဖွဲ့များသည် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သော ကျေးရွာများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိသည်။ ပြောင်းရွှေ့နေရာချထားရေးအဖွဲ့များသည် မေ ၁၅ ရက် နောက်ဆုံးထား၍ အန္တရာယ်ရှိနိုင်သော နေရာများမှ ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ဆောင်ရွက်လျက်ရှိသည်။ မြို့မတောင်ရပ်ကွက်ရှိ ဘင်္ဂါလီ အိမ်ထောင်စု ၅၆ စု၊ ကျား ၁၅၈ ဦး၊ မ ၁၉၂ ဦး လူဦးရေစုစုပေါင်း ၃၅၀ အား မောင်တောမြို့ မြို့မတောင်ရပ်ကွက် အလက(၁)ကျောင်းသို့ ရွှေ့ပြောင်းနေရာချထားလျက်ရှိကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ပြန်လည်ဝင်ရောက်လာသော ဒေသခံများအား ကူညီစောင့်ရှောက်

နေပြည်တော် မေ ၁၅

မေ ၉ ရက်တွင် နောင်မတာကျေးရွာအနီးတစ်ဝိုက်တွင် တပ်မတော်စစ်ကြောင်းနှင့် အက်စ်အက်စ်အေ (ရှက်ဆစ်) အဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့မှုကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည့် ဒေသခံ အိမ်ထောင်စုများအနက် နောင်မတာကျေးရွာမှ အိမ်ထောင်စု ခြောက်စု၊ မန်ကွန်ကျေးရွာမှ အိမ်ထောင်စု ၂၂ စု၊ နောင်ခမ်းကျေးရွာမှ အိမ်ထောင်စု ငါးစုတို့သည် နယ်မြေဒေသတည်ငြိမ်အေးချမ်းနေပြီဖြစ်သဖြင့် မေ ၁၃ ရက်တွင် သက်ဆိုင်ရာ ကျေးရွာအသီးသီးသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။

အဆိုပါ ဒေသခံများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား တပ်မတော်မှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက တွေ့ဆုံ၍ ကျေးရွာများအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကျေးရွာများအတွင်း ပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းနှင့် နယ်မြေလုံခြုံရေးများ ဆောင်ရွက်ပေးခြင်းတို့ကြောင့် တစ်ဖက်နိုင်ငံတွင် ကျန်ရှိနေသေးသော ဒေသခံများသည်လည်း အမြန်ဆုံးပြန်လည်ဝင်ရောက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Think-Eatsave"ဖြစ်ပြီး အဆိုပါ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကို "တွေးဆဆင်ခြင်သုံးစွဲလို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့/ပတ်ဝန်းကျင်ထိန်းသိမ်းဖို့ စားနပ်ရိက္ခာချွေတာ စားသုံးရို့ စဉ်းစားဆင်ခြင်စားသုံးကာ ပတ်ဝန်းကျင်ကို ကူညီပါ" ခေါင်းစဉ်များဖြင့် ကျင်းပမည်ဖြစ်ပါသည်။

ယခုနှစ်ဆောင်ပုဒ်သည်စားနပ်ရိက္ခာ (အစားအသောက်)များ အလဟဿနှင့် လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် တားဆီးကာကွယ်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အဆိုအရ နှစ်စဉ်စားနပ်ရိက္ခာ တန်ချိန်ပေါင်း တစ် ဒသမ သုံးဘီလီယံသည် စွန့်ပစ်ပစ္စည်းအဖြစ် အလဟဿဖြစ်နေရချိန်တွင် ကမ္ဘာ့လူဦးရေ ခုနစ်ဦးလျှင် တစ်ဦးသည် အငတ်ဘေးနှင့် ကြုံတွေ့နေရပြီး အသက် (၅)နှစ်အောက် ကလေးသူငယ် နှစ်သောင်းကျော်သည် ငတ်မွတ်မှုကြောင့် နေ့စဉ် သေဆုံးနေကြရပါသည်။ ကမ္ဘာ့လူသားများ၏ နေ့စဉ် ဘဝမညီမျှမှုများနှင့် ပတ်ဝန်းကျင်ပျက်ယွင်းစေမည့် အကျိုးဆက်များ၊ အစားအစာရွေးချယ်မှုများ၏ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများကို ပိုမိုသိရှိကြစေရန်နှင့် စားနပ်ရိက္ခာ (အစားအသောက်)များ စားသုံးခြင်းမပြုမီ မိမိစားသောက်လိုသည့် အစားအစာကို စဉ်းစားပြီးမှ စားသုံးရန်၊ အလေအလွင့်မရှိစေရေးအတွက် လိုအပ်သလောက်သာ စားသုံးခြင်းဖြင့် ချွေတာရန် အသိပေးနှိုးဆော်ထားခြင်းဖြစ်ပါသည်။

သို့ပါ၍ ယခုနှစ်ဆောင်ပုဒ်၏ ရည်ရွယ်ချက်များနှင့် အသိပေးနှိုးဆော်ချက်များကို ပြည်သူအများ သိရှိလိုက်နာဆောင်ရွက်နိုင်ကြစေရန် စားနပ်ရိက္ခာဖူလုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆက်စပ်မှုများနှင့် လိုအပ်ချက်များ၊ ယင်းတို့နှင့်စပ်လျဉ်း၍ မိမိတို့သီးခြားရေးသားတင်ပြလိုသည့် အချက်အလက်များ၊ သာဓကများပါဝင်သော ဆောင်းပါးနှင့် စာစီစာကုံးများကို ဖော်ပြပါသုံးခုအနက် ကြိုက်နှစ်သက်ရာတစ်ခုဖြင့် ရေးသားပေးပို့ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ လည်းကောင်း၊ စာစီစာကုံးများကို A4 ဆိုဒ် စာမျက်နှာ အနည်းဆုံး ငါးမျက်နှာမှ အများဆုံး ခုနစ်မျက်နှာအထိ လည်းကောင်း၊ ကွန်ပျူတာစာလုံး Win-Innwa သို့မဟုတ် Myamnar Unicode (Myanmar 2 or Myanmar 3)၊ စာလုံးအရွယ်အစား ၁၈ (Font Size 18)၊ စာကြောင်း အကွာအဝေး ၁.၅ (Line Spacing 1.5) ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ ရန်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်စာမူများ ပေးပို့ရာတွင် စာမူ (Hard copy) တစ်စုံနှင့် CD ဖြင့် (Soft copy) တစ်စုံ၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံတို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်-၅၃၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၃၀၃၂၅၊၀၆၇-၄၃၁၃၂၂၊၀၆၇-၄၃၀၃၁၈၊ အီးမေးလ်-env.myan@ mptmail.net.mm) သို့ ၂၀၁၃ ခုနှစ်မေလ ၂၇ ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။

ဆုရရှိသူများကို နေပြည်တော်၌ ကျင်းပမည့် ၂၀၁၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

ပြည်တွင်းရေးရာ

❂ မဟာစင်ဆိုင်ကလုန်းမှ

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းအန္တရာယ်လွတ်ကင်းရာသို့ နေရာချထားရွှေ့ပြောင်းထားမှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က မဟာစင်မုန်တိုင်းနှင့် စပ်လျဉ်း၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်မှု အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောင်းရွှေ့နေရာချထားမှုများကို ဥပဒေနှင့်အညီ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ သံအမတ်ကြီးဟောင်း ဦးမောင်မောင်စိုးတင့်က နိုင်ငံတကာအဖွဲ့အစည်းများ နားလည်မှုရှိစွာဖြင့် ဝင်ရောက်ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် မီဒီယာများမှ သတင်းထောက်များ၊ အယ်ဒီတာများက သိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြီးခဲ့သည့်နာဂစ်အတွေ့အကြုံကို သင်ခန်းစာယူပြီး အရေးတယူအလေးထားပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို ဖြည့်စွက်ပြောကြားကာ သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

ရွှေ့ပြောင်းထားရှိမှုများကို ကြည့်ရှုအားပေးခဲ့ပါတယ်။ ဒါ့အပြင် ဒုတိယသမ္မတနဲ့ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့ ပါဝင်တဲ့အဖွဲ့ဟာ စစ်တွေကမ်းခြေတစ်ပိုက် မြေနိမ့်ပိုင်းမှာရှိတဲ့ ဒုက္ခသည်စခန်းက အဖွဲ့တွေကိုလည်း မီးသတ်၊ ကြက်ခြေနီ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနဲ့ ပူးပေါင်းပြီး မြေမြင့်ပိုင်း ဘေးလွတ်ကင်းရာနေရာကို ရွှေ့ပြောင်းပေးနေတာကို ကြည့်ရှုအားပေးခဲ့ပါတယ်။

အဲဒီကနေ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမမှာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်တဲ့ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံပြီး မုန်တိုင်းကို ရင်ဆိုင်တုံ့ပြန်နိုင်ရေး စီမံဆောင်ရွက်ထားမှုအပေါ် လိုအပ်တာတွေ ဖြည့်ဆည်းလမ်းညွှန်ပေးခဲ့ပါတယ်။ နောက် အမ်းကိုပြန်လာခဲ့ပြီး မုန်တိုင်းကို အောင်မြင်အောင် ရင်ဆိုင်တုံ့ပြန်နိုင်ရေးအတွက် အခြေပြုကွပ်ကဲနေခြင်းဖြစ်ပါတယ်။

မေး။ ရွှေ့ပြောင်းပေးတဲ့ ပြည်သူလူထုကော ဘယ်လောက်ရှိပါသလဲခင်ဗျာ။ သူတို့အတွက် စားသောက်ရေးကကော စီစဉ်ထားပြီးဖြစ်ပါသလား။ အခြားပြင်ဆင်ဆောင်ရွက်ထားမှုကကော ဘယ်လိုများရှိပါသလဲ။

ဖြေ။ စစ်တွေမှာ ဝင်လယ်ကမ်းခြေနဲ့နီးတဲ့နေရာတွေမှာ နေထိုင်နေကြတဲ့ အိမ်ထောင်စု ၂၀၆ စု၊ လူဦးရေ ၆၅၀ တို့ကို မေ ၁၂ ရက်က ဘေးလွတ်ရာနေရာဖြစ်တဲ့ အာဂျိတ်တော်ဘုရားကုန်းနဲ့ ဘုန်းကြီးကျောင်းဇရပ်တွေကို ရွှေ့ပြောင်းနေရာချထားပေးခဲ့ပါတယ်။ နေရာချထားတယ်ဆိုကတည်းက သူတို့အတွက် စားရေး၊ သောက်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးကအစ တာဝန်ယူဆောင်ရွက်ပေးထားတာဖြစ်ပါတယ်။ မေ ၁၃ ရက်က အိမ်ထောင်စု ၁၅ စုကို အုန်းတောရှည်စခန်းမှာရှိတဲ့ လူနေဆောင်တန်းလျားတွေကို ပို့ပေးခဲ့ပါတယ်။ ဒီနေ့ဆိုရင် သက်ကယ်ပြင်အထက်တန်းကျောင်းကို သက်ကြီးရွယ်အိုတွေ၊ ကလေးသူငယ်တွေ၊ မသန်စွမ်းသူတွေကို ရွှေ့ပြောင်းပေးပါတယ်။ အဲဒီကျောင်းဆိုရင် အင်အား ၁၅၀၀ လောက် ခိုလှုံနိုင်တဲ့နေရာ ဖြစ်ပါတယ်။ မုန်တိုင်းတစ်ခုဟာ နေရာတစ်ခုကို ဖြတ်သန်းရင် တစ်နာရီလောက်ပဲ အချိန်ကြာတတ်တဲ့အတွက် အဲဒီအချိန်ကာလကိုပဲ ကျွန်တော်တို့အားလုံး ကြံ့ကြံ့ခံဖို့ပဲလိုပါတယ်။ အဲဒီအချိန်လွန်မြောက်သွားတာနဲ့ ရှာဖွေကယ်ဆယ်ရေးကူညီထောက်ပံ့ရေးလုပ်ငန်းတွေ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ မုန်တိုင်းဒဏ်ကြောင့် အပျက်အစီးတွေကိုဖယ်ရှားဖို့ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တွေ၊ ကြက်ခြေနီတွေနဲ့ လူမှုရေးအသင်းအဖွဲ့တွေကို အသင့်စုဖွဲ့ထားပြီးဖြစ်ပါတယ်။

ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ရှင်းလင်းပြောကြားစဉ်။

မေး။ မုန်တိုင်းအတွက် ကယ်ဆယ်ရေးပစ္စည်းတွေ၊ အခြားလိုအပ်တဲ့ပစ္စည်းတွေ သိုလှောင်ထားတဲ့ အခြေအနေကိုလည်း သိခွင့်ရှိရင် သိလိုပါတယ်။

ဖြေ။ မဟာစင်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ဘေးဒုက္ခခံစားရမယ့် လူထုအတွက် ဝန်ကြီးဌာနအသီးသီးကလည်း ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့လည်း သဘာဝဘေးဒဏ်ခံရသူတွေအတွက် လက်ရှိစစ်တွေသိုလှောင်ရုံမှာ အိမ်ထောင်စု ၄၀၀၀ အတွက် ကယ်ဆယ်ရေးပစ္စည်း ရှစ်မျိုးသိုလှောင်ထားပြီးဖြစ်ပါတယ်။

ကျောက်ဖြူမြို့မှာလည်း အိမ်ထောင်စု ၁၀၀၀ စာ သိုလှောင်ပြီး ဖြစ်ပါတယ်။ ရန်ကုန်နဲ့ မန္တလေးမြို့မှာရှိတဲ့ ဗဟိုသိုလှောင်ရုံတွေမှာလည်း အိမ်ထောင်စု ၁၅၀၀၀ စာ စုပုံထားပြီး ဖြစ်ပါတယ်။ လိုအပ်ရင် လိုအပ်သလို တပ်မတော်ကုန်တင်လေယာဉ်တွေနဲ့ ဘေးဒဏ်သင့်ပြည်သူတွေဆီကို အမြန်ဆုံးရောက်ရှိအောင် စီမံဆောင်ရွက်ထားပါတယ်။ အဲဒီအပြင် စစ်တွေမြို့မှာ မိုးကာတဲ ၂၃၈ လုံး၊ ကျောက်ဖြူမှာ ၂၄၃ လုံး၊ မောင်တောမှာ ၆၁ လုံးကို အရန်သိုလှောင်ထားပါတယ်။ အထောက်အကူပစ္စည်းများဖြစ်တဲ့ အိမ်မိုးသွပ်၊ မီးစက်၊ စောင်၊ အပျက်အစီးရှင်းလင်းရန် ပေါက်ပြား၊ ဝေါ်ပြား၊ လက်ထိုးလွှ၊ ချိန်းဆော ၂၄ လက်၊ မိုးကာစ စတာတွေကို သိုလှောင်ထားရှိပြီး ဖြစ်ပါတယ်။ ယာယီဆေးရုံ ဆေးပေးခန်းတွေမှာ အသုံးပြုဖို့ လူ ၃၀ ဆံ့ မိုးကာတဲ ၈၈ လုံးကိုလည်း အသင့်ပြင်ဆင်ထားရှိပြီး ဖြစ်ပါတယ်။ စားရေးသောက်ရေးအတွက်လည်း ဆန်အိတ် ၁၀၀၀၀၊ ဆီ၊ ကုလားပဲ၊ ဘီစကွတ်တွေကိုလည်း သိုလှောင်ထားပြီး ဖြစ်ပါတယ်။ လူမှု/ ကယ်ဆယ်ဝန်ကြီးဌာနမှာလည်း ဆန်တစ်တင်းချက်အိုးကြီးများကိုလည်း ပို့ထားပါတယ်။ ဒီအိုးကြီးများကို လူ ၁၀၀ ကျော်ကို ၁ နာရီအတွင်း တစ်ကြိမ်တည်းချက်ပြီး ကျွေးနိုင်လို့ အဆင်ပြေပါတယ်။ ။

○ ကျောဖုံးမှ

“အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟို…
တာဝန်ပေးအပ်ခဲ့ပြီး အမျိုးသားသဘာဝဘေးကာကွ…
စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ကိုလည်း ဖွဲ့စည်းတာဝန်…
ယမန်နေ့က စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများ…
နေထိုင်လျက်ရှိသော ဒုက္ခသည်စခန်းများအား လ…
ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆ…
လူမှုရေးအဖွဲ့အစည်းများနှင့် စစ်တွေမြို့တွင် ရောက်ရှိ…
အပါအဝင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ…
တွေ့ဆုံခဲ့ပါကြောင်း၊ ထိုသို့ တွေ့ဆုံရာတွင် လက်…
နေထိုင်လျက်ရှိသည့် ဒုက္ခသည်များအနေဖြင့် လေဖြင့်…
နှင့်ပင် ထိခိုက်ပျက်စီးနိုင်၍ လုံခြုံစိတ်ချရသည့် အစိုး…
များ၊ ဂိုဒေါင်များ၊ အလုပ်ရုံများသို့ ပြောင်းရွှေ့နေထိုင်…
ပါကြောင်း၊ ၎င်းနေရာများတွင် စားသောက်ရေးမှအစ…
ရှောက်မှုအဆုံး အားလုံးပြည့်စုံအောင် စီမံဆောင်ရွက်…
ယင်းနေရာများသို့လည်း ဒုက္ခသည်စခန်းမှ ကိုယ်…
UNHCR မှ တာဝန်ရှိသူများ လိုက်ပါပြီး သွားရောက်…
ဆောင်ရွက်ထားရှိမှုများအပေါ် ကျေနပ်လက်ခံကြသည်…
ယာယီတဲများတွင်နေထိုင်ကြသူများအား အစိုးရမှ စီစဉ်…
များသို့ အမြန်ပြောင်းရွှေ့ကြရန်နှင့် သက်ကြီးရွယ်အိုများ…
နှင့် ကျန်းမာရေးချို့တဲ့သူများကို မဖြစ်မနေ ဦးစားပေး…
ရန်နှင့် တာဝန်ရှိသူများကလည်း ပူးပေါင်းပါဝင်ကူ…
မှာကြားခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက နိုင်ငံတော်အစ…
အန္တရာယ်ကျရောက်မှုများတွင် လူမျိုးဘာသာ မခွဲခြား…
ထောက်ထားမှုအပြည့်ဖြင့် စောင့်ရှောက်နေခြင်း ဖြ…
ကြောက်ရွံ့စိတ်များမထားဘဲ ယုံကြည်စိတ်ချစွာ …
လိုက်နာဆောင်ရွက်ကြရန် လိုပါကြောင်း၊ အရေးကြီးဆ…
ဒဏ်ကြောင့် လူ့အသက်များ ဖိတ်စဉ်ဆုံးရှုံးမှု မရှိစေရ…
ယခုအချိန်တွင် ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်…
မုန်တိုင်း ‘မဟာစင်’ သည် မကြာမီကာလအတွင်း…

❖ နယ်စပ်ကော့သောင်းမှ

ကြည်နူးစဖွယ်မြင်တွေ့ရမည့် မြန်မာနိုင်ငံ၏ သူရဲ…
မင်းတရားကြီး ရုပ်တုကုန်းမြေ၊ နိုင်ငံ၏ တောင်ဘ…
သမိုင်းဝင် ဘုရင့်နောင်အငူ (ယခင် ဝိတိုရိယအငူ) ပင်…
ကျက်စားသည့် ရှားပါး လူမျိုးနွယ်စုဖြစ်သည့် မော်က…
ဆလုံလူမျိုးများကြောင့် နိုင်ငံခြားခရီးသွားများ စိတ်ဝင်…
တစ်မြို့ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။



❋ မုန်တိုင်းမဟာစင်မှ

မုန်တိုင်းကြောင့် မြင့်တက်နိုင်သော ရေလှိုင်းအမြင့်မှာ မောင်တောမြို့နယ် ကမ်းခြေတွင် ၈ ပေမှ ၁၀ ပေခန့်၊ စစ်တွေခရိုင် ကမ်းခြေတွင် ၆ ပေမှ ၈ ပေခန့်နှင့် ကျောက်ဖြူခရိုင် ကမ်းခြေတွင် ၄ ပေမှ ၆ ပေခန့် မြင့်တက်နိုင်သည်။

ထို့အပြင် မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းနိုင်ပါသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးရွာသွန်းမှုကြောင့် မြေပြိုခြင်း၊ တောင်ကျရေများကြောင့် လျှပ်တစ်ပြက် ရေကြီးခြင်းအန္တရာယ်များကို သတိပြုရှောင်ရှားသင့်ပါသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၆၀မှ မိုင် ၇၀ အထိ တိုက်ခတ်နိုင်သည်အတွက် ပင်လယ်ပြင်မှ ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ မုန်တိုင်းအန္တရာယ်ကို ကြိုတင်ရှောင်ရှားကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

(သတင်းစဉ်)

မြန်မာ-ဖိလစ်ပိုင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် မေ ၁၅

မြန်မာ-ဖိလစ်ပိုင်စီးပွားရေးတိုးမြှင့်ဆောင်ရွက်ရေးကိစ္စ၊ မြန်မာနိုင်ငံ၌ ငှက်ပျော၊ နာနတ်စိုက်ပျိုးရေးအတွက် ဖိလစ်ပိုင်မှ လိုအပ်သည့်နည်းပညာများ ပံ့ပိုးပေးနိုင်သည့်ကိစ္စ၊ မြန်မာနိုင်ငံ၌ ငှက်ပျော၊ နာနတ်စိုက်ပျိုးရန်မြေနေရာ ရွေးချယ်နေသည့်ကိစ္စ၊ စိုက်ပျိုးရေးလုပ်ငန်းများဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်ကိစ္စ၊ မြန်မာထွက်ကုန်များကို ဥရောပနိုင်ငံ များသို့ တင်ပို့လိုသည့် ကိစ္စ၊ ၂၀၁၅ AEC ဖြစ်ပေါ်လာပါက အာဆီယံဒေသတွင်းနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်၍ အောင်မြင်မှုများကို အတူတကွခံစားနိုင်မည့်ကိစ္စ၊ ဖိလစ်ပိုင်ကုန်သည်/စက်မှုအသင်းနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးရန်ကိစ္စ၊ နှစ်နိုင်ငံပူးပေါင်း၍ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းများဖွင့်လှစ်ရေး၊ လုပ်ငန်းခွင်ဆိုင်ရာလေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စ၊ ဆန်စပါးထုတ်လုပ်တင်ပို့ရေးနှင့် စပ်လျဉ်း၍ ဖိလစ်ပိုင်အတွေ့အကြုံများ ရရှိရေးကိစ္စ၊ ဖိလစ်ပိုင်ကိုယ်စားလှယ်အဖွဲ့များ လာမည့်ကိစ္စတို့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့နှင့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး H.E.Mr. Alex G. Chua တို့သည် မေ ၁၃ ရက် မွန်းလွဲပိုင်းတွင် အသင်းချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ခရီးသည်တင် မှန်လုံအမြန်ယာဉ် အရှိန်လွန်တိမ်းမှောက် ၁၅ ဦးဒဏ်ရာရ

ဖြူး မေ ၁၅

ရန်ကုန်မြို့မှ တောင်ငူမြို့သို့ ခရီးသည် ၃၀ ခန့်တင်၍ထွက်ခွာလာသော ယာဉ်အမှတ် ၂၀/--- ခရီးသည်တင် Express အမြန်ယာဉ်တစ်စီးသည် မေ ၁၄ ရက် ညနေ ၄ နာရီခွဲတွင် အမြန်လမ်းမိုင်တိုင်အမှတ်(၁၀၄/၄)အရောက်တွင် အရှိန်လွန်ပြီး လမ်းလယ်ကျွန်းပေါ်သို့ ထိုးတက်ပြီး ပက်လက်လန်အနေထားဖြင့် တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။ (အပေါ်ယာပုံ)

ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် ၁၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ဖြူးမြို့နယ်ဆေးရုံသို့ အတွင်းလူနာ

မုန်တိုင်း အန္တရာယ် ကြိုတင် ပြင်ဆင်ပါ

ယာဉ်မောင်းလိုင်စင်မရှိဘဲ ယာဉ်မောင်းနှင်နေမှုများရှိလာ

ရန်ကုန် မေ ၁၅

ယာဉ်မောင်းလိုင်စင်မရှိဘဲ ယာဉ်မောင်းနှင်မှုများရှိလာခြင်းကြောင့် မလိုလားအပ်သော ယာဉ်မတော်တဆဖြစ်စဉ်များအတွက် စိုးရိမ်ဖွယ်ရာဖြစ်လာကြောင်း သိရသည်။

ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်မှုကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်တွင် မေ ၁၀ ရက်ညပိုင်းက သိလိုက်ရသောဖြစ်စဉ်တစ်ခုရှိပြီး စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းအနီး စမ်းချောင်းလမ်းနှင့် ပဒုမ္မာလမ်းထောင့်တွင် မေ ၁၀ ရက် ည ၉ နာရီခွဲခန့်က တက္ကစီယာဉ်နှင့် အိမ်စီးဗိမ်ခံယာဉ်တစ်စီးတို့ ပွတ်တိုက်မိရာမှ တက္ကစီမောင်းနှင်သူက တိုင်ကြားရန် အိမ်စီးယာဉ်မောင်းသူကို ယာဉ်မောင်းလိုင်စင်တောင်းရာ လိုင်စင်မရှိဘဲ
မောင်းနှင်ကြေ…
သောလမ်းအ…
တစ်ဖွတ်ထိုး…
ခြင်းတို့အတွ…
ပတ်ဝန်းကျင်…
ပြီးစီးကာ ပွတ်…
ဘက်သို့ မော…
စမ်းချောင်းလ…
သိရသည်။

ယာဉ်မ…
လျက်ရှိပြီး ယာ…
ယာဉ်တိုက်ခြ…

စ စတာတွေကို
ဆေးရုံ၊ ဆေးပေး
တဲ ၈၈ လုံးကို
တယ်။ စားရေး
၁၀၀၀၀၊ ဆီ၊
လှောင်ထားပြီး
ဌာနမှာလည်း
ပို့ထားပါတယ်။
နာရီအတွင်း
အဆင်ပြေပါ

ရေးဆွေးနွေး

၊ မြန်မာနိုင်ငံ၌
နည်းပညာများ
ိုးရန်မြေနေရာ
ကောင်အထည်
ပနိုင်ငံ များသို့
အာဆီယံ
အောင်မြင်မှုများ
က်မှုအသင်းနှင့်
၍ လူ့စွမ်းအား
ငန်းခွင်ဆိုင်ရာ
ဝ်လုပ်တင်ပို့ရေး
ဂိစ္စ၊ ဖိလစ်ပိုင်
သမ္မတ မြန်မာ
သင်းချုပ်ဥက္ကဋ္ဌ
င်၊ အထွေထွေ
င်ရာ ဖိလစ်ပိုင်
၃ ရက် မွန်းလွဲ
ိရသည်။
(သတင်းစဉ်)

○ ကျောဖုံးမှ

"အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ"ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ယမန်နေ့က စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတဲများဖြင့် နေထိုင်လျက်ရှိသော ဒုက္ခသည်စခန်းများအား လှည့်လည်ကြည့်ရှုစဉ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စစ်တွေမြို့တွင် ရောက်ရှိနေသော UNHCR အပါအဝင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ထိုသို့ တွေ့ဆုံရာတွင် လက်ရှိယာယီတဲများတွင် နေတိုင်လျက်ရှိသည့် ဒုက္ခသည်များအနေဖြင့် လေပြင်းတိုက်ခတ်လာသည်နှင့်ဝင် ထိခိုက်ပျက်စီးနိုင်၍ လုံခြုံစိတ်ချရသည့် အစိုးရပိုင် လူနေတန်းလျားများ၊ ဂိုဒေါင်များ၊ အလုပ်ရုံများသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေး စီစဉ်ပေးထားပါကြောင်း၊ ၎င်းနေရာများတွင် စားသောက်ရေးမှအစ ကျန်းမာရေးစောင့်ရှောက်မှုအဆုံး အားလုံးပြည့်စုံအောင် စီမံဆောင်ရွက်ပေးထားပါကြောင်း၊ ယင်းနေရာများသို့လည်း ဒုက္ခသည်စခန်းမှ ကိုယ်စားလှယ်များသည် UNHCR မှ တာဝန်ရှိသူများ လိုက်ပါပြီး သွားရောက်ကြည့်ရှုခဲ့ရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအပေါ် ကျေနပ်လက်ခံကြသည်ဟု သိရှိရပါကြောင်း၊ ယာယီတဲများတွင်နေထိုင်ကြသူများအား အစိုးရမှ စီစဉ်ပေးထားသည့်နေရာများသို့ အမြန်ပြောင်းရွှေ့ကြရန်နှင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ကျန်းမာရေးချို့တဲ့သူများကို မဖြစ်မနေ ဦးစားပေးအဖြစ် ပြောင်းရွှေ့ကြရန်နှင့် တာဝန်ရှိသူများကလည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြရန် မှာကြားခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက နိုင်ငံတော်အနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများတွင် လူမျိုးဘာသာ မခွဲခြားဘဲ လူသားချင်းစာနာထောက်ထားမှုအပြည့်ဖြင့် စောင့်ရှောက်နေခြင်း ဖြစ်ပါကြောင်း၊ စိုးရိမ်ကြောက်ရွံ့စိတ်များမထားဘဲ ယုံကြည်စိတ်ချစွာ အစီအမံများအတိုင်း လိုက်နာဆောင်ရွက်ကြရန် လိုပါကြောင်း၊ အရေးကြီးဆုံးအချက်မှာ မုန်တိုင်းဒဏ်ကြောင့် လူ့အသက်များ ဖိတ်စဉ်ဆုံးရှုံးမှု မရှိစေရန်ပင် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်နေသည့် ဆိုင်ကလုန်းမုန်တိုင်း 'မဟာစင်' သည် မကြာမီကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့အနီးမှ ကုန်းတွင်းပိုင်းဒေသသို့ဝင်ရောက်လာမည်ဖြစ်ပါကြောင်း၊ စစ်တွေနှင့် မောင်တောပတ်ဝန်းကျင်ဒေသများသည် မုန်တိုင်းရိုက်ခတ်မှုဒဏ်ကို အများဆုံးခံစားရနိုင်ပါကြောင်း၊ အဆိုပါဒေသများရှိ အားနည်း၍ ထိခိုက်မှုအများဆုံး ဖြစ်ပေါ်နိုင်သည့် နေရာများရှိ ဒေသခံပြည်သူများအား ပြောင်းရွှေ့နေရာချထားပေးရာတွင် လေဒဏ်၊ မိုးဒဏ်ခံနိုင်သည့်အပြင် မုန်တိုင်းဒီရေလှိုင်းများတိုက်ခတ်မှုနှင့် ဘေးကင်းလုံခြုံစိတ်ချရသည့်နေရာများသို့ ရောက်ရှိရေး အချိန်မီ ကြိုးပမ်းဆောင်ရွက်ကြရန် လိုပါကြောင်း၊ ဘေးအန္တရာယ်ကျရောက်မှုအဆင့်ကို 'သုည' အဆင့်သို့ မလျှော့ချနိုင်သော်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက မုန်တိုင်းကျရောက်မည့်ဒေသများမှ ပြည်သူများအား ကြိုတင်ပြောင်းရွှေ့နေရာချထားပေးနေမှုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝများတိုးတက်ခိုင်မာရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ အမျိုးသားသဘာဝဘေးကာကွယ်ရေးဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှမင်းနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်တို့က 'မဟာစင်'မုန်တိုင်းဒဏ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်မှုများတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများနှင့် မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အုပ်ချုပ်ထောက်ပံ့မှုအကူအညီပေးအပ်ရန် စီစဉ်ထားမှုများအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဆပ်ကော်မတီများအလိုက် ကြိုတင်ကာကွယ်ပြင်ဆင်မှုများတို ပြည်ပြည်စုံစုံဆွေးနွေးခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ စီမံချက်များအတိုင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုပါကြောင်း၊ မုန်တိုင်းသတင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရရှိနေပြီး လိုအပ်သည့်အစီအမံများကိုလည်း အချိန်နှင့်တစ်ပြေးညီ ကွပ်ကဲဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လည်း အသင့်စီမံဆောင်ရွက်ထားရန်လိုပါကြောင်း ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဒုက္ခသည်စခန်းရှိ ယာယီတဲများတွင် နေထိုင်ကြသူများအနေဖြင့် စိုးရိမ်ပူပန်မှုများကြောင့် သံသယစိတ်များဖြင့် ပြောင်းရွှေ့ရေးကို မဝံ့မရဲတုံ့နှေးနေသဖြင့် ပြည်နယ်အစိုးရအဖွဲ့က အမြန်ပြောင်းရွှေ့နိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ နယ်စပ်ကော့သောင်းမှ

ကြည်နူးစဖွယ်မြင်တွေ့ရမည့် မြန်မာနိုင်ငံ၏ သူရဲကောင်း ဘုရင့်နောင်မင်းတရားကြီး ရုပ်တုကုန်းမြေ၊ နိုင်ငံ၏ တောင်ဘက်အစွန်ဆုံးဖြစ်သည့် သမိုင်းဝင် ဘုရင့်နောင်အငူ (ယခင် ဝိတိုရိယအငူ)၊ ပင်လယ်ပြင်တွင် နေထိုင်ကျက်စားသည့် ရှားပါး လူမျိုးနွယ်စုဖြစ်သည့် မော်ကင်း(ခ) ပင်လယ်ပျော်ဆလုံလူမျိုးများကြောင့် နိုင်ငံခြားခရီးသွားများ စိတ်ဝင်စားခံရသော မြို့လေးတစ်မြို့ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

● စကိုင်းလက်ဘ်အာကာသစခန်း

နေ၏ လှုပ်ရှားဆောင်ရွက်ချက်နှင့်ပတ်သက်၍ စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်နိုင်ခဲ့ခြင်းသည် စကိုင်းလက်ဘ်၏ သိပ္ပံရေးရာအောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားကြသည်။ စကိုင်းလက်ဘ်အာကာသစခန်းယာဉ်၏ အာကာသယာဉ်မှူးသုံးဦးသည် အထူးပြုလုပ်ထားသော အဝေးကြည့်မှန်ပြောင်းဖြင့် နေ၏လှုပ်ရှားဆောင်ရွက်ချက်ကို တစ်ရက်လျှင် ၁၂ နာရီကြာမျှ လေ့လာစောင့်ကြည့်နိုင်ခဲ့သည်။ စကိုင်းလက်ဘ် အာကာသစခန်းယာဉ်ပေါ်တွင် အာကာသယာဉ်မှူးများကို ကိုးလကြာတာဝန်ချထားချိန်အတွင်း နေနှင့်ပတ်သက်သော ဓာတ်ပုံပေါင်း ၁၆၀၀၀၀ ခန့်အထိ ရယူစုဆောင်းနိုင်ခဲ့သည်။

အာကာသယာဉ်မှူးများ ရယူနိုင်ခဲ့သော မှတ်တမ်းဓာတ်ပုံတစ်ပုံမှာ နေပေါက်ကွဲမှုနှင့် သက်ဆိုင်သည်။ နေ၏အင်အားပြင်းထန်သော ဓာတ်ငွေ့ပေါက်ကွဲမှုနှင့်အတူ အာကာသကိုဖြတ်သန်း၍ သံလိုက်နှင့် လျှပ်စစ်စွမ်းအင်လှိုင်းများ ပေါ်ထွက်နိုင်ကြောင်း၊ ယင်းစွမ်းအင်လှိုင်းများနှင့် ကမ္ဘာ၏သံလိုက်စက်ကွင်းတို့ ထိပ်တိုက်တွေ့ဆုံရာမှ လူတို့၏ ဆက်သွယ်ရေးနှင့် လျှပ်စစ်ဆိုင်ရာစနစ်များထိခိုက်စေနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားကြသည်။

အာကာသအတွင်း အချိန်ကာလကြာမြင့်စွာ လူသားတို့ နေထိုင်ကာ အလုပ်လုပ်ကိုင်နိုင်ရန် စူးစမ်းလေ့လာရာတွင် စကိုင်းလက်ဘ် အာကာသစခန်းယာဉ်က အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

၁၉၇၉ ခုနှစ်တွင် စကိုင်းလက်ဘ်အာကာသစခန်းယာဉ်ကို ဖျက်သိမ်းခဲ့သည်။ ကမ္ဘာ့လေထုလွှာအတွင်းသို့ အဆိုပါစခန်းယာဉ်ကို ပြန်လည်ဝင်ရောက်စေကာ ပေါက်ကွဲပျက်စီးစေခဲ့ပြီး အပျက်အစီးအပိုင်းအစများသည် ဩစတြေးလျတိုက်အနောက်ပိုင်းဒေသသို့ ကျရောက်ခဲ့သည်။ ***Ref; NASA. org***

ရခိုင်ပြည်နယ်အစိုးရက ပြည်သူ ၇၀၀၀၀ ခန့်အား မုန်တိုင်းရန်မှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထား

နေပြည်တော် မေ ၁၅

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမဟာစင်ဒဏ်မှ ဘေးလွတ်ရာသို့ ဒေသခံပြည်သူများ၊ ဒုက္ခသည်စခန်းများမှ တိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးများအား ရွှေ့ပြောင်းပေးလျက်ရှိရာ မေ ၁၂ ရက်တွင် လူဦးရေ ၄၇၂၀၊ မေ ၁၃ ရက်တွင် ၁၂၉၉ ဦး၊ မေ ၁၄ ရက်တွင် ၂၄၉၇၂ ဦး၊ မေ ၁၅ ရက်တွင် ၃၉၂၃၈ ဦး စုစုပေါင်း ၆၉၇၈၉ ဦးအား ရွှေ့ပြောင်းပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်အလိုက် ရွှေ့ပြောင်းပေးမှုအနေဖြင့် မေ ၁၂ ရက်တွင် စစ်တွေမြို့နယ်၌ ဘင်္ဂါလီ ၀၆၂၈ ဦး၊ ကျောက်ဖြူမြို့နယ်၌ တိုင်းရင်းသား ၃၈၃ ဦး၊ ဘင်္ဂါလီ ၁၅၉၀၊ မောင်တောမြို့နယ်၌ တိုင်းရင်းသား ၇၈၁ ဦးကိုလည်းကောင်း၊ မေ ၁၃ ရက်တွင် စစ်တွေမြို့နယ်၌ တိုင်းရင်းသား ၉၇၀၊ ဘင်္ဂါလီ ၆၀၊ မြေပုံမြို့နယ်၌ တိုင်းရင်းသား ၂၆၉ ဦးတို့ကို လည်းကောင်း၊ မေ ၁၄ ရက်တွင် စစ်တွေမြို့နယ်၌ ကိုင်းရင်းသား ၃၇၁ ဦး၊ ဘင်္ဂါလီ ၆၇၃ ဦး၊ ပေါက်တောမြို့နယ်၌ ဘင်္ဂါလီ ၇၇၃၆ ဦး၊ ရသေ့တောင်မြို့နယ်၌ ဘင်္ဂါလီ ၃၁၆၇ ဦး၊ ကျောက်တော်မြို့နယ်၌ ဘင်္ဂါလီ ၅၂၄၇ ဦး၊ မြောက်ဦးမြို့နယ်၌ ဘင်္ဂါလီ ၃၅၈၉ ဦး၊ မင်းပြားမြို့နယ်၌ တိုင်းရင်းသား ၉၀၊ ဘင်္ဂါလီ ၄၃၀၆ ဦး၊ မြေပုံမြို့နယ်၌ ဘင်္ဂါလီ ၁၃၄၅ ဦး၊ မောင်တောမြို့နယ်၌ တိုင်းရင်းသား ၄၀၈ ဦးကိုလည်းကောင်း၊ မေ ၁၅ ရက်တွင် စစ်တွေမြို့နယ်၌ တိုင်းရင်းသား ၃၈၃၀ ဦး၊ ဘင်္ဂါလီ ၈၁၃၉ ဦး၊ ပေါက်တောမြို့နယ်၌ တိုင်းရင်းသား ၇၀၅၇ ဦး၊ မြေပုံမြို့နယ်၌ တိုင်းရင်းသား ၁၁၀၃၉ ဦး၊ မင်းပြားမြို့နယ်၌ တိုင်းရင်းသား ၆၄၈ ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်၌ တိုင်းရင်းသား ၇၈၇ ဦး၊ သံတွဲမြို့နယ်၌ တိုင်းရင်းသား ၆၀၇၄ ဦး၊ တောင်ကုတ်မြို့နယ်၌ တိုင်းရင်းသား ၆၃ ဦး၊ ဘူးသီးတောင်မြို့နယ်၌ တိုင်းရင်းသား ၁၆၀၁ ဦးတို့ကို ရွှေ့ပြောင်းပေးခဲ့ကြောင်း ပြည်နယ်အစိုးရထံမှ သတင်းရရှိသည်။

(သတင်းစဉ်)

ခရီးသည်တင် မှန်လုံအမြန်ယာဉ် အရှိန်လွန်တိမ်းမှောက် ၁၅ ဦးဒဏ်ရာရ

ဖြူး မေ ၁၅

ရန်ကုန်မြို့မှ တောင်ငူမြို့သို့ ခရီးသည် ၃၀ ခန့်တင်၍ထွက်ခွာလာသော ယာဉ်အမှတ် ၂၈/--- ခရီးသည်တင် Express အမြန်ယာဉ်တစ်စီးသည် မေ ၁၄ ရက် ညနေ ၄ နာရီခွဲတွင် အမြန်လမ်း မိုင်တိုင်အမှတ်(၁၀၄/၄)အရောက်တွင် အရှိန်လွန်ပြီး လမ်းလယ်ကျွန်းပေါ်သို့ တိုးတက်ပြီး ပက်လက်လန်အနေထားဖြင့် တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။ (အပေါ်ယာပုံ)

ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် ၁၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ဖြူးမြို့နယ်ဆေးရုံသို့ အတွင်းလူနာ (မစိုးရိမ်ရ)အဖြစ် ပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။ အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း သိန်းစိုးပိုင် (၅၀)နှစ် နွယ်သာဂီ(၂)လမ်း မြောက်ဥက္ကလာပမြို့နယ်နေသူအား မြို့ချောင်း အမြန်လမ်းရဲစခန်းမှ (ပ)၂၀ ပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကျော်စွာ-တောင်ငူ)

...င်ခင်မရှိဘဲ ယာဉ်မောင်းနှင်နေမှုများရှိလာ

ရန်ကုန် မေ ၁၅

...ိုင်စင်မရှိဘဲ ယာဉ်မောင်းနှင်မှုများရှိလာခြင်းကြောင့်
... ယာဉ်မတော်တဆဖြစ်စဉ်များအတွက် စိုးရိမ်ဖွယ်ရာ
...ရသည်။
...ိုင်စင်မရှိဘဲ မောင်းနှင်မှုကို ရန်ကုန်မြို့ စမ်းချောင်း
...၀ ရက်ညပိုင်းက သိလိုက်ရသောဖြစ်စဉ်တစ်ခုရှိပြီး
... ဒုမ္မာအားကစားကွင်းအနီး စမ်းချောင်းလမ်းနှင့် ပဒုမ္မာ
... ၀၀ ရက် ည ၉ နာရီခွဲခန့်က တက္ကစီယာဉ်နှင့် အိမ်စီး
... ပွတ်တိုက်မိရာမှ တက္ကစီမောင်းနှင်သူက တိုင်ကြားရန်
...ူကို ယာဉ်မောင်းလိုင်စင်တောင်းရာ လိုင်စင်မရှိဘဲ မောင်းနှင်ကြောင်းကို ပတ်ဝန်းကျင်မှသိရှိရခြင်းဖြစ်ကြောင်း၊ ကျဉ်းမြောင်းသောလမ်းအတွင်း "ဂ" ငယ်ကွေ့ ကွေ့သော အိမ်စီးယာဉ်အနီးသို့ တစ်ဖွတ်ထိုးမောင်းဝင်လာသည့် တက္ကစီယာဉ်နှင့် အနည်းငယ်ထိခိုက်သွားခြင်းတို့အတွက် လမ်းပိတ်ဆို့ကာ အငြင်းပွားစကားများနေပြီး ပတ်ဝန်းကျင်မှကြားဝင်ဖျန်ဖြေမှုကြောင့် ၁၅ မိနစ်ခန့်အကြာတွင် ဖြေရှင်းပြီးစီးကာ ပွတ်တိုက်ခြင်းခံရသော တက္ကစီယာဉ်မှာ စမ်းချောင်းလမ်းအနောက်ဘက်သို့ မောင်းထွက်သွားပြီး ယာဉ်မောင်းလိုင်စင်မပါသည့် အိမ်စီးယာဉ်မှာ စမ်းချောင်းလမ်း အရှေ့ဘက်မှ ပြည်လမ်းမပေါ်သို့ မောင်းထွက်သွားကြောင်း သိရသည်။

ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်မှုသည် အလွန်ပင်အန္တရာယ်များလျက်ရှိပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလည်း နားလည်နိုင်ခြင်းမရှိကာ ယာဉ်တိုက်ခြင်းခံရပါက ခံရသူအတွက် ပိုမိုနစ်နာနိုင်ကြောင်း၊ တာဝန်မဲ့ပြုမှုရှောင်ပြေးခြင်းများလည်းဖြစ်လာနိုင်သည့်အတွက် ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်တို့တို ရှောင်တခင် စစ်ဆေးမှုများပြုလုပ်၍ လိုအပ်ပြီး ညပိုင်းတွင် ပိုမိုစစ်ဆေးလုပ်ဆောင်ရန် လိုအပ်လာကြောင်း ဒေသခံတို့က အကြံပြုထားကြသည်။

ထို့အပြင် ညပိုင်းယာဉ်ကြောရှင်းလင်းသည့် ကလေးဆေးရုံအနီးမှ ခရေပင်လမ်း၊ အင်းယားလမ်း၊ ပါရမီလမ်း၊ လှိုင်တက္ကသိုလ်ဝင်းအတွင်း လမ်းများနှင့် ကမာရွတ်ဘူတာနှင့် သီရိမြိုင်ဘူတာကြား ဗဟိုလမ်းတို့တွင် ရုံဖန်ရံခါယာဉ်မောင်းသင်ခြင်းတို့ကို လာရောက်ပြုလုပ်လေ့ရှိကြောင်း ယင်းနေရာအနီးနေထိုင်သူများထံမှ သိရှိရပြီး မလိုလားအပ်သော ယာဉ်အန္တရာယ်များမဖြစ်စေရန် ရှောင်တခင်စစ်ဆေးခြင်းနှင့် လှည့်ကင်းများဖြင့် စစ်ဆေးခြင်းတို့တို ပိုမိုဖြည်တင်းလုပ်ဆောင်သွားရန် လိုအပ်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် မေ ၁၅

ယနေ့ညနေ ၅ နာရီ ၉ မိနစ် ၅၂ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ မြောက်ဘက် ၆၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ မြောက်ဘက် သုံးမိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ် ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ဒေသဆိုင်ရာကုန်စည်ပြပွဲ တက်ရောက်

နေပြည်တော် မေ ၁၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင် ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး Mr. Suttha Saiwanicho၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ပြုလုပ်သည့် ဒေသဆိုင်ရာကုန်စည်ပြပွဲသို့ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ ဖွံ့ဖြိုးတိုးတက်မှုနည်းနေသေးသည့် နယ်စပ်ဒေသများ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးအားဝေးကူညီမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှုလမ်းကြောင်းများဖြစ်ပေါ်လာစေရန်နှင့် ပန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် စီးပွားရေးတိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် နှစ်နိုင်ငံနယ်စပ်ဖြစ်သည့် မယ်စဲ့ဒေသတွင် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းနယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ပြီးပါက ကယားပြည်နယ်၏ စီးပွားရေးအခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ပြီး နှစ်နိုင်ငံနယ်စပ်ပြည်သူများ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးအလားအလာကောင်းများကို ရရှိခံစားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်ကလည်း ယနေ့ကုန်စည်ပြပွဲမှ ပုဂ္ဂလိကပိုင်ကဏ္ဍများ၏ ကုန်သွယ်မှုများ မြင့်မားတိုးတက်လာသည်နှင့်အမျှ ပြည်နယ်နှစ်ခုတို့၏ လူမှုစီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာပြီး နှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာမည် ဖြစ်ပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ တရားဝင်ဖွင့်လှစ်ပြီးပါက နှစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းများ တစ်မဟုတ်ချင်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့်အတူ တည်းခိုနေထိုင်ရေး၊ ဟိုတယ်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများပါ တစ်ပြိုင်တည်း တိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းပြပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၂၃ ဦးနှင့် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၄၂ ဦးတို့က ပြခန်းစုစုပေါင်း ၁၉ ခု၌ ဒေသထွက်ကုန်များအား ခင်းကျင်းပြသခဲ့ကြသည်။ ၎င်းကုန်စည်ပြပွဲနှင့် ဆက်စပ်၍ ကယားပြည်နယ်အစိုးရအဖွဲ့ရုံးတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီသိန်းစာတ်ငွေ့စက်ရုံနှင့် အမှိုက်မီးရှို့စက်ရုံများ တည်ဆောက်မည်

ရန်ကုန် မေ ၁၅

မီသိန်းဓာတ်ငွေ့နှင့် အမှိုက်မီးရှို့စက် ၉၂ ရာခိုင်နှုန်း ထုတ်လုပ်ပေးနိုင်သော စက်ရုံနှစ်ရုံကို လှိုင်သာယာနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်များ၌ တည်ဆောက်ရန် တင်ဒါခေါ်ယူခဲ့သော ပြည်တွင်းပြည်ပကုမ္ပဏီ ၄၃ ခုအနက်မှ ပဏာမ ၁၀ ခုကို ရွေးချယ်ပြီး လက်တွေ့လုပ်ဆောင်မှု နှစ်လပြီးစီးပါက ယခုနှစ် နိုဝင်ဘာလအတွင်း စက်ရုံများတည်ဆောက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန (၃၈) လမ်းရှိအဆိုပါရုံး၌ ကျင်းပခဲ့သည်။

ရန်ကုန်မြို့တော် မြို့ပြပတ်ဝန်းကျင်သန့်ရှင်းရေး ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာ မြို့ကြီးများနည်းတူ ခေတ်စနစ်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်၍ နေ့စဉ်ထွက်ရှိသော အမှိုက်တန်ချိန် ၁၆၀၀ ကို လှိုင်သာယာမြို့နယ် ထိန်ပင်မြေနေရာတွင် မီသိန်းဓာတ်ငွေ့ ၉၂ ရာခိုင်နှုန်း ထုတ်ယူနိုင်ရေး ဒဂုံမြို့သစ် (မြောက်ပိုင်း) ထားဝယ်ချောင်မြေနေရာတွင် အမှိုက်မီးရှို့စက်တည်ဆောက်နိုင်ရေးတို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တင်ဒါများခေါ်ယူခဲ့ရာ ပြည်တွင်းပြည်ပကုမ္ပဏီ ၄၃ ခု လာရောက်တင်သွင်းခဲ့သဖြင့် ယင်းတင်ဒါ ကုမ္ပဏီ ၄၃ ခုမှ YCDC စည်းကမ်းချက် ၁၀ ချက်ဖြင့် ရွေးချယ်စိစစ်မှုအရ ဂျပန် JFE ကုမ္ပဏီ၊မြန်မာ-စင်ကာပူ၊ မလေးရှား-မြန်မာ၊ကိုရီးယား-ဂျပန်-မြန်မာ ပူးပေါင်းကုမ္ပဏီများ၊ အင်္ဂလန်စသည့် ကုမ္ပဏီ ၁၀ ခုကို ပဏာမ ရွေးချယ်စိစစ်ပြီး ယင်းကုမ္ပဏီ ၁၀ ခုအား မြို့ပြပတ်ဝန်းကျင်သန့်ရှင်းရေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အချိန်နှစ်လလက်တွေ့လုပ်ဆောင်မှုများပေးပြီး ပြန်လည်တင်ပြမှု အကောင်းဆုံးကုမ္ပဏီနှစ်ခုကို အတည်ပြုထပ်မံရွေးချယ်စိစစ်သွားမည်ဖြစ်သည်။ ယခုနှစ် နိုဝင်ဘာလတွင် မီသိန်းဓာတ်ငွေ့စက်ရုံနှင့် အမှိုက်မီးရှို့စက်ရုံများ တည်ဆောက်သွားမည်ဖြစ်ကြောင်း စာနယ်ဇင်းရှင်းလင်းပွဲမှ ဒုတိယဌာနမှူး ဦးခင်ဝင်းနှင့် ဒေါက်တာ အောင်မြင့်မော်တို့က ရှင်းလင်းခဲ့ကြောင်း သိရသည်။

(စောသိန်းဝင်း)

ဈေးကွက်အရောင်းအဝယ်သွက်သည့်အပေါ် ကုန်တက်များခြင်းကြောင့် ကြက်ဥဈေးနှုန်းများ ဆက်တက်နိုင်ခြေ မရှိတော့ဟုဆို

ရန်ကုန် မေ ၁၅

ရန်ကုန်မြို့ရှိ စားကြက်ဥဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေပြီး ကုန်တက်များလာခြင်းကြောင့် ကြက်ဥဈေးနှုန်းများ ဆက်တက်ရန် အခြေအနေမရှိတော့ကြောင်း ကြည့်မြင်တိုင်မြို့နယ် ဗားကရာဆိပ်ကမ်းတွင် ဖွင့်လှစ်ထားသည့် ကြက်ဥလက်ကားဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ထိုစားကြက်ဥဈေးကွက်တွင် ကြက်ဥအနက်များ အများဆုံး ဝင်ရောက်နေပြီး ကြက်ဥအဝါများလည်း အနည်းအကျဉ်း ဝင်ရောက်နေကြောင်း၊ ရာသီဥတု ပူပြင်းမှုများသည့်အခါတိုင်း ကြက်ဥဈေးကွက်တွင် အရောင်းအဝယ်ကောင်းခဲ့ပြီး မိုးရွာမှုများ ကြုံလာသည့်အခါ အရောင်းအဝယ် ကျသွားတတ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီတို့ဘက်မှ ကြက်ဥများ ဝင်ရောက်လာခြင်း များနေပြီး တစ်ရက်လျှင် ၁၀ ချောင်းပါရှိသော ကြက်ဥအစည်းပေါင်း ၅၀၀၀ ကျော်နေ့စဉ် ဝင်ရောက်နေကြောင်း၊ လက်ကားရောင်းသူများနှင့် ပွဲရုံလုပ်ငန်းများက ကြက်ဥများကို လက်ဝယ်တွင်ထားကာ ဈေးကွက်အခြေအနေပေါ် ချိန်ဆ ရောင်းချကြကြောင်း သိရသည်။

“ကြက်ဥဈေးကွက်က နေပူရင်ဈေးကွက်ကောင်းနေတယ်။ မိုးနည်းနည်းကျလိုက်တာနဲ့ ဈေးတွေပါထိုးကျသွားတာ။ ဈေးနည်းနည်းကောင်းလာလိုက်၊ မိုးရွာလို့ပြန်ကျသွားလိုက်နဲ့ မမှန်ဘူးဖြစ်နေတယ်”ဟု ၎င်းက ရှင်းပြသည်။

ရန်ကုန်မြို့သို့ရောက်လာသော ကြက်ဥများကို ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များသို့ ဖြန့်ချိရောင်းချရခြင်းများရှိပြီး အနည်းအကျဉ်းကို နယ်ဒေသမှ ဝယ်လက်များသို့ ရောင်းချပေးရကြောင်း၊ ကြက်ဥအနက် ၁၀ ချောင်းပါ အစည်းတစ်စည်းလျှင် ငွေကျပ် ၂၅၀၀ ကျော်အထိရှိကာ အရောင်းအဝယ်ဖြစ်နေပြီး ကြက်ဥအဝါမှာ ငွေကျပ် ၂၀၀၀ ကျော်သာရှိကြောင်း၊ ကြက်ဥအဝါထက် ကြက်ဥအနက်က ပိုချိုခြင်းကြောင့် ဝယ်သူများပြီး ကြက်ဥအနက်ဝင်ရောက်မှုလည်း များနေကြောင်း သိရသည်။

ကြက်ဥပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက “ကြက်ဥဈေးကွက်က ဒီလကုန်လောက်ပဲ၊ နောက်ပိုင်း မိုးတွင်းရောက်လာတာနဲ့ ဈေးကွက်က ပြီးဆုံးသွားတော့မှာပါ၊ အခုဆိုရင် လက်ကားသမားတွေဆီမှာ ကြက်ဥတွေအများကြီးရှိနေတယ်၊ ရာသီဥတုကလည်း မိုးရွာဖို့ အခြေအနေတွေရှိနေတော့ ရှေ့ကာလ ဈေးကွက် အနေအထားကိုမှန်းရင် ကြက်ဥဈေးနှုန်းတွေ ဆက်တက်သွားဖို့တော့ မရှိနိုင်တော့ဘူး၊ ဈေးကျလာတော့မယ့် အနေအထားမှာ မရှုံးအောင်ဘဲ လုပ်ရတော့မယ်”ဟု ရှင်းပြခဲ့သည်။ (ထက်ခိုင်-စမ်းချောင်း)

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဝဏ္ဏကျော်ထင်စည်သူ ဦးဇော်ဇော် (မက်စ်မြန်မာ ကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ)၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌသည် (၁၀. ၄. ၂၀၁၃) ရက်တွင် နိုင်ငံတော်အတွက် အခွန်အကောက်တာဝန်အများဆုံး ထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်အဖြစ် နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်လက်မှတ်အား ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း . . . . . ။

ဦးသင်းနိုင် + သုခမ္ဗသိရိ ဒေါ်စမ်းစမ်း
Win & San Diamonds and Fine Jewelry

အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ဦးကျော်ဝင်း (MD National Wood Industry Limited) သည် ၁၀-၄-၂၀၁၃ ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့ဂုဏ်ဆောင်ရည်ဆုများ ပေးအပ်ရာ၌ “တန်ဖိုးမြင့် ထုတ်ကုန်အကောင်းဆုံး ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု”ကို ထိုက်တန်စွာရရှိသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ လိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဗိုလ်မှူးတင်မောင်ဝင်း(ငြိမ်း)-ဒေါ်ခင်မေလှိုင် မိသားစု
ဦးရဲမြင့်-ဒေါ်ကြည်ကြည်လင်းမိသားစု
ဦးခင်မောင်လွင်-ဒေါ်ခိုင်ခိုင်ဦးမိသားစု

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းဦး (ပင်လယ်ကူးသွယ်ကုမ္ပဏီ)သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးချီးမြှင့်သည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့ဂုဏ်ဆောင်ရည်ဆုဖြစ်သော “စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆု”အား ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ရန်ကုန်တောင်ပိုင်းခရိုင်၊ လွှတ်တော်ကိုယ်စားလှယ်များ

၁။ ဦးထွန်းလှရွှေ (ကျောက်တန်း-၁)
၂။ ဦးမျိုးမြင့် (ကျောက်တန်း-၂)
၃။ ဦးမြင့်ဦး (ခရမ်း-၂)
၄။ ဦးကျော်မြင့်အောင်(ခရမ်း-၂)
၅။ ဦးမြသိမ်း (သုံးခွ-၂)
၆။ ဦးကြည်(ကိုကိုးကျွန်း-၂)
၇။ ဒေါက်တာသိန်းဇော်မြင့် (တွံတေး-၁)
၈။ ဒေါက်တာအုံးကြွယ် (တွံတေး-၂)
၉။ ဦးအောင်နိုင် (ကိုကိုးကျွန်း-၁)
၁၀။ ဦးကျော်မင်း(သန်လျင်-၂)

မြန်မာအမျိုးသမီးဘောလုံးလောကတိုးတက်ရေး ဆွေးနွေး

ရန်ကုန် မေ ၁၅

မြန်မာအမျိုးသမီးဘောလုံးလောက ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များပေးအပ်ရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) အမျိုးသမီးဘောလုံးနည်းစနစ် ဒါရိုက်တာ မစ္စဗီရာပေါသည် အာရှဘောလုံးအဖွဲ့ချုပ် (AFC) အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌ မလေးရှားနိုင်ငံသား မစ္စတာဒါတိုရက်ပ်နှင့်အတူ မေ ၁၁ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သည်။

ဖီဖာကိုယ်စားလှယ် မစ္စဗီရာပေါသည် မေ ၁၃ ရက် နံနက် ၉ နာရီခွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး (MFF) သို့ ရောက်ရှိလာခဲ့ပြီး MFF ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်၊ ယင်းနောက် MFF ဥက္ကဋ္ဌ ဦးဇော်ဇော် (အပေါ်ယာပွဲ) က မစ္စဗီရာပေါနှင့် အမျိုးသမီးဘောလုံးကော်မတီအဖွဲ့ဝင်များအား မြန်မာအမျိုးသမီး ဘောလုံးလောကဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအတွက် ရှင်းလင်းမှာကြားခဲ့သည်၊

ထို့နောက် အမျိုးသမီးဘောလုံးကော်မတီအဖွဲ့ဝင်များမှ သိလိုသည်များကို မေးမြန်းရာ ဖီဖာအမျိုးသမီး ဘောလုံးနည်းစနစ် ဒါရိုက်တာ မစ္စဗီရာပေါက ဖြေကြားရှင်းလင်းခဲ့ပြီး နံနက်ပိုင်းတွေ့ဆုံမှုကို ရုပ်သိမ်းခဲ့သည်၊

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် ဖီဖာကိုယ်စားလှယ်များအား MFF Marketing Director ဦးဆုံးအောင်က အမျိုးသမီးဘောလုံးလောကအတွက် Marketing ဘက်မှ ကူညီပံ့ပိုးမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားကာ မစ္စဗီရာပေါမှလည်း အကြံပြုဆွေးနွေးတင်ပြခဲ့သည်၊ အသက် (၅၀) အရွယ် နယ်သာလန်နိုင်ငံသူ မစ္စဗီရာပေါသည် နယ်သာလန်အမျိုးသမီး လက်ရွေးစင်ကစားသမားအဖြစ် ၁၉၈၃ ခုနှစ်မှ ၁၉၉၈ ခုနှစ် အထိ ၈၉ ပွဲကစား နှစ်ဂိုးသွင်းယူပေးခဲ့သူ ဖြစ်သည်၊ ထို့အပြင် ၁၉၈၈ ခုနှစ်က အီတလီကလပ် မိုဒီနာ အသင်းသို့ ကြေးစားသွားရောက်ကစားခဲ့ပြီး ယင်းမှာ နယ်သာလန်နိုင်ငံ တွင် ဆုကြေးစားအဖြစ် ပြည်ပကလပ်တစ်ခုသို့ ပထမဆုံးသွားရောက်ကစားခဲ့သော အမျိုးသမီးကစားသမားအဖြစ် မှတ်တမ်းတင်ထားနိုင်ခဲ့ခြင်းဖြစ်သည်၊ ကစားသမားဘဝမှ အနားယူပြီးနောက် မစ္စဗီရာသည် စကော့တလန်အမျိုးသမီး အသင်းနည်းစနစ် ဒါရိုက်တာ (၁၉၉၈-၂၀၀၄)၊ နယ်သာလန် လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ် (၂၀၀၄-၂၀၁၀) နှင့် ရုရှားအမျိုးသမီး လက်ရွေးစင် အသင်းနည်းပြ ၂၀၁၁ အဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်၊ ယင်းနောက် မစ္စဗီရာသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးနည်းစနစ် ဒါရိုက်တာ တစ်ယောက်ဖြစ်လာခဲ့ပြီး ယနေ့အချိန်အထိ တာဝန်ယူဆောင်ရွက်လျက်ရှိသည်၊

မစ္စဗီရာနှင့် ဒါတိုရက်ပ်တို့သည် မေ ၁၄ ရက် နံနက် ၇ နာရီတွင် ရန်ကုန် ယူနိုက်တက်မြက်ခင်းတု ကွင်းသို့သွားရောက်၍ အာရှခြေစစ်ပွဲအတွက် လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအား သွားရောက်တွေ့ဆုံအားပေးခဲ့ကြသည်၊

(ဇော်မင်းအောင်-၁၀၇)

ဆီးဂိမ်းပြိုင်ပွဲအကြို တာဝေးစက်ဘီးပြိုင်ပွဲ မေ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်

ရန်ကုန် မေ ၁၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြိုအဖြစ် တာဝေးစက်ဘီးပြိုင်ပွဲကို နေပြည်တော်တွင် မေ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲသို့ အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ စက်ဘီးကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ငါးမျိုး ပါဝင်မည်ဖြစ်ရာ မေ ၂၁ ရက်တွင် ကီလိုမီတာ ၅၀ အမျိုးသားတစ်ဦးချင်း စံချိန်ပြုပြိုင်ပွဲနှင့် ကီလိုမီတာ ၃၀ အမျိုးသမီးတစ်ဦးချင်း စံချိန်ပြုပြိုင်ပွဲနှစ်မျိုးကို ကျင်းပမည်ဖြစ်သည်။ မေ ၂၂ ရက်တွင် ကီလိုမီတာ ၁၀၀ အမျိုးသားအသင်းလိုက် စံချိန်ပြုပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး မေ ၂၃ ရက်တွင် ကီလိုမီတာ ၉၀ အမျိုးသမီးတာဝေးပြိုင်ပွဲကျင်းပမည်ဖြစ်သည်၊ နောက်ဆုံးပြိုင်ပွဲအဖြစ် မေ ၂၄ ရက်တွင် ၁၄၅ ကီလိုမီတာ အမျိုးသားတာဝေးပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်၊

အဆိုပါပြိုင်ပွဲများအနက် မေ ၂၁ ရက်နှင့် ၂၂ ရက် ပြိုင်ပွဲများကို နေပြည်တော် ပျဉ်းမနားရှိ နှင်းဆီအဝိုင်းမှ တာလွှတ်မည်ဖြစ်ပြီး ၂၃ ရက်နှင့် ၂၄ ရက်ပြိုင်ပွဲများကို လယ်ဝေးနာရီစင်မှ တာလွှတ်မည်ဖြစ်ကာ ဥပ္ပါတသန္တိစေတီရှေ့တွင် ပန်းဝင်ရန် သတ်မှတ်ထားသည်၊

မြန်မာ စက်ဘီးအသင်းသည် အမျိုးသားနှစ်သင်းနှင့် အမျိုးသမီးတစ်သင်း ပြိုင်ပွဲဝင်မည်ဖြစ်ပြီး ဘရူနိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့ကို ဆက်သွယ်ထားသော်လည်း မသေချာသေးကြောင်း၊ အာရှစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အာဆီယံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ မစ္စတာဝါဟတ်အပါအဝင် အခြားတာဝန်ရှိသူအချို့လည်း ပြိုင်ပွဲသို့ လာရောက်ကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်မင်းသန်း၏ပြောပြချက်အရသိရသည်။

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်သည် ပြီးခဲ့သည့် မတ်လအတွင်းက နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲအဖြစ် Down Hill ပြိုင်ပွဲ၊ Cross Country ပြိုင်ပွဲ၊ BMX ပြိုင်ပွဲ သုံးမျိုးတို့ကို ကျင်းပခဲ့ပြီးဖြစ်သည်။ (လေးဒီ)

မိတ္ထီလာမြို့ ယာယီကယ်ဆယ်ရေးစခန်း အမက(၁၆)၌ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ ဆေးကုသ

မိတ္ထီလာ မေ ၁၅

မိတ္ထီလာမြို့ ယာယီကယ်ဆယ်ရေးစခန်း အမက ၁၆ (အင်းကုန်း)ရှိ ဒုက္ခသည် မိသားစုများအား အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင်(၅၀၀) နယ်လှည့်အထူးကု ပါရဂူ ဆေးကုသမှုအဖွဲ့က မေ ၁၄ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်း သိရသည်၊

အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင်(၅၀၀) တပ်မှူးကြီး ဗိုလ်မှူးချုပ်လှအောင်(အရိုးပါရဂူ) ဦးဆောင်သော ၂၃ ဦးပါ နယ်လှည့်အထူးကု ပါရဂူဆေးကုသမှုအဖွဲ့က ကယ်ဆယ်ရေးစခန်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ မျက်စိဝေဒနာရှင်များ၊ ဖျားနာသည့်ကလေးများ၊ အရိုးအကြောဆိုင်ရာဝေဒနာရှင်များ စုစုပေါင်း ၇၆ ဦးကို အခမဲ့ ကွင်းဆင်းကုသပေးခဲ့သည်။

အဆိုပါ နယ်လှည့်ကွင်းဆင်းဆေးကုသရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်အေးတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး အလားတူ နယ်လှည့်ဆေးကုသပေးခြင်းကို မေ ၁၅ ရက်တွင် ခရိုင်အားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်း၌ ဆက်လက်ကုသပေးခဲ့ကြောင်း သိရသည်၊

(ခရိုင်ပြန်/ဆက်)

မဟာစင်မုန်တိုင်း ကြိုတင်ကာကွယ်ရေးဟောပြော

ရန်ကုန် မေ ၁၅

မဟာစင်ဆိုင်ကလုန်းမုန်တိုင်းဘေး၊ ရေဘေးနှင့် မိုးကြိုးဘေးအန္တရာယ်များအကြောင်း သိကောင်းစရာဟောပြောပွဲများကို မေ ၁၄ ရက် ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် မေ ၁၄ ရက်မွန်းလွဲ ၂ နာရီတွင် ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ MGP ကုမ္ပဏီဝင်းနှင့် ညောင်တန်းဆိပ်ကမ်း သမ္ဗန်ဆိပ်တို့၌လည်းကောင်း၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မေ ၁၅ ရက်နံနက် ၁၀ နာရီတွင် ယုဇနဥယျာဉ်မုခ်ဦး၌ လည်းကောင်း၊ သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မွန်းတည့် ၁၂ နာရီတွင် မြို့နယ်ရုံး၌လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မွန်းလွဲ ၂ နာရီတွင် မြို့နယ်ရုံး၌ လည်းကောင်း ကျင်းပကြပြီး မဟာစင်မုန်တိုင်းကြိုတင်ကာကွယ်ရေးသိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြသည်၊

(သတင်းစဉ်)

မဟာစင်ဆိုင်ကလုန်းမုန်တိုင်းအကြောင်း အသိပညာပေးရှင်းလင်း

ရန်ကုန် မေ ၁၅

ပြည်သူများ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်နှင့် ဝန်ထမ်းများသည် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲလုပ်ငန်းများကို မေ ၁၄ ရက်တွင် သဘောကျွင်းရပ်ကွက် ပညာအလင်းရောင်စာကြည့်တိုက်၌ ဆောင်ရွက်ခဲ့သည်၊

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော မဟာစင်ဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ရှောင်ရန်၊ ဆောင်ရန်များကို ပြည်သူများသို့အသိပေးရှင်းလင်းခြင်း၊ရေဒီယိုနှင့် မြန်မာ့ရုပ်မြင်သံကြားမှ အချိန်မရွေးထုတ်လွှင့် ကြေညာချက်များအား စဉ်ဆက်မပြတ်ကြည့်ရှုကြပါရန် လိုက်လံ အသိပေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မြိတ်)တွင် မြေပေါ် အလျား ၉ ပေ× အနံ ၉ ပေ၊ အမြင့် ၁၅ ပေရှိမည့် သံကူကွန်ကရစ်ရေစင်(၁)လုံးအား တည်ဆောက်ရန်ခွင့်ပြုထားပြီးဖြစ်၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကိုယ်ပွားသတင်းစာတိုက်(မြိတ်)တွင် ၁၆-၅-၂၀၁၃ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပြီး ၁၆-၆-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီအရောက် တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ တင်သွင်းရန်နှင့် သတ်မှတ်ချိန်ထက်နောက်ကျသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၄၂၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်၊

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
မေတ္တာလမ်း၊ ရှမ်းကျောင်းရွာ၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)တွင် လုပ်ငန်းဆောင်ရွက်မည့်ခြံစည်းရိုးပြုပြင်ခြင်းနှင့် ခြံစည်းရိုးဝင်းအတွင်း မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၅-၂၀၁၃ရက်မှ ၃၀-၅-၂၀၁၃ ရက်ထိ နေ့စဉ် နံနက် ၁၀ နာရီမှ ၁၆ နာရီထိ ရုံးဖွင့်ရက်များအတွင်း ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)တွင် လာရောက်ထုတ်ယူနိုင်ပါသည်၊

၂။ အိတ်ဖွင့်တင်ဒါများကို ၁၈-၆-၂၀၁၃ ရက် ၁၃း၀၀ နာရီမှ ၀၄း၀၀ နာရီအတွင်း တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ၊ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ) ဖုန်း-၀၈၄-၂၂၄၉၂ တွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်၊

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
တာချီလိတ်လမ်းကျိုင်းတုံမြို့။

ဘာသာရပ်ဆိုင်ရာဟောပြောပွဲအခမဲ့ကျင်းပမည်

Kalbe International ၏ ပံ့ပိုးကူညီမှုဖြင့် မေလ ၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ဒေါ်တင်မိုးလွင် (Talents & Models)က သွက်လက်ထက်မြက်သော အမျိုးသမီးတစ်ယောက်ဖြစ်ရန်ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ပါသည်။

ရွှေဘုန်းပြည့်

သီရိဘာ [illegible]]+ [illegible] 1400USD
သီရိ[illegible] ([illegible]) [illegible] 1250USD
[illegible] 890USD
[illegible] 650USD

[illegible]

အမည်ပြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ညောင်လွန့်အထက်တန်းကျောင်း ဆဋ္ဌမတန်း (အေ)တွင် ပညာသင်ကြားနေသော အဖ ဦးစိုးဦး၏သမီးဖြစ်သူ မသွယ်နှင်းဆီအား မခင်သော်တာစံဟု ပြောင်းလဲခေါ်တွင်ပါရန်။

အမည်ပြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ညောင်လွန့်အထက်တန်းကျောင်း ဆဋ္ဌမတန်း (အေ)တွင် ပညာသင်ကြားနေသော အဖ ဦးရန်နိုင်စိုး [၉/တတန(နိုင်)၀၉၈၁၂၃]၏ သမီးဖြစ်သူ မခွန်းဆင့်နေခြည်စိုး အား မအိမ့်ချီစံဟု ပြောင်းလဲခေါ်ပါရန်။ မအိမ့်ချီစံ

[illegible]

တရုတ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် သရုပ်ဆောင် ဂျက်လီတို့ ပူးပေါင်း၍ ထိုက်ချီအကယ်ဒမီကျောင်း ဖွင့်လှစ်

တရုတ်ရုပ်ရှင်သရုပ်ဆောင် ဂျက်လီက တရုတ်နိုင်ငံမှ အင်တာနက်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ Jack Ma နှင့် ပူးပေါင်းကာ ထိုက်ချီအကယ်ဒမီကျောင်းတစ်ကျောင်းကို မေ ၁၀ ရက်က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့အကယ်ဒမီကျောင်းဖွင့်လှစ်ရန်ဆိုသည့်စိတ်ကူးမှာ Jack Ma ၏ စိတ်ကူးဖြစ်ပြီး ၎င်းက မျိုးဆက်သစ် လူငယ်များအား ရိုးရာသိုင်းပညာနှင့် ကိုယ်ခံပညာများအား ပိုမိုသိရှိနားလည်စေရန် ရည်ရွယ်ဖွင့်လှစ်သော သင်တန်းကျောင်း တစ်ကျောင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံးသော အွန်လိုင်းကုမ္ပဏီတစ်ခုဖြစ်သည့် Alibaba Group မှ ဥက္ကဋ္ဌတစ်ဦးဖြစ်သူ Jack Ma သည် ၎င်း၏ရာထူးကိုစွန့်လွှတ်ကာ တရုတ်အက်ရှင်မင်းသား ဂျက်လီနှင့်အတူ အဆိုပါထိုက်ချီအကယ်ဒမီကျောင်းကို ထူထောင်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ကျယ်ကျန်းပြည်နယ်၌ တည်ရှိပြီး အဆိုပါအကယ်ဒမီကျောင်းတွင် ထိုက်ချီပညာရပ်များနှင့် အခြားသော ကိုယ်ခံပညာရပ်များကို ဆရာကောင်းများဖြင့် သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပြီး Jack Ma သည် ကမ္ဘာ့အကြီးဆုံး အွန်လိုင်းကုမ္ပဏီတစ်ခုဖြစ်သည့် Alibaba ကုမ္ပဏီမှ ဥက္ကဋ္ဌရာထူးကိုပင် စွန့်လွှတ်ကာ ထိုက်ချီပညာရပ်အပေါ် စိတ်အားထက်သန်သူတစ်ဦးလည်း ဖြစ်သည်။

မည်သို့ဆိုစေကာမူ အဆိုပါ အကယ်ဒမီသင်တန်းကျောင်းသည် စီးပွားရေးလုပ်ငန်းရှင်နှင့် ရုပ်ရှင်သရုပ်ဆောင်တို့ စွန့်စွန့်စားစား ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်းနှင့် ၎င်းတို့တစ်ဦးချင်းစီတွင် ဝန်ထမ်းများအား ထိုက်ချီ ပညာရပ်များလေ့ကျင့်သင်ကြားပေးနေသည့် ယဉ်ကျေးမှုဆိုင်ရာကုမ္ပဏီများကိုယ်စီပိုင်ဆိုင်ထားရှိကြသူများဖြစ်ကြသည်။

ရှေးဟောင်းအဆောက်အအုံများ လှူဒါန်းမည့် အက်ရှင်မင်းသား ဂျက်ကီချန်း

သရုပ်ဆောင် ဂျက်ကီချန်းက မေ ၁၂ ရက်က ပြုလုပ်ခဲ့သည့် အင်တာဗျူးတစ်ခု၌ စင်ကာပူနိုင်ငံရှိ နည်းပညာနှင့် ဒီဇိုင်းတက္ကသိုလ်သို့ ရှေးဟောင်းအဆောက်အအုံလေးလုံးအား လှူဒါန်းမှုများပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ၎င်း၏ လှူဒါန်းမှုနှင့် ပတ်သက်၍ ထပ်မံအတည်ပြုပြောကြားခဲ့သည်။

ဆက်လက်ပြီး အခြားသော ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများကိုလည်း ပေကျင်း၊ ရှန်ဟိုင်းနှင့် ဟောင်ကောင်တို့သို့ ဆက်လက်လှူဒါန်းထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

"လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်တုန်းက ကျယ်ကျန်းပြည်နယ် Anhui က ရှေးဟောင်းအိမ် ၁၀ လုံးကို ကျွန်တော့်ရဲ့ မိဘတွေအတွက် ဝယ်ပေးခဲ့ဖူးပါတယ်။ ဒါပေမယ့် မိဘတွေ သေဆုံးသွားတော့ ဆက်လက်ထိန်းသိမ်းမယ့်သူ မရှိတော့တဲ့အတွက် အဲဒီအိမ်တွေဟာ ခြစားပြီး ပျက်စီးနေခဲ့ပါတယ်၊ ဒါကြောင့် Zhejiang ပြည်နယ်က တာဝန်ရှိသူတွေက ဒီအိမ်တွေကို လှူဒါန်းဖို့အတွက် အကြံပြုတိုက်တွန်းခဲ့ကြပါတယ်။ ဒါပေမယ့် ကျွန်တော်စိုးရိမ်တာ တစ်ခုက ယခု လှူဒါန်းမှုတွေဟာ ဒီရှေးဟောင်းအဆောက်အအုံတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ထက် နယ်မြေပိုင်ဆိုင်မှုဘက်ကို အဓိကဦးတည်သွားမှာကိုတော့ ကျွန်တော်စိုးရိမ်မိပါတယ်" ဟု သရုပ်ဆောင် ဂျက်ကီချန်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ချားစ်ဘရောင်းထံသို့ အလည်အပတ်ရောက်ရှိခဲ့ကြသည့် T-ara ကေပေါ့ပ်အဖွဲ့

T-ara ကိုရီးယားပေါ့ပ်ဂီတအဖွဲ့သည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့သို့ ရောက်ရှိနေစဉ်အတွင်း T-ara အဖွဲ့၏ အဖွဲ့ဝင်သစ် Dani ၏ စီစဉ်ဆောင်ရွက်မှုဖြင့် အမေရိကန်ရက်ပ်အဆိုတော် ချားစ်ဘရောင်းနှင့် တွေ့ဆုံကာ ၎င်း၏နောက်ဆုံးထွက်ရှိလာမည့် တေးသီချင်းဗီဒီယိုရိုက်ကူးရေးလုပ်ငန်းများကို သွားရောက်လေ့လာခဲ့ကြသည်။

T-ara အဖွဲ့မှ Dani ၏ ငယ်သူငယ်ချင်းဖြစ်သူ ချားစ်ဘရောင်းအား T-ara အဖွဲ့၏ Countryside Diaries အမည်ရှိတေးသီချင်းဗီဒီယိုအား ပြသခဲ့ပြီး ချားစ်ဘရောင်းက တောင်ကိုရီးယားမှ ကေပေါ့ပ်ကြယ်ပွင့်များနှင့် အနုပညာအလုပ်များ အတူတကွပူးပေါင်းဆောင်ရွက်ရန် အထူးစိတ်ပင်စားပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန် ရက်ပ်အဆိုတော် ချားစ်ဘရောင်းက မိမိထံသို့ လာရောက်လေ့လာသူ T-ara အဖွဲ့ဝင် လုပျိုဖြူများအတွက် ကိုယ်ရံတော် အစောင့်အရှောက် ရှစ်ယောက်ကို စီစဉ်ပေးခဲ့ကြောင်း သိရသည်။

T-ara ကိုရီးယားပေါ့ပ်ဂီတအဖွဲ့နှင့် အမေရိကန် ရက်ပ်အဆိုတော် ချားစ်ဘရောင်း။

မြီးနှမြင်း စုစည်းရေးသားသည်

ပရဟိတ ကလေးများဘဝ

ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစုံပြကျေးရွာ၊ မြို့ဦးပရဟိတ(ဘ/တ)၊ (လူငယ်စောင့်ရှောက်ရေးဌာန)ကို ၂၀၀၁ခုနှစ်တွင် မိဖေးမဲ့၊ မိမဲ့ ဖမဲ့၊ မိဘမဲ့၊ ဆင်းရဲနွမ်းပါး၊ ကလေး(၃၅)ဦးဖြင့် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/ကျောင်းသူကလေးပေါင်း(၂၅၄) ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါသည်။ (၁၂)နှစ်တာခရီးတိုင်အောင် ဖြတ်သန်းလာရသော်လည်း အမာခံငွေပင်ငွေရင်း ကျောထောက် နောက်ခံမရှိခြင်း၊ ရပ်ဝေးအလှူရှင် အားနည်းခြင်းစသော အကြောင်းများကြောင့် လိုအပ်ချက်များစွာ ရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန်များလိုအပ်ခြင်း၊ အဝတ်အစားနှင့် စာအုပ်၊ စာရေးကိရိယာများ လိုအပ်ခြင်းတို့သည် အရေးအကြီးဆုံးများဖြစ်သည်။ သို့ဖြစ်၍ စေတနာရှင်ပြည်သူများသည် ဤကျောင်းရှိ ကလေးများအား မိမိတို့၏ သားသမီးပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါသည်။

၁။ ကျောင်းအုပ်ဆရာတော်-ဖုန်း-၀၉ ၄၉၃၁၅၃၇၀
၂။ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး(ငြိမ်းချမ်းရေးနှင့် တမ္ဘာကျော် ပင်ရင်းထီဆိုင်ကြီး)အမှတ်(၁၆၈/၁၈၈)၊ အခန်း(၄)၊ ၂၇လမ်း (အထက်)၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅၊ ၀၉-၅၁၄၉၂၀၈
၃။ ဦးဟန်ကြည်-ဒေါ်ဝါဝါကျော်၊ Alpine သောက်ရေသန့်ကိုယ်စားလှယ်မိသားစု၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၁၄၁၉၀၊ ၀၉-၅၁၃၀၀၉၀
၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၃၃၅၅၊ ၀၉-၅၄၁၄၂၉၅၊ ၀၉-၅၁၁၂၄၁၆

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊
အမှတ်(၁၆၆)၊ ဦးပိုင်(၁၁၄)
ဖုန်း-၀၉၂၀၁၂၉၆၅၊ ၀၉၆၅၆၁၃၂၃

ကားရောင်းမည်

ဘတ်စ်ကား- ဂျပန် အီစူးဇူး
ဆေးဘော်ဒီအင်ဂျင်ပတ်ကား
ပြုပြင်ပြီး
၆ခ ဂတ်စ် ၁၀လုံး၊ ၁၂လုံးပါ(၃)စီး
၁ စီးလျှင် ၁၈၅ သိန်း ရောင်းရန်ရှိ
လိုင်းပါနေ့စဉ် ၇၀၀၀၀ ဝင်ငွေရှိ
ဖုန်း-၀၉-၅၁၅၉၉၈၉





ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)၊ မြေကွက်အမှတ်(၁၇၃)၊ မြေကွက် တည်နေရာအမှတ်(၁၇၃)၊ (၅)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်ခင်ညွန့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည် ပေါက် ဒေါ်ခင်ညွန့်နှင့် ခင်ပွန်း ဦးကျော်စိုး ကွယ်လွန်သဖြင့် ဒေါ်အေးအေးချစ် [၁၂/ ဥကတ (နိုင်)၀၁၈၃၃၃]က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံ ကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(င)၊ မြေကွက်အမှတ်(၆၅၆)၊ မြေကွက် တည်နေရာ အမှတ်(၆၅၆)၊ သန္တာ(၁၃)လမ်း၊ (င) ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်စိုးမြဦး(စီဂျီ-၀၂၀၃၃၉)ဦးသာထွန်းဦး(စီဂျီ-၀၂၀ ၃၃၈) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်စိုးမြဦးနှင့် ဖခင် ဦးသာ ထွန်းဦးတို့ကွယ်လွန်သဖြင့် ဒေါ်နုနုအေး[၁၂/ ဥကမ(နိုင်)၁၀၀၉၄၀]က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေ စာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ် လွှဲစာ ၄၉၁၀/၂၂-၁-၂၀၁၃ဖြင့် ရရှိသူဦးအေး မြင့်[၁၂/ဥကမ(နိုင်)၀၃၂၆၂၉]ကအမွေဆက် ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းမြေပုံ ကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

ဦးမြင့်ဌေး (EV 007377)- ဒေါ်အေးညိုညိုလွင်(SDG 083542) တို့၏ သား မောင်ဝေယံကျော်အား မောင်အောင်ခေတ်ပိုင်ဟု အမည် ပြောင်းလဲခေါ်ပါရန်။

အားကစား

ပရီမီယာလိဂ်ရင်ခုန်သံ – ၃၈

၂၀၁၂-၁၃ ဘောလုံးရာသီပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်(၃၈)ကို လာမယ့်မေ ၁၉ ရက်ညမှာ ပွဲအားလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပသွားမှာဖြစ်တယ်။ လက်ရှိအချိန်မှာ ပရီမီယာလိဂ်က ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်တွေအတွက် အဖြေမပေါ်သေးလို့ အဲဒီနေရာတွေအတွက် အားပြိုင်နေရတဲ့ ချယ်လ်ဆီး၊ အာဆင်နယ်၊ စပါးတို့ရဲ့ ရှုံးကန်အားတွေနဲ့အတူ ဒီနှစ် ပရီမီယာလိဂ်ပြိုင်ပွဲက နောက်ဆုံးပွဲစဉ်တွေအထိ ပြိုင်ဆိုင်မှုပြင်းပြင်းနဲ့ ပရိသတ်ကို နှုတ်ဆက်ရပ်နားသွားမယ့် အခြေအနေမှာရှိနေတာ တွေ့ရတယ်။

ချယ်လ်ဆီး - အဲဗာတန် ည ၉:၃၀ နာရီ(၁၉-၅-၂၀၁၃)
ပထမအကျော့ရလဒ် အဲဗာတန် ၁-၂ ချယ်လ်ဆီး

ချယ်လ်ဆီးရဲ့လက်ရှိခြေမဆိုးဘူး။ ကွင်းလယ်ကစားပုံက တည်ငြိမ်ပြီး ခံစစ်ကစားပုံလည်း ကျစ်လစ်မှုရှိတယ်၊ ပြီးတော့ အိမ်ကွင်း၊ ဒါ့အပြင် ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့အတွက်လည်း အမှတ်လိုအပ်နေသေးတာကြောင့် ဒီပွဲမှာအနိုင်ရဖို့ အားစိုက်လာမယ့်သဘောရှိတယ်၊ ဒါပေမယ့် ချယ်လ်ဆီးက ကြားရက်မှာ ယူရိုပါလိဂ်ဗိုလ်လုပွဲ ကစားခဲ့ရလို့ ပွဲပန်းမှုတွေ ရှိလာနိုင်တယ်။ ဒါ့အပြင် လက်ရှိ အဲဗာတန်ရဲ့ ခြေကမဆိုးသလို မာကျောမှုရှိတယ်။

လီဗာပူး - ကွင်းပီအာ ည ၉:၃၀ နာရီ(၁၉-၅-၂၀၁၃)
ပထမအကျော့ရလဒ် ကွင်းပီအာ ၀-၃ လီဗာပူး

ကွင်းပီအာက တန်းဆင်းရဖို့မသေချာမနေတဲ့အသင်းပါ၊ လီဗာပူးအတွက်ကလည်း ဒီပွဲအနိုင်အရှုံးဟာ အရေးမပါတော့ပါဘူး။ ဒါပေမယ့် နှစ်သင်းစလုံးအနေနဲ့ သိက္ခာပိုင်းအရတော့ နောက်ဆုံးပွဲစဉ်မှာ အနိုင်ရရှိဖို့ ခြေကုန်ထုတ်လာကြမှာပါ။ ဒီနှစ်သင်းရဲ့လက်ရှိခြေစွမ်းကို လေ့လာကြည့်ရင် လီဗာပူးကသာတယ်၊ လီဗာပူးက စတားရစ်ရဲ့ ခြေအတက်အကျပေါ်မှာတည်မှီပြီး တိုက်စစ်ပိုင်းစွမ်းဆောင်ရည်က မတည်ငြိမ်ပေမယ့် အသင်းလိုက်ကစားပုံတည်ငြိမ်တယ်။ ကွင်းလယ်စုဖွဲ့မှု အားကောင်းပြီး ဒီပွဲကအိမ်ကွင်းဖြစ်တယ်၊ ဒါကြောင့် လီဗာပူးအနေနဲ့ ကွင်းပီအာကို ထိန်းချုပ်ဖိအားပေးသွားနိုင်ဖို့ရှိတယ်၊

မန်စီးတီး - နော့ဝှစ်ချ် ည ၉:၃၀ နာရီ(၁၉-၅-၂၀၁၃)
ပထမအကျော့ရလဒ် နော့ဝှစ်ချ် ၃-၄ မန်စီးတီး

နော့ဝှစ်ချ်ရဲ့ကစားအားက လက်ရှိအချိန်မှာ မဆိုးဘူး၊ နောက်ဆုံးပွဲစဉ်မှာ ဝက်စ်ဘရွန်းကိုတောင် လေးဂိုးပြတ်အနိုင်ရခဲ့တာ တွေ့ရတယ်။ တကယ်လို့ကြားရက်မှာ ဝီဂန်ကအာဆင်နယ်ကို နိုင်ခဲ့မယ်ဆိုရင် နော့ဝှစ်ချ်အနေနဲ့ တန်းမဆင်းရရေး သေချာမှုမရှိသေးတာကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်လာဖို့ရှိတယ်၊ ဒါဆိုရင် မန်စီးတီးတို့ ကစားရဖို့ခက်မယ်၊ ဒါပေမယ့်လည်း မန်စီးတီးဟာ အက်ဖ်အေဖလားကို လက်လွှတ်ခဲ့ရမှုကြောင့် ဖိအားဒဏ်ခံနေရတဲ့အတွက် အခုနောက်ဆုံးပွဲစဉ်ဖြစ်တဲ့ အိမ်ကွင်းပွဲမှာ ရလဒ်ကောင်းရဖို့ ရုန်းကန်လာမှာက သေချာတယ်၊

နယူးကာဆယ် - အာဆင်နယ် ည ၉:၃၀ နာရီ(၁၉-၅-၂၀၁၃)
ပထမအကျော့ရလဒ် အာဆင်နယ် ၇-၃ နယူးကာဆယ်

အာဆင်နယ်အတွက်အရေးပါတဲ့ ပွဲပါ။ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့အတွက် လုံးဝရှုံးနိမ့်လို့မရတဲ့ပွဲလည်း ဖြစ်ပါတယ်။ ဒါကြောင့် အာဆင်နယ်အနေနဲ့ အနိုင်ရရှိဖို့ ခြေကုန်ထုတ်လာမှာဖြစ်သလို လက်ရှိခြေစွမ်းပိုင်းကလည်း တည်ငြိမ်မှုအပြည့်ရှိပါတယ်၊ အသင်းလိုက်ကစားပုံရော တိုက်စစ်ကစားပုံကပါ ထက်မြက်နေတာကြောင့် နယူးကာဆယ်ကို ဖိအားပေးသွားနိုင်မှာပါ၊ နယူးကာဆယ်က လက်ရှိအချိန်မှာအိမ်ကွင်းအားနဲ့ အကောင်းဆုံးခံကစားမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေလို့ အာဆင်နယ်ကို ထိန်းချုပ်ဖို့မလွယ်ဘူး။

ဆောက်သမ်တန် - စတုတ် ည ၉:၃၀ နာရီ(၁၉-၅-၂၀၁၃)
ပထမအကျော့ရလဒ် စတုတ် ၃-၃ ဆောက်သမ်တန်

ကြားရက်မှာ ကစားခဲ့တဲ့ပွဲကျန်မှာ ဝီဂန်က အာဆင်နယ်ကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့၍ ဒီဆုံတွေ့မှုဟာ အရေးပါတဲ့ဆုံတွေ့မှုတစ်ခုလို့ သတ်မှတ်မရတော့ပေ၊ ဒီနှစ်သင်းစလုံးဟာ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှု မရှိပုံခြင်းက တူညီနေတယ်၊ ဒါပေမယ့် ကွင်းက ဆောက်သမ်တန်ရဲ့အိမ်ကွင်း၊ ဆောက်သမ်တန်က အိမ်ကွင်းမှာ ခြေပိုမိုကောင်းမွန်တတ်ပေမယ့် စတုတ်က အဝေးကွင်းမှာဆိုရင်ခြေစွမ်းပိုင်းက ပိုမိုအားပျော့တတ်သလို တိုက်စစ်ပိုင်းကလည်း တည်ငြိမ်မှုမရှိဘူး။

ရှိုင်းမင်းမင်း

ဘောလုံးလောကသတင်းတိုများ

ပရီမီယာလိဂ်လက်ရှိချန်ပီယံ မန်ယူအသင်းသည် ဘာစီလိုနာ ကွင်းလယ်ကစားသမား ဖာဘရီဂတ်အား ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ ဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းသည် တိုက်စစ်မှူး လီဝန်ဒိုစကီးနေရာတွင် အစားထိုးရန် အက်စ်တွန်ဗီလာတိုက်စစ်မှူး ခရစ်စတီယန်ဘန်တီကီအား စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်၊

မန်စီးတီးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား အာဂျန်ရော်ဘင်အား ခေါ်ယူရန် ပေါင် ၁၇ သန်းဖြင့် ကမ်းလှမ်းထားကြောင်း သိရသည်၊

ဝရီမီယာလိဂ်၌ ရှစ်နှစ်ကြာပြီးနောက် ဝီဂန်တန်းဆင်း နည်းပြမရှိတဲ့ မန်စီးတီး အဝေးကွင်း၌ ရီးဒင်းကိုနိုင်

နိုင်လင်းကြည်

ပရီမီယာလိဂ်၏ လက်ကျန်ပွဲစဉ်များကို မေ ၁၅ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်၏ အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သော အာဆင်နယ်အသင်းနှင့် ဝီဂန်အသင်းတို့၏ ပွဲစဉ်တွင် အာဆင်နယ်အသင်းက ဝီဂန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရီးဒင်းအသင်းနှင့် မန်စီးတီးအသင်းတို့၏ ပွဲစဉ်တွင် မန်စီးတီးအသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်၊

အာဆင်နယ်နှင့် ဝီဂန်အသင်းတို့၏ ပွဲစဉ်သည် ကြည့်ရှုသူပရိသတ်စိတ်ဝင်စားမှုအရှိဆုံးပွဲဖြစ်ခဲ့ရသည်၊ အာဆင်နယ်အသင်းသည် လာမည့်နှစ်ဘောလုံးရာသီ၏ ချန်ပီယံလိဂ်ဝင်ခွင့်သေချာရန် ကြိုးပမ်းနေရပြီး ဝီဂန်အသင်းသည်လည်း ချန်ပီယံရှစ်သို့ တန်းမဆင်းသွားရေး ရုန်းကန်သည့်ပွဲစဉ်ဖြစ်၍ အကြိတ်အနယ်ရှိလှသည်၊

အာဆင်နယ်အသင်းသည် ပိုဒေါ်စကီး၏ ၁၁ မိနစ်တွင် သွင်းယူခဲ့သည့်သွင်းဂိုးဖြင့် ဦးဆောင်ကစားခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ဝီဂန်ကစားသမားမယ်လိုနီက ခေါင်းတိုက်သွင်းယူပေးခဲ့သဖြင့်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး ဒုတိယပိုင်းတွင် အာဆင်နယ်အသင်းက ၆၃ မိနစ်တွင် ဝဲလ်ကော့၊ ၆၈ မိနစ်တွင် ပိုဒေါ်စကီးနှင့် ၇၁ မိနစ်တွင် ရမ်ဆေးတို့က ဂိုးများထပ်မံသွင်းယူပေးခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင်အာဆင်နယ်အသင်းက ဝီဂန်ကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဝီဂန်အသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲတွင် မန်စီးတီးအသင်းကို အနိုင်ကစားကာ ၈၀ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အက်ဖ်အေဖလားဆွတ်ခူးနိုင်ခဲ့သော်လည်း ပရီမီယာလိဂ်တွင်မူ ရှစ်နှစ်ကြာကစားခဲ့ပြီးနောက် ချန်ပီယံရှစ်သို့တန်းဆင်းသွားခဲ့ရပြီဖြစ်သည်။

အာဆင်နယ်အသင်းသည် ဝီဂန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် လန်ဒန်ပြိုင်ဘက် စပါးအသင်းအထက်တွင် တစ်မှတ်အသာဖြင့် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ စတုတ္ထနေရာ၌ ရပ်တည်နိုင်ခဲ့ပြီး အာဆင်နယ်အသင်းအနေဖြင့် မေ ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားမည့် နယူးကာဆယ်နှင့် ပွဲစဉ်တွင် အနိုင်ရရှိခဲ့ပါက အာဆင်နယ်အသင်းသည် လာမည့်ဘောလုံးရာသီ၏ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက် အာမခံချက်ပေးနိုင်လိမ့်မည်ဖြစ်သည်။

ရီးဒင်းအသင်းနှင့် မန်စီးတီးအသင်းတို့၏ ပွဲစဉ်တွင် ရီးဒင်းအသင်းသည် တန်းဆင်းရရန် သေချာခဲ့ပြီဖြစ်၍ ဂုဏ်သိက္ခာကိုသာ အလေးထားကစားရသည့်အပြင် မန်စီးတီးသည်လည်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိနေပြီဖြစ်သောကြောင့် အမှတ်ပေးဇယား၏ အဆင့် ၂နေရာဖြင့် ချန်ပီယံလိဂ်ဝင်ရေးကိုသာအားစိုက်နေရသဖြင့် ပြိုင်ဆိုင်မှုပြင်းပြင်းထန်ထန်မရှိလှပေ။

သို့ရာတွင် မန်စီးတီးအသင်းသည် နည်းပြမန်စီနီကို အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ခြင်းကြောင့် ယင်းပွဲစဉ်တွင် လက်ထောက်နည်းပြဖြင့်သာ နစ်ပါးသွားခဲ့ရသည်၊

ယင်းပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် အနိုင်အရှုံးသည် အရေးမပါတော့သော်လည်း အဝေးကွင်းသို့သွားရောက်ကစားခဲ့ရာတွင် မိနစ် ၄၀ တွင် သွင်းယူခဲ့သည့် အဂူရို၏သွင်းဂိုးနှင့် ဇက်ကို၏၈၈ မိနစ်တွင်သွင်းယူခဲ့သည့် သွင်းဂိုးများဖြင့် ရီးဒင်းအသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။





ဆိုင်ကယ်နှင့် မှန်လုံယာဉ်တိုက် ဆိုင်ကယ်မောင်းသူ သေဆုံး

ပဲခူး မေ ၁၅

ပဲခူးမြို့ အမှတ်(၃) ရဲစခန်း၌ ဒု-ရဲအုပ်ထွန်းမင်းသက် တာဝန်မှူး ဆောင်ရွက်နေစဉ် မေ ၁၃ ရက် နံနက် ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သက်သေနှစ်ဦးနှင့်အတူ သွားရောက်စစ်ဆေးရာ ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် (၄၆/၀)နှင့် (၄၆/၁) အကြား သိကြားမင်းဆီဆိုင်အနီး၌ ပဲခူးမြို့အတွင်းမှ ရန်ကုန်ဘက်သို့ လမ်းလယ်ကျွန်းအတိုင်း အတွင်းယာဉ်ကြောမှ နေလင်းအောင် (၂၇)နှစ် ရန်ကုန်လမ်းမတန်း ကျွန်းသာယာရပ်ကွက် ပဲခူးမြို့နေသူ မောင်းနှင်လာသည့် ၃၀ယ/... လော့ဂျား(၁၁၀) အစိမ်းပုပ်ရောင် ဆိုင်ကယ်သည် အေးထက်ကျော် (ခ) ကျော်ကြီး (၃၃)နှစ် ဗိုလ်အောင်ကျော်လမ်းသွယ် အမှတ်(၆)ရပ်ကွက် ဥသာမြို့သစ်နေသူအား တင်ဆောင်ပြီး ယာဘက်ယာဉ်ကြောသို့ ဖြတ်ထွက်ရာ ၎င်းယာဉ်ကြောအတိုင်း နောက်မှ ယာဉ်မောင်း ရွှေထူး (၁၅)နှစ် ဆိုရှယ်လစ် (၁၇)လမ်း ရှင်စောပု ရပ်ကွက် ပဲခူးမြို့နေသူမောင်းနှင်လာသည့် ၈စ/.... ခရီးသည်တင်မှန်လုံယာဉ် ခေါင်းဘယ်ခြမ်းနှင့် တိုက်မိပြီး ဆိုင်ကယ်မောင်း နေလင်းအောင်တွင် ယာဘက်ခြေထောက်ကျိုးကျေဒဏ်ရာ၊ ယာဘက်အပေါ် နှုတ်ခမ်းပြတ်ရှ ယာဘက်ချိုစောင်းဒဏ်ရာ၊ ယာဘက်လက်ဖမိုးပြတ်ရှဒဏ်ရာများနှင့် အေးထက်ကျော် (ခ) ကျော်ကြီးတွင် ယာနဖူးပြတ်ရှ ယာပေါင်ဖူးရောင် ဒဏ်ရာများရရှိခဲ့၍ ရဲဆေးစာဖြင့် ပဲခူးဆေးရုံသို့ ပို့ဆောင်ခဲ့ရာတွင် ဆိုင်ကယ်မောင်း နေလင်းအောင်မှာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့သဖြင့် ယာဉ်အားပေါ့ဆစွာ မောင်းနှင်ခဲ့ကြသော နေလင်းအောင်နှင့် ရွှေထူးတို့အား ပဲခူးမြို့အမှတ်(၃)ရဲစခန်းက (ပ)ယာဉ် ၀၃/၂၀၁၃၊ ဖြစ်မှုပုဒ်မ ၃၃၇/၃၃၈/ ၃၀၄-က အရ အမှုဖွင့်ကာ ဒု-ရဲအုပ် အမှုစစ် ထွန်းမင်းသက်က တရားစွဲတင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ရွှေဘုန်းအောင်-ပဲခူး)

စိတ်မနှံ့သည့် အမျိုးသမီး ကြိုးဆွဲချသေဆုံး

လပွတ္တာ မေ ၁၅

လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာ အမှတ် (၃)ရပ်ကွက်၌ မေ ၁၁ ရက် ညနေ ၅ နာရီခန့်တွင် အမျိုးသမီးတစ်ဦး ကြိုးဆွဲချသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၁ ရက် ညနေ ၅ နာရီခန့်တွင် လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးလွင်သည် ကန်ဘက်ကျေးရွာ အမှတ် (၃)ရပ်ကွက်နေ မကြူမာဇင် (၄၀)နှစ်သည် သူမ၏နေအိမ်၌ ကြိုးဆွဲချသေဆုံးနေကြောင်း သတင်းပို့သဖြင့် ကန်ဘက်ရဲစခန်းမှ ဒု-ရဲအုပ် သန့်ဇင်ဦးနှင့်အဖွဲ့သည် အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူ မကြူမာဇင်သည် လွန်ခဲ့သော ငါးနှစ်ခန့်က အမျိုးသမီးရောဂါဖြင့် စိတ်မမှန်သူဖြစ်၍ ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသခံယူနေရသူဖြစ်ကြောင်း၊ သေဆုံးသူ မကြူမာဇင်တွင် ပြင်ပဒဏ်ရာမရှိဘဲ ကြိုးဆွဲချသေဆုံးခြင်းဖြစ်ကြောင်း ဓမ္မတာအတိုင်း သေဆုံးဟုတ်/မဟုတ် သိရှိရန် ည ၈ နာရီခွဲခန့်တွင် ဦးစိုးလွင်၏ တိုင်တန်းချက်အရ ကန်ဘက်ရဲစခန်းမှ သေမှုသေခင်းအမှတ် ၄/၂၀၁၃ ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

(ပုသိမ်လှကြည်)

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

စစ်ကိုင်း မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ သစ်တောဝန်ထမ်းများသည် တရားမဝင်သစ်ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ရာ ဟုမ္မလင်းမြို့နယ် တုံဟဲကျေးရွာနှင့် နှစ်မိုင်ခန့် အကွာ၌ တရားမဝင် ကျွန်းခွဲသား ၁ ဒသမ ၇၄၅၃ တန်၊ သစ်စက်အင်ဂျင် တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ကလေးဝမြို့နယ် ကြာပင်ကြိုးဝိုင်းအတွင်းရှိ တရားမဝင် ကျွန်းသစ် ၁ ဒသမ၅၀၈ တန်၊ ပျဉ်းကတိုးသစ် ၃ ဒသမ ၅၁၈ တန်၊ ကွန်းလှမြို့နယ် မိုင်းဝန်းကြိုးဝိုင်းအကွက်အမှတ်(၁၀၇)၌ တရားမဝင် သစ်ရာ/ပျဉ်းကတိုးသစ် ၅ ဒသမ ၇၂၀၁ တန်၊ ရွှေဘိုမြို့နယ်မြေ(၅) ရေတော်ကျေးရွာအထက် နှစ်မိုင်ခန့်အကွာ၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၅၅၄ တန်၊ ကနီမြို့နယ် မုံရွာ-ယာကြီး-ကလေးဝ ကားလမ်း မိုင်တိုင်အမှတ် (၄၉/၂) အနီးမှ တရားမဝင် တမလန်းသစ် သုည ဒသမ ၄၉၁၆ တန်၊ အင်းတော်မြို့နယ် ဖက်ဆွတ်ကြိုးဝိုင်း အကွက်အမှတ်(၃၃)အတွင်းမှ တရားမဝင် မီးသွေး ၀၉ ဒသမ ၂ တန်တို့အား ပိုင်ရှင်မဲ့အသီးသီး သိမ်းဆည်းရမိခဲ့သည်။ ကနီမြို့နယ် ပင်ထောင်ကြိုးဝိုင်း အကွက်အမှတ်(၁၃)အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၄၅၄၂ တန်နှင့်အတူ တရားခံ မောင်ဌေးဝင်း ကုန်းရွာနှင့် တရားမဝင် အခြားအသား သုည ဒသမ ၉၄၄ တန်နှင့်အတူ တရားခံ မောင်ညိုတင် ဝင်းကုန်းရွာတို့ နှစ်ဦးအား ဖမ်းဆီးရမိပြီး သစ်တောဥပဒေပုဒ်မ ၃၃(က)၂ အရ အရေးယူထားကြောင်း သိရသည်။

အလားတူ မေ ၅ ရက်တွင် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ရေမြူကြိုးပြင်ကာကွယ်တော စိမ်းချောင်းအတွင်းမှ တရားမဝင် ကျွန်းခွဲသား ၂ ဒသမ ၉၄၂ တန်နှင့် အပ်ကြင်းခွဲသား သုည ဒသမ ၉၃ တန်တို့အား ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်သာဂရလမ်းဆင်မြူးအောင်ရွာအနီး၌ တရားမဝင် ကျွန်းခွဲသား သုည ဒသမ ၄၀၂၆ တန် တင်ဆောင်လာသည့် ၆ခ/... ယာဉ်တစ်စီးနှင့်အတူ ဦးစန်းသက်ထူး စိန်ပန်းမြိုင်လမ်း မြောက်ဒဂုံ(၃၃)ရပ်ကွက်အား ဖမ်းဆီးရမိပြီး သစ်တောဥပဒေပုဒ်မ ၄၃(က) အရ အရေးယူထားကြောင်း သိရသည်။

အလားတူ မေ ၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရှောပြာဘိနယ် ကလပ်ချီကျေးရွာနှင့် ဥယျာဉ်ချောင်းရွာ နေရာလေးခုမှ တရားမဝင် အခြားသားသစ်လုံး ၁၄ ဒသမ ၇၈၆ တန်၊ အခြားခွဲသား ၃၂ ဒသမ ၈၆၁ တန်၊ အခြားတိုင် ၂ ဒသမ ၃၂၆၆ တန် စုစုပေါင်း ၄၉ ဒသမ ၉၇၃၆ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရ သည်။

(သစ်တောဦးစီး)

တာချီလိတ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

တာချီလိတ် မေ ၁၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ အမှတ်(၁) ချစ်ကြည်ရေးတံတား တာဝန်ကျရုံးမှ ဒုရဲအုပ် ဝေလင်းထက် ဦးစီးအဖွဲ့၊ ရပရ (မူ/ကူ)မှ ဒုရဲအုပ် သိန်းထွန်းသိန်း၊ တာချီလိတ်ရဲစခန်းမှ နယ်ထိန်းပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၀ ရက် နံနက် ၉ နာရီတွင် တာချီလိတ်မြို့ အမှတ်(၁) ချစ်ကြည်ရေးတံတား စစ်ဆေးရေးဂိတ်၌ ထိုင်းနိုင်ငံ မယ်ဆိုင်ဘက်မှ တာချီလိတ်ဘက်သို့ စိုင်းလုံစိုင်း(၄၃)နှစ် ဗိုလ်ချုပ်လမ်း မကာဟိုခမ်းရပ်ကွက် တာချီလိတ်မြို့နေသူ စီးနင်းလာသည့် ဘက်ထရီသုံး စက်ဘီးအား ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ စက်ဘီးနောက် ဖင်ထိုင်ခုံတွင် တင်ဆောင်ထားသည့် စက္ကူဖာအတွင်း Volcidol စာတန်းပါ Tramadol Hydrochlorides ၅၀ mg စက္ကူဖာ ၅၂ဖာ (စက္ကူဖာတစ်ဖာလျှင် ဆေးတောင့် ၁၀ တောင့်စီပါ ဆေးကတ် ၂၅ ကတ်) ပါရှိသည့် စုစုပေါင်း ဆေးကတ် ၁၃၀၀၊ စုစုပေါင်း ဆေးတောင့် ၁၃၀၀၀ အား ရှာဖွေတွေ့ရှိသဖြင့် ဒုရဲအုပ်ကြည်လွင်က သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဆေးတောင့်များနှင့် အတူ လက်ဝယ်တွေ့ရှိသူ စိုင်းလုံစိုင်းအား ရဲအုပ်ကျော်သူဦးစီးအဖွဲ့က ၎င်းပိုင်ဆိုင်သည့် ကျိုင်းတုံဆေးဆိုင်သို့ ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်စစ်ဆေးရှာဖွေရာ ဆေးတောင့် ၃၇၃၀၀ (အလေးချိန် ၁ ဒသမ ၈၆၅ ကီလို)အား ရှာဖွေသိမ်းဆည်း ဖမ်းဆီးရမိသဖြင့် စိုင်းလုံစိုင်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြင့်မိုရ်-တာချီလိတ်)

နှစ်လုံးထီလောင်းကစားမှု ဖမ်းဆီးခံရ

စစ်ကိုင်း မေ ၁၅

စစ်ကိုင်းမြို့နယ် မင်းကွန်းမြောက်ရွာတွင် နှစ်လုံးထီလောင်းကစားနေကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လောင်းကစားဖမ်းဝရမ်းဖြင့် ခရိုင် ထ/န အဖွဲ့မှ ဒု-ရဲအုပ် တင်မောင်အေး၊ ဒု-ရဲအုပ် အာကာမင်းနှင့် မင်းကွန်းရဲစခန်းမှူး ဒု-ရဲအုပ် သိန်းဇော်ပင်းတို့သည် မေ ၁၁ ရက်တွင် မင်းကွန်းမြောက်ရွာနေ ဒေါ်ခင်စိုးရီ နေအိမ်ခြံဝင်းအတွင်းရှိ ထန်းလက်တဲအောက် ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသော သက်သေခံပစ္စည်းများ၊ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ငွေစက္ကူ ရောရာ ကျပ် ၃၆၂၀၀အား တွေ့ရှိရ၍ သက်သေခံများရှေ့တွင် သိမ်းဆည်းလိုက်ပြီး နှစ်လုံးထီ လောင်းကစားသူ ဒေါ်ခင်စိုးရီအား လောင်းကစားမှု ဥပဒေပုဒ်မ ၁၅(က) ၁၆(က)ဖြင့် စစ်ကိုင်းအမှတ်(၁)ရဲစခန်းက အရေးယူထားကြောင်း သိရသည်။ (၂၂၅)

နေ့စဉ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာ(၁)လမ်းနေ ဦးခင်မောင်မြင့်(ဆောက်လုပ်ရေးဝန်ကြီးဌာန)-
ဒေါ်နှင်းနှင်းလွင်တို့၏ တစ်ဦးတည်းသောသား၊
မောင်ဇေယျာလွင်-မသန္တာခင်မောင်မြင့်၊
မသဇင်ခင်မောင်မြင့် (Leo Plastic Co.,Ltd.)တို့၏မောင်
ဗိုလ်ပြည့်ဖြိုးမောင်
(M.B.,B.S) (D.S.M.A) အမှတ်စဉ်(၁၃)
နှင့်
ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ
ဦးတော-ဒေါ်အေးတုတ်၊ ဦးမြလှိုင်-ဒေါ်အမာတို့၏ မြေး၊
အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်၊ လှိုင်မြစ်လမ်း၊ အမှတ်(၄၄၇)နေ
ဦးစိုးတင့်-ဒေါ်ဝင်းဝင်းမော်တို့၏ သမီးကြီး မသရဖီစိုးတင့်၏အစ်မ
မယဉ်ယဉ်မော်(ခ)ရတီစိုးတင့်
First Year (Law)
တို့သည် ၁-၅-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) (အလုပ်သမားနေ့)တွင် နှစ်ဖက်သော လူကြီးမိဘများရှေ့မှောက်၌ နေ့စဉ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ပြည့်ဖြိုးမောင်-မယဉ်ယဉ်မော်(ခ)ရတီစိုးတင့်



ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးခန့်ကိုကို ၁၂/သလန (နိုင်)၁၀၉၇၃၂၂၏ နိုင်ငံကူးလက်မှတ် Passport No 962868 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်၊ ကျေးဇူးဆပ်ပါမည်။
မောင်မျိုးခန့်ကိုကို
ဖုန်း-၀၉-၅၁၉၂၆၆၉၊ ၀၁-၃၉၂၇၃၈

မွေးနေ့ မင်္ဂလာဆုတောင်းလွှာ

ချစ်မေမေ "ဦးစိန်လှိုင်"၏ (၁၅-၅-၂၀၁၃) နေ့တွင်ကျရောက်သော အသက် (၇၀)ပြည့်မွေးနေ့မှသည် ချစ်မေမေ "ဒေါ်တင်ဝင်း" နှင့်အတူ နေ့စဉ်နှစ်ပေါင်းများစွာတိုင်အောင် သာသနာရေး၊ ဘာသာရေး များကို ဆထက်ထမ်းပိုးထမ်းဆောင်နိုင်ပြီး အောင်မြင်ပျော်ရွှင်သော မိသားစုဘဝကို ဆက်လက်တည်ဆောက်နိုင်ပါစေကြောင်းဆုမွန် ကောင်းတောင်းအပ်ပါသည်။ ချစ်သားသမီးနှင့် ချစ်မြေးများ





ကျေးဇူးဆပ်ပါမည်

ကျွန်တော် ထင်လင်း(ဘ) ဦးရဲဆွေ ၁၂/ရကန(နိုင်)၀၅၆၉၀၉၏ PP-963351 ထုတ်ပေးရက်စွဲ (၂၂-၂-၂၀၀၇)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၅၀၁၅၅၆၃

အထက်မြန်မာပြည်သတင်း

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာဖြင့် ကျေးလက်မီးလင်းရေး စတင်

ပုလဲ မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကံသစ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မေ ၈ ရက် မွန်းလွဲ ၁ နာရီတွင် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ မီးလင်းရေးအတွက် ဆိုလာကွန်ထရိုလာ နေရောင်ခြည် စွမ်းအင်တပ်ဆင်မှုနှင့် ဆိုလာကွန်ထရိုလာပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပုလဲမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆွေက အမှာစကား ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစန်း အောင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် များကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။ ဆက်လက် ၍ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုလာ ကွန်ထရိုလာနှင့် ဆက်စပ်ပစ္စည်းများကို ဌာနတာဝန်ရှိသူ များက ပေးအပ်ခဲ့သည်။

ကံသစ်ကျေးရွာအတွက် ကပ်ဆင်ပေးခဲ့သည့် ဆိုလာ ကွန်ထရိုလာများမှာ ၇၀ စုံဖြစ်ပြီး စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၆၁၅၀၀၀ ကျပ်ကျ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံ ငွေမှ ကုန်ကျငွေ တစ်ဝက်ကို ထောက်ပံ့ပေးခဲ့ပြီး ကျေးရွာနေပြည်သူများက ကုန်ကျငွေ တစ်ဝက် ထည့်ဝင် ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကံသစ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစန်းလင်းက "ယခုလို နေရောင်ခြည်သုံး ဆိုလာကွန်ထရိုလာဖြင့် မီး အလင်း ရရှိခြင်းဟာ ယခင်က ဖယောင်းတိုင်၊ ရေနံဆီ မီးခွက်များကို အသုံးပြုကဲ့နေရာမှာ အစားထိုးပြီး မိမိတို့ကျေးရွာရှိ ပြည်သူများအနေဖြင့် မီးလောင်မှု အန္တရာယ်ဘေးမှ ကင်းဝေးခြင်း၊ လုံခြုံရေးစိတ်ချရခြင်း၊ ညအချိန် တစ်အိမ်နှင့် တစ်အိမ်သွားလာရာတွင် မြွေ အန္တရာယ်မှကင်းဝေးပြီး ဖယောင်းတိုင်၊ ရေနံဆီမီးခွက် တို့သုံးစွဲခြင်းထက် ကုန်ကျစရိတ် သက်သာခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိလာခြင်းဖြစ်တဲ့အတွက် ယခုကဲ့သို့ နေရောင်ခြည်သုံး ဆိုလာကွန်ထရိုလာဖြင့် မီးလင်းအောင် ကူညီထောက်ပံ့ပေးခဲ့တဲ့ တိုင်းဒေသကြီး အစိုးအရအဖွဲ့နှင့် ဌာနတာဝန်ရှိသူများကိုလည်း ကျေးရွာသူ၊ ကျေးရွာသား များကိုယ်စား ကျေးဇူးတင်ရှိပါတယ်"ဟု ပြောကြား ခဲ့သည်။

မြင့်သိန်းစိုး (ပုံတောင်မြေ)

မိတ္ထီလာတွင် ဆီးဂိမ်းအကြိုနှိုးဆော်ရေး ဗီနိုင်းဆိုင်းဘုတ်ကြီးနှစ်ခု စိုက်ထူမည်

မိတ္ထီလာ မေ ၁၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ ခရိုင် မိတ္ထီလာမြို့တွင် လူစည်ကားရာ လမ်းမကြီးနှင့် လမ်းဆုံများတွင် မြန်မာ နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပ မည့် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း) အကြိုနှိုးဆော်ရေး ဗီနိုင်းဆိုင်းဘုတ် ကြီးနှစ်ခု စိုက်ထူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

"ဆိုင်းဘုတ်ကြီးနှစ်ခုကို ရန်ကုန်-မန္တလေးကားလမ်းမဘေး (နာရီစင် အနီး)နဲ့ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမဘေး အထက(၁)အနီးမှာ စိုက်ထူသွားမှာပါ။ ဆိုင်းဘုတ်ကြီး တစ်ခုစီမှာ အလျား ပေ ၄၀၊ အနံ ပေ ၂၀ ဖြစ်ပါတယ်၊ ခုဆို ဆိုင်းဘုတ် ကြီးနှစ်ခုကို သံကိုယ်ထည်(အကြမ်း) စိုက်ထူပြီးစီးပါပြီ၊ မကြာခင် ဆိုင်းဘုတ် ကြော်ငြာ နှိုးဆော်ပုံများကို ကပ်ဆင် သွားမှာဖြစ်ပါတယ်"ဟု ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားပြိုင်ပွဲဝင် ၈၀၀ ခန့်ဖြင့် အားကစားနည်း ၃၃ မျိုးကို ပါဝင်ယှဉ်ပြိုင်သွားကြမည် ဖြစ်ရာ အိမ်ရှင်နိုင်ငံအနေဖြင့် အားကစားနည်းအလိုက် ရွှေတံဆိပ် များ ဆွတ်ယူရရှိနိုင်ရေး ရည်မှန်းချက် များဖြင့် စီမံဆောင်ရွက်လျက်ရှိပြီး အားကစားပြိုင်ပွဲကြီးတွင် ပြည်သူ အားလုံး ကြည့်ရှုပါဝင်အားပေးပြီး စည်စည်ကားကား သိုက်သိုက် မြိုက်မြိုက်ဖြင့် အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် ကြော်ငြာဆိုင်းဘုတ် ကြီးများကို ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့များအသီးသီးတွင် စိုက်ထူ နှိုးဆော်သွားမည်ဖြစ်ကြောင်း သိရ သည်။

(၇၇၉)

မြတ်စေတနာသွေးလှူအဖွဲ့မှ သွေးအမျိုးအစားအခမဲ့စစ်ဆေး

ပခုက္ကူ မေ ၁၅

ပခုက္ကူမြို့သည် ဧရာဝတီမြစ် အနောက်ဘက်ကမ်း မြို့တော်အဖြစ် ဧရာဝတီတံတား (ပခုက္ကူ)ဖွင့်လှစ်ပြီး သည်နှင့်တစ်ပြိုင်နက်တည်းတွင် လူဦးရေ များပြားလာခြင်း၊ စီးပွားရေးကုန်စည် ကူးသန်းမှု လှုပ်ရှားမှုများလာခြင်း တို့အပြင် ကျန်းမာရေးအတွက် အနီး စပ်ဆုံးဖြစ်သည့် ပခုက္ကူအထွေထွေ ရောဂါကုဆေးရုံကြီး တစ်ရုံရှိခြင်း၊ ပခုက္ကူမြို့နယ်သာမက အခြားအနယ် နယ်အရပ်ရပ်ကပါ ကျန်းမာရေး ကုသဆောင်ရွက်ခြင်းများ ရှိနေရာ တွင် ကျန်းမာရေးဌာနတွင် နေ့စဉ် သွေးပုလင်း ၃၀၀ အသုံးပြုနေရ သဖြင့် လိုအပ်သော သွေးရရှိရန် အတွက် ပခုက္ကူမြို့အမှတ် (၁၂)ရပ်ကွက် ပြာသာဒ်ကျောင်း၌ ဖွင့်လှစ်ထားသော သုဂတိစေတနာလူမှုကူညီရေးအသင်း ၏ မြတ်စေတနာသွေးလှူအဖွဲ့က မေ ၁၁ ရက် နံနက် ၈ နာရီတွင် ပခုက္ကူ မြို့ အမှတ်(၁၂)ရပ်ကွက် ပြည်တော်သာ လမ်းရှိ ကောင်းသန့် လက်ဖက်ရည် ဆိုင်အနီးတွင် ရပ်ကွက်အတွင်းရှိ ပြည်သူများအား သွေးအမျိုးအစား ခွဲခြားစစ်ဆေးခြင်းကို အခမဲ့ဆောင် ရွက်ခဲ့ကြောင်း သိရသည်။

သွေးစစ်ရာသို့ သုဂတိစေတနာ လူမှုကူညီရေးအသင်းဝင် မောင်မယ် များ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူ များ၊ စက်မှုဇုန်ပညာမဲ့တာ ကျန်းမာရေး ကူညီထောက်ပံ့မှု၊ သွေးလှူဒါန်းရေး နှင့် လူနာတင်ယာဉ်ကူညီမှု အဖွဲ့၊ လူငယ်အားမာန်အဖွဲ့ (Youths Enthusiasm Socity)၊ ပခုက္ကူခရိုင် ကျောင်းသားသမဂ္ဂနှင့် ပရဟိတအသင်း အဖွဲ့များက ကူညီဆောင်ရွက်ပေးရာ မိမိ၏ ကိုယ်ခန္ဓာအတွင်းမှ သွေးဖြင့် သူတစ်ပါးအသက်ကို ကယ်တင်လိုသော ဆန္ဒ၊ သူတစ်ပါးစိတ်ချမ်းသာ ကိုယ် ကျန်းမာ၍ သက်တမ်းစေ့နေထိုင်နိုင် ရေးအတွက် လိုအပ်သော သွေးအား စွန့်လှူလိုသောသဒ္ဓါ၊ မူးယစ်ဆေးဝါး၊ အရက်၊ လိင်အပျော်အပါး လိုက်စား ခြင်း မရှိ ကျန်းမာသန့်ရှင်းသော သွေး သန့်ဖြစ်ရေးအတွက် မှန်မြတ်သည့် သီလ၊ မိမိသွေးသန့်ရှင်းကြောင်း စစ်ဆေးမှုကျောက် တင်ခံရသော သတ္တိ၊ မိမိသွေးနှင့် အုပ်စုတူသည့် သွေးအလှူခံပုဂ္ဂိုလ်မှ အလှူခံချိန်နှင့် မိမိအအိပ်အစား အနေအထိုင် မှန်ကန်သော အချိန်အခါ စသည့် အကြောင်း ညီညွတ်မှုရှိပြီး သွေးလှူ ဘဏ်မှစည်းကမ်းများနှင့် ကိုက်ညီ ပါက သင် သွေးအလှူရှင် အမှန် ဖြစ်မည်ဖြစ်ရာ A သွေး ၂၂ ဦး၊ B သွေး ၅၇ ဦး၊ O သွေး ၄၆ ဦး၊ AB သွေး ၂၀ စုစုပေါင်း ၁၄၂ ဦးတို့ အား အခမဲ့ သွေးစစ်ဆေးပေးခဲ့ရာ အရေးပေါ်လိုအပ်သောသွေး၊ အောက် ဆီဂျင်၊ လူနာတင်ယာဉ်တို့ လိုအပ် ပါက ၂၄ နာရီမြို့တွင်း ကုသိုလ်ဖြစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

(ခရိုင်ပြန်/ဆက်)

တိုင်းရင်းသား မျိုးနွယ်စုလူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ပူတာအိုဖွင့်

ပူတာအို မေ ၁၅

လူငယ်များသည် အနာဂတ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး၌ ပခုံးပြောင်း တာဝန်ယူကြရမည်ဖြစ်သောကြောင့် ဒေသခံတိုင်းရင်းသား မျိုးနွယ်စုလူငယ် များ ပို၍ ချစ်ခင်ရင်းနှီးကာ စည်းလုံးညီညွတ်၍ အရည်အချင်း အတွေးအခေါ် မြှင့်တင်ပေးရန် ရည်ရွယ်လျက် ကချင်ပြည်နယ် ပူတာအိုခရိုင်/မြို့နယ် ပြည်ခိုင်ဖြိုးပါတီက ကြီးမှူးဖွင့်လှစ်သော တိုင်းရင်းသားမျိုးနွယ်စုလူငယ်များ အား စွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက်နံနက် ၉ နာရီတွင် ပူတာအိုအောင်ဆန်းခန်းမ၌ ကျင်းပရာ ပူတာအိုမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဗွေ့က သင်တန်းဖွင့်အမှာစကား ပြောကြား ပြီး သင်တန်းကြီးကြပ်ရေးကော်မတီအဖွဲ့ ခေါင်းဆောင် ဦးနန်မွန်ကင်က သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက် များ၊ လွှတ်တော်ဆိုင်ရာ၊ လူထုဆက်ဆံရေး လူငယ်ရေးရာ၊ အထွေထွေအုပ်ချုပ် ရေး၊ တရားရေးရာ၊ ဥပဒေရေးရာ၊ ယာဉ်/လမ်းစည်းကမ်း၊ စီးပွားရေးရာ၊ UNDP World Concern၊ ကျန်းမာရေး၊ ပညာရေးဘာသာရပ်များကို သင်တန်း နည်းပြဆရာမ/ဆရာမ ၁၃ ဦးက သင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူများအား စာရေးကိရိယာများ ထောက်ပံ့ခြင်း၊ နေ့လယ်စာကျွေးမွေး ဧည့်ခံသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် ရပ်ကွက် (၁၁)ရပ်ကွက်၊ ကျေးရွာ ၅၀ မှ လီဆူး တိုင်းရင်းသား ၇၀၊ ရဝမ်တိုင်းရင်းသား ၇၀၊ ရှမ်းတိုင်းရင်းသား ၃၀၊ ဂျိမ်းဖော တိုင်းရင်းသား ၃၀၊ သင်တန်းသူ သင်တန်းသား စုစုပေါင်း ၂၀၀ တက်ရောက် သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ်တစ်ပတ်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

အင်းဝမြို့ဟောင်းမှ အန္တရာယ်ရှိသည့် ကျုံးကူးတံတားအား အမြန်ဆုံးပြုပြင်ပေးရန်လိုအပ်နေ

အင်းဝ မေ ၁၅

အင်းဝမြို့ဟောင်းသည် မြန်မာ့ သမိုင်းဝင် မြို့တော်ဟောင်းဖြစ်ပြီး နိုင်ငံခြားသားခရီးသွားဧည့်သည်များ နှင့် ပြည်တွင်းဘုရားဖူးများ နေ့စဉ် လာရောက် လေ့လာလျက်ရှိသော်လည်း စည်ကိုပုံနန်းတော်မြို့ရိုးအတွင်း ရှိ လမ်းများ၊ ဘားကရာကျောင်းတော် ကြီးနှင့် ဝက်ဘာဘုရားစုသွားရောက် သည့် လမ်းနှင့် ဆင်ကျုံးခံတပ်သို့ သွားရောက်သည့် လမ်းပိုင်းများမှာ ပျက်စီးယိုယွင်းလျက် ရှိနေသဖြင့် လာရောက်လည်ပတ်ကြသည့် ပြည်တွင်း ပြည်ပဧည့်သည်များ စိတ်အနှောင့် အယှက်ဖြစ်ကြရကြောင်း သိရသည်။ အထူးသဖြင့် စည်တိုပုံမြို့ရိုး စံရာတံခါး ပေါက်၏အထွက်တွင် တည်ရှိနေသည့် ကျုံးကူးသစ်သားတံတားမှာ ဆိုးရွားစွာ ပျက်စီးနေသဖြင့် လာရောက်လည်ပတ် လေ့လာကြသည့် ဧည့်မော်တော်ယာဉ် များ၊ ဆိုင်ကယ်များနှင့် မြင်းလှည်း များမှာ တံတားပေါ်မှ ကျုံကျမည့် အန္တရာယ်နှင့် ကြုံတွေ့နိုင်ကြောင်း ပြောဆိုလျက်ရှိနေကြသည်။

"စံရာကျုံးကူးသစ်သားတံတားလေး က ဟောင်းနွမ်းပျက်စီးနေတာကြာပြီ။ ကျုံကျထားတာ အပေါက်ကြီးဖြစ်နေ တယ်။ မနေနိုင်တဲ့သူက အပေါက်ကြီး ကို ဆူးခက်ချ၊ ဝါးနဲ့တားလုပ်ပေးထား ရတယ်။ ဧည့်သည်ကားတွေ၊ ယာဉ် တွေက တံတားရဲ့အခြေအနေကို သတိ မပြုမိဘဲ မောင်းလာရင် တံတားက ကျုံကျ၊ ကျိုးကျမှာ သေချာတယ်။ နိုင်ငံခြားသားဧည့်သည်တွေ သွားလာ လည်ပတ်နေကြပေမယ့် လမ်းတွေက မကောင်း၊ တံတားတွေက အကျိုး အပေါက်နဲ့ဆိုတော့ ကိုယ်နိုင်ငံရဲ့ ဂုဏ် သိက္ခာကို ထိခိုက်နိုင်တယ်။ အင်းဝမြို့ ဟောင်းမှာ တံတားအဟောင်း၊ လမ်း မကောင်းဖြစ်နေတာကြာပြီ။ နိုင်ငံခြား သားတွေက အင်းဝကို လာလည်ရင် ဇုန်ဝင်ကြေးတွေပေးပြီးမှ လည်ပတ်ခွင့် ရကြတာ။ သမိုင်းဝင်အင်းဝမြို့ဟောင်း ကြီးကို နေ့စဉ် နိုင်ငံခြားသားဧည့်သည် တွေက တန်းကတ ဖက်ရောက်လေ့လာ နေကြလို့ ဇုန်ဝင်ကြေးတွေ ရနေပေမယ့် လမ်း၊ တံတားတွေကျတော့ ပြင်ဆင် မယ့်သူ မရှိဖြစ်နေတယ်။ အကြောင်း ကြောင်းတွေရှိလို့ လမ်းတွေ ပြင်မပေး ချင်နေပါ။ ပေ ၂၀တောင်မရှိတဲ့ စံရာ ကျုံးကူးသစ်သားတံတား(**အောက်ပုံ**) လေးတော့ အန္တရာယ်များလွန်းလို့ ပြင်ပေးစေချင်ပါတယ်"ဟု အင်းဝမြို့ခံ တစ်ဦးက ပြောသည်။

အင်းဝမြို့ဟောင်း စည်တိုပုံမြို့ရိုး စံရာတံခါး၏အထွက်ရှိ ကျုံးကူးသစ်သား တံတားလေးမှာ ပေ ၂၀ မျှသာ ရှည် လျားပြီး ဟောင်းနွမ်းကျိုးပဲ့ပျက်စီးလျက် ရှိသည်။ ပြည်တွင်း ပြည်ပဧည့်သည် များသည် စည်တိုပုံမြို့ရိုးအတွင်းရှိ ကီးလှိုင်ရှင်ဘုရား၊ မယ်နုအုတ်ကျောင်း ကြီး၊ နန်းမြင့်မျှော်စင်၊ သစ္စာတိုက်ဘုရား၊ ရုပ်စုံကိုက်၊ ရွှေစည်းခုံစေတီ၊ စသည် တို့ကို ဖူးမြော်လေ့လာကြပြီး စံရာတံခါး မှထွက်ကာ ဘားကရာကျောင်းတော်ကြီး ဝက်ဘာဘုရားစု၊ လောကသရဖူစေတီ၊ ဆင်ကျုံးခံတပ်များသို့ သွားရောက် လေ့ရှိကြရာ စံရာတံခါးပေါက်၊ ကျုံးကူး တံတားကို မဖြစ်မနေ ဖြတ်သန်းသွား လာကြရာ များစွာပျက်စီးယိုယွင်းနေ ပြီး အန္တရာယ်ကြုံတွေ့နိုင်သော စံရာ ကျုံးကူးသစ်သားတံတားလေးအား အမြန် ဆုံးပြုပြင်သင့်ကြောင်း ရေးသားတင်ပြ အပ်သည်။

(နန္ဒာမင်းလွင်)

အများသိစေရန်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၊ မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်၊ ကွင်းအမှတ် (၃၃၁)၊ အိုးဘိုတောင်အနောက်ရှိ မြေဧရိယာ(ဝ. ၂၅၇)ဧကရှိသည့် ဗိုလ်ကြီး မောင်မောင်စိုးအမည်ပေါက် ဦးပိုင်(၂၈၈-ဃ) နှစ်(၃၀)ဂရန်မြေ၊ မြေရှိ အဆောက်အအုံ သွယ်တန်းတပ်ဆင်ထားသည့်ပစ္စည်းရပ်များအားလုံးနှင့် မြေဧရိယာ(ဝ. ၇၄၇)ဧက ရှိသည့် ဒေါ်သိဂီမြင့်(ခ)ဒေါ်ခင်လေးသိဂီ၊ ၁၀/သထန(နိုင်)၀၁၆၄၀၆၊ အမည်ဖြင့် ဂရန် လျှောက်ထားဆဲဖြစ်သည့် ဦးပိုင်(၂၉၀)မြေနှင့် မြေရှိပစ္စည်းရပ်များအပါအဝင် အရပ်ရပ် အကျိုးခံစားခွင့်များအားလုံးကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဗိုလ်ကြီးမောင်မောင်စိုးနှင့် ဒေါ်သိဂီမြင့်(ခ)ဒေါ်ခင်လေးသိဂီတို့ထံမှကျွန်ုပ်၏မိတ်ဆွေများက အဆုံးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသောပိုင်ရေး ဆိုင်ခွင့်အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံတင်ပြကန့်ကွက်နိုင်ပါသည်။ ထိုရက် ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်ဖြစ်စေရန် တည်ဆဲတရားဥပဒေ များနှင့်အညီ ဆက်လက်ဆောင်ရွက်ပါမည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ဝင်းရည်
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၄၉၀)
B.Econ:,R.L, H.G.P, B.A(Psy:), M.A(Eng:),Dip in English, Dip in ELT ADVOCATE
အမှတ်(၁၈၇/၁၀)၊ ၈၇လမ်း၊ ၂၅×၂၆လမ်း၊ မန္တလေးမြို့
ဖုန်း-၀၂-၂၃၀၉၆၊ ၀၉-၂၀၅၅၃၃၅

စေတုတ္တရာမြို့နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များထုတ်ပေး

စေတုတ္တရာ မေ ၁၅

မကွေးတိုင်းဒေသကြီး စေတုတ္တရာ မြို့နယ်တွင် တောင်သူများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးပွဲ အခမ်းအနားကို မေ ၁၀ ရက် နံနက်က စေတုတ္တရာမြို့နယ် သက်လယ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ပြုလုပ်ရာ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးရွှေအောင် က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး မြို့နယ်မြေစာရင်း ဦးစီးဌာနဦးစီးမှူး ဦးမျိုးသန့်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရခြင်း ရည်ရွယ်ချက်၊ တောင်သူ များရရှိခံစားနိုင်သော အခွင့်အရေး များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး နှင့် အဖွဲ့ဝင်များက သက်လယ်ကျေးရွာ အုပ်စု၊ မှန်ဇော်ကျေးရွာအုပ်စု၊ ခြင်းမြစ် ကျေးရွာအုပ်စု သုံးအုပ်စုမှ ကွင်းပေါင်း ခြောက်ကွင်း ဦးပိုင်ပေါင်း ၄၄၂ တောင်သူပေါင်း ၂၁၁ ဦးတို့ အား လယ်ယာမြေဥပဒေပုဒ်မ ၆ နည်းဥပဒေ ၁၄ နှင့်အညီ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ထုတ် ပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်အတွင်း ကျန်ရှိ နေသေးသော ကျေးရွာအုပ်စုများသို့ လည်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်များကို ကပ်မထုတ်ပေးသွား မည်ဖြစ်ကြောင်း သိရသည်။

(ဖေထွေးဇော်-ရေစကြို)

ပြည်တွင်းရေးရာ

ဂျိုင်း(ကော့ကရိတ်)တံတားအမှတ် (၂)စီမံကိန်းအသေးစိတ်ပုံစံ ရေးဆွဲနိုင်ရန်အတွက် ပညာရှင်များလာရောက်လေ့လာ

ကျုံဒိုး မေ ၁၅

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ရှိ ဂျိုင်း(ကော့ကရိတ်)တံတားနှင့် Pontoon (ဖော) တံတားကို မေ ၇ ရက်ညနေ ၄ နာရီခန့်တွင် အထူးစီမံကိန်းကြီးအဖွဲ့(၅)မှ ဒုတိယအင်ဂျင်နီယာမှူး ဦးစောမြင့်ကြည်၊ ဒုတိယအင်ဂျင်နီယာမှူး(မြို့ပြ) ဒေါ်သိန်းနု၊ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးအက်စ်ထောင်စိန်တို့သည် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) အင်ဂျင်နီယာ အမေရိကန်နိုင်ငံသား Mr.John Cooney၊ တရုတ်နိုင်ငံသား Mr.Naeem Hussain (Bridge Specialist) နှင့် Mr.Matt Carter (Bridge Specialist) တို့နှင့်အတူ ဂျိုင်း(ကော့ကရိတ်)တံတား၊ Pontoon (ဖော)တံတား အမှတ်(၂)စီမံကိန်း အသေးစိတ်ရေးဆွဲနိုင်ရန် တံတားများကို ကြည့်ရှုလေ့လာခြင်း၊ မြစ်ကြောင်းအခြေအနေများအား ကြည့်ရှုလေ့လာခြင်း၊ မှတ်တမ်းဓာတ်ပုံများကို ရိုက်ကူးခြင်းစသည်များကို လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

နိုင်နိုင်ထွန်း(ကျုံဒိုး)

မီးရထားလမ်းအား သန့်ရှင်းရေးပြုလုပ်

မလှိုင် မေ ၁၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မိုင်တိုင်အမှတ်(၃၄၂/၇ မှ ၁၄) ကြားတွင်ရှိသော သစ်ပင်ချုံနွယ် အမှိုက်သရိုက်များ၊ သံလမ်းအား ပိတ်ဆို့နေသော ဘေးဝဲ၊ ယာရှိ သစ်ဝင်များအား မြန်မာ့မီးရထား အန္တရာယ်ကင်းရှင်းရေးအတွက် အငယ်တန်းအင်ဂျင်နီယာ(၂)သံလမ်း ဦးတင်မောင်ဆွေ (မလှိုင်မြို့နယ်) ဦးဆောင်သော သံလမ်းလုပ်သားအဖွဲ့ ၂၀ တို့က မေ ၉ ရက် နံနက် ၈ နာရီခွဲတွင် ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၆၂၇)**

လေဘေးသင့်ပြည်သူများအား အဝတ်အထည်နှင့် ငွေများလှူဒါန်း

မြောင် မေ ၁၅

စစ်ကိုင်းခရိုင် မြောင်မြို့နယ်ရှိ ကျေးရွာ ၁၅ ရွာတွင် မေ ၉ ရက်က လေပြင်း တိုက်ခတ်ခဲ့ခြင်းကြောင့် အိမ်များလဲပြိုခြင်း၊ အမိုးအကာများ ပျက်စီးဆုံးရှုံးပြီး သောင်ကြီးကျေးရွာတွင် ပဲမှော်စင်ပိပြီး လူတစ်ဦး သေဆုံးခဲ့သည်။ ထို့ကြောင့် စစ်ကိုင်းမြို့ သုခကာရီ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်း ဩဝါဒါဆရာတော် ဘဒ္ဒန္တ မေ့ပီရလင်္ကာရဦးဆောင်၍ အသင်းသူ အသင်းသားများက လေဘေးဒဏ်သင့်ပြည်သူများအား ဆန်၊ အဝတ်အထည်နှင့် ငွေများလှူဒါန်းခြင်း အခမ်းအနားကို မေ ၁၄ ရက်နံနက် ၉ နာရီတွင် ထီးလှိုင်ရှင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းမြို့ သုခကာရီ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်း ဩဝါဒါဆရာတော် ဘဒ္ဒန္တမေ့ပီရလင်္ကာရက လေဘေးသင့်ပြည်သူများအား လှူဒါန်းထောက်ပံ့ရခြင်း အကြောင်းကို ဩဝါဒစကားမြွက်ကြားတော်မူပြီး စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးတော်မတီဥက္ကဋ္ဌ ဦးမြင့်ဝေက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး လှူဒါန်းပွဲကျင်းပရာ သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းအောင်က လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် ငွေများကို ပေးအပ်ရာ လေဘေးသင့်ပြည်သူများ ကိုယ်စား မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်လွင်တ လက်ခံခဲ့ပြီး မြို့နယ်မှ လှူဒါန်းငွေများကို တာဝန်ရှိသူများက အသီးသီးပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများကို အလေးပေးဆောင်ရွက်ထားခြင်းနှင့် လှူဒါန်း ထောက်ပံ့မှုများအတွက် ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့ သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းက ငွေကျပ် သုံးသိန်း၊ ဆန်၊ အဝတ်အထည် စုစုပေါင်း တန်ဖိုး ငွေကျပ် ၇၇၈၀၀၀၊ မယ်တော်ကြီး ဒေါ်ကြင်မေ (စစ်ကိုင်းမြို့)မှ ငွေကျပ် ၅၀၀၀၀၊ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများမှ လှူဒါန်းငွေ ကျပ် ၅၀၂၅၀၀ စုစုပေါင်း ငွေကျပ် ၁၃၃၀၅၀၀ တို့ကို လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(တင်ကိုကို)**

တောင်တွင်းကြီး၌ အရန်သားဖွားဆရာမသင်တန်းဆင်းပွဲ ကျင်းပ

တောင်တွင်းကြီး မေ ၁၅

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် တောင်တွင်းကြီးမြို့၌ အရန်သားဖွားဆရာမ (၂/၂၀၁၂) သင်တန်းဆင်းပွဲကို မေ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းက အမှာစကားပြောကြားပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် သင်တန်းသူများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အရန်သားဖွားဆရာမ ၂၀ တို့အား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဝင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးကြည်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့် ကစ် (Kit) ပုံးများကို သင်တန်းဆင်းဆရာမများအား ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် အရန်သားဖွားဆရာမ (၁/၂၀၁၃) သင်တန်းကို ဖွင့်လှစ်ခဲ့ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကျေးလက်ဒေသများမှ သင်တန်းသူ ၃၀ တက်ရောက်ပညာသင်ကြားကြပြီး သင်တန်းကာလမှာ သုံးလကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(၅၈၀)**

မြန်မာ့ရတနာဘဏ်လီမိတက် (Treasure Bank Of Myanmar Ltd.)

(ယခင်) မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်

နာမည်ပြောင်းဖွင့်လှစ်ခြင်းအားလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

မဟာသူဌေးမင်းထီရောင်းဝယ်ရေး	THT MONEY CHANGER	MYANMAR ORIGINAL BELL TRAVEL & TOUR
သူဌေးသမီးထီရောင်းဝယ်ရေး	KYAW GOODWILL GOLD HOARDING	SINCERE PROSPEROUS TEAM HOTEL CO.,LTD
ကျော်ငွေချေးလုပ်ငန်း	EASTERN POWER IN'T CO.,LTD	MAHAR THUHTAY MINN EXPORT & IMPORT

Virgin Land Travels & Tours

- ပြည်ပခရီးစဉ်များ booking ...
- Visa ...

တိုက်ခန်း/အဆောင်ငှားမည်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေကျော်လမ်းမကြီး၊ အမှတ်(၈၉)၊ ပေ(၁၈×၆၀)၊ (၆)လွှာ၊ ပြတင်းပေါက်ပါ၊ တစ်မက်လေ့ကား၊ ရေ မီးအစုံတွင် မိသားစုနေရန် တိုက်ခန်းငှားမည် (သို့မဟုတ်) အမျိုးသမီးအဆောင် တစ်ဦးချင်းစီနေရန် ငှားမည်။ နံနက် ၈နာရီ မှ ၁၁နာရီအတွင်းစုံစမ်းပါ။ သံပန်းအဝါဝင်ပေါက်မှတက်ပါ။

အိမ်ကား ကျောင်းကြိုပို့

ယာဉ်မောင်းအလိုရှိသည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၀၉၃၀၁၇၊ ၀၁-၅၂၆၉၇
ဗိုလ်တထောင်/တောင်ဥက္ကလာ

လက်ရှိပြေးဆွဲနေသော (၃၉) လိုင်းကား ရောင်းရန်ရှိသည်။
ဖုန်း-၀၉-၇၃၂၂၁၃၄၇

NELC
Nelson English Language Centre
"Don't Worry, Just Speak!!!"
Age 3 to 5
- Pre-School
Age 6 to 15
- Young Learners (Sat,Sun)
Opening in June

အရိုးကျိုးပေါင်းတက်ရောဂါဝေဒနာရှင်များအတွက်သတင်းကောင်း

ဆက်သွယ်ရန်ဖုန်း - ၀၉-၇၃၀၂၉၇၆၅

ဆောင်းပါး

လေမဖြတ်အောင် နားကြောဖြတ်သူများ သတိထားစရာ

ကြည်လွင်မြင့်(မုဒြာ)

လေမဖြတ်အောင် နားရွက်နောက်မှအကြောကို ဘလိတ်ဓားနှင့်ဖြတ်ပေးသော အရပ်ဓလေ့သည် ယခုအခါ မန္တလေးမြို့တွင် ခေတ်စားလာသဖြင့် သတိပေးလိုပါသည်။ အချို့မှာ လက်မှတ်ရဆရာမဟုတ်ဘဲ ငွေဖလားဖြင့် သဒ္ဓါကြေးပေးသည့်ငွေကိုလက်ခံပြီး နားကြောဖြတ်ပေးနေကြောင်း သိရပါသည်။

ယခုရက်ပိုင်းအတွင်းမှာပင် မန္တလေးမြို့ ချမ်းသာရ ထုံးကုန်းအရပ်မှ ပန်းထိမ်ဆရာတစ်ဦးလေဖြတ်သဖြင့် ဆေးရုံကြီးတွင် ရှစ်ရက်ကြာမျှ တက်ရောက်ကုသမှု ခံယူခဲ့ရသည်။ ထိုသူ၏ပြောပြချက်အရ လွန်ခဲ့သောငါးလခန့်က လေမဖြတ်အောင် အရပ်ဆရာတစ်ဦးနှင့် နားကြောဖြတ်ထားသည်ဟုဆိုသည်။ နားရွက်နှစ်ဖက်တွင် ဆွဲတင်းလိုက်လျှင် ပေါ်လာသော အကြော လေးနေရာ(လေးကြော)ကို ထက်သော ဘလိတ်ဓားဖြင့် ဖြတ်သည်။ ကျွမ်းကျင်စွာ ဖြတ်သဖြင့် သိပ်မနာကျင်ပါ။ သို့သော် သွေးများစွာ ထွက်သည်ဟု ပြောသည်။ ဖြတ်ပေးသည့်ဆရာက ခြောက်လအတွင်း ငှက်ပျောသီးမစားရဟု မှာလိုက်သဖြင့် ယနေ့အထိ ငှက်ပျောသီးမစား၊ ငှက်ပျောဖက်ပင်မသုံး။ ဖြတ်ခသဒ္ဓါကြေးငွေကျပ် ၂၀၀၀ ထည့်ခဲ့သည်ဟု ပြောသည်။ နားကြောဖြတ်ခဲ့ပြီးနောက် လေမဖြတ်တော့ဘူးဟု ယုံကြည်သဖြင့် စားချင်ရာစားခဲ့သည်။ သွေးတိုးမည့်အစာများကို မရှောင်ကြဉ်တော့။ ပြတင်းပေါက်ဖွင့်ပြီး လေတိုက်ထဲတွင် အိပ်စက်ခဲ့ရာမှ လေဖြတ်ခဲ့ခြင်းဖြစ်သည်။ သူ့ကဲ့သို့ အခြားနားကြောဖြတ်ထားသူများ မဖြစ်စေချင်ဟုပြောသည်။

စာရေးသူ၏ဆေးခန်းတွင် နားကြောဖြတ်ပြီးမှ လေဖြတ်လာသော လူနာများကို မန္တလေးမြို့မှသာမက စက်မှုမြို့သစ်နှင့် စစ်ကိုင်းမြို့၊ လားရှိုးမြို့များမှ လာရောက်ကုသမှုခံယူသူများ ဆက်တိုက်တွေ့လာရသဖြင့် နားကြောဖြတ်ကုသခြင်းသည် နယ်မြို့များတွင်ပါ ကျယ်ကျယ်ပြန့်ပြန့် ကူးစက်ရောက်ရှိနေပြီဟု ယူဆရည်ဖြစ်သည်။ ငွေကြေးရယူလိုမှုအတွက် ယုံကြည်လွယ်သူများအပေါ် တတ်ယောင်ကားဆရာများက ဘော်ချက်နေသည့်အနေအထားဖြစ်သည်။ ခေတ်ပညာတတ်များပင် ပါဝင်နေသဖြင့် အထူးသတိထားသင့်ပါသည်။

လွန်ခဲ့သောလပိုင်းကပင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)မြို့သာရပ်ကွက်တွင် တိုင်းရင်းဆေးအမည်ခံ ဆရာတစ်ဦးမှ **ရှင်ပါကူဆရာကြီး** ဟုဆိုကာ လေမဖြတ်အောင် နားကြောဖြတ်နေသည်။ သဒ္ဓါကြေးမဟုတ်၊ ငွေကို သောင်းဂဏန်းထိအောင်ယူသည်ဟုသိရသဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများကိုယ်တိုင် ရှောင်တခင်ဝင်ရောက်စစ်ဆေးပြီး ဖမ်းမိသည်။ နောက်နောင်မလုပ်ရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဝန်ခံလက်မှတ်ထိုးခိုင်းထားသည်ဟု သိရသည်။ ထိုဆရာမှာ တိုင်းရင်းဆေးဆရာများ ကိုင်ဆောင်သော မှတ်ပုံတင်(တဆ)မရှိသော ဆရာတု ဆရာယောင်ဖြစ်ကြောင်း သိရသည်။ (တဆ)မရှိဘဲ ဆေးကုသလျှင် ဥပဒေအရ ထောင်ဒဏ်အထိပြစ်ဒဏ်ကျနိုင်သည်။ လူနာများကလည်း မိမိကုသမည့်ဆရာသည် (တဆ)လက်မှတ်ရှိသော တိုင်းရင်းဆေးဆရာ ဟုတ်၊ မဟုတ် သတိပြုကြဖို့ လိုပါသည်။

ခေတ်အဆက်ဆက်တွင် မယုံနိုင်လောက်သော၊ ခေတ်နှင့်မလျော်ညီသော အရပ်ဆရာရမ်းကုများ ပေါ်လေ့ရှိပါသည်။ သွားပိုးချပေးသည်ဟုဆိုကာ ရွှံ့ပုပ်ထဲမှ ပိုးနှင့်ပြစားသူများ၊ မျက်စိမှ တိမ်ထုတ်ပေးသည်ဟုဆိုကာ အဝတ်စအဆွေးဖြင့် မျက်လှည့်ပြသူများ၊ ဦးခေါင်းငယ်ထိပ်တွင် ဆံပင်ကိုရိတ်ပြီး ဘလိတ်ဓားငယ်နှင့် ကြက်ခြေခတ်ပြီး ထိပ်ကပ်နာပျောက်သည်ဟု ကုသပေးပြီး သဒ္ဓါကြေးသာယူသည့် ကြံကြံဖန်ဖန်ဆရာများ ပေါ်ပေါက်ခဲ့ဖူးပါသည်။ အမှန်အကန်မဟုတ်သဖြင့် နောင်အချိန်ကြာလာသောအခါ ပျောက်ကွယ်သွားကြမြဲဖြစ်ပါသည်။

စာရေးသူတို့ငယ်စဉ်က တောနယ်များတွင် မသိနားမလည်သော တောသူတောင်သားများကို လှည့်စားပြီး ငွေရှာကြသူများ ရှေးကရှိခဲ့ဖူးသည်။ မြွေဆိပ်ပြီးဆေးဟုဆိုကာ ဆေးမင်ကြောင်ထိုးသောစုတ်ဖြင့် ပင့်ကူအရုပ်ထိုးပေးသည်။ တောပင့်ကူသည် မြွေ၏ဦးခေါင်းကို ဖောက်စားသဖြင့် မြွေများက ကြောက်သည်ဟုဆိုသည်။ ဆေးထိုးခ မပေးရသော်လည်း ကန်တော့ပွဲတွင် တတ်နိုင်သမျှ ပိုက်ဆံ(ငွေစက္ကူ)ကို ကတော့ထိုးပြီး ညှပ်ပေးရသည်။ ဤသည်မှာလည်း ငွေယူနည်းတစ်မျိုးပင်ဖြစ်သည်။ ပင့်ကူရုပ်ထိုးပြီးမှ မြွေကိုက်ခံရပြီး သေဆုံးသူ လယ်သမားများစွာ ရှိခဲ့ဖူးသည်။

လူထု၏ယုံကြည်မှုဆိုသည်မှာ တစ်ဆင့်စကားတစ်ဆင့်နား ရောက်ရှိလာခြင်း၊ ငွေကြေးများစွာကုန်ကျခြင်း၊ အချိန်တိုအတွင်းမှာ လွယ်လွယ်နှင့်ပြီးနိုင်သော ကုသမှုဖြစ်ခြင်းတို့အပေါ် မူတည်ပါသည်။ သို့သော် ထိုယုံလွယ်မှု နောက်ဆက်တွဲပေးဆပ်ရမှုမှာ ကြီးမားတတ်ပါသည်။ ပညာရှိသတိဖြစ်ခဲဆိုသည်မှာ နောင်မှရသော နောင်တမျိုးဖြစ်သွားတတ်ပါသည်။ ဂါထာအားကိုး၊ မန္တန်အားကိုးနှင့် အရဲကိုးလျှင် ဒုက္ခရောက်နိုင်သည်။

လေဖြတ်ခြင်းဆိုသည်မှာ မျိုးရိုးအခြေခံ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများ၏ နောက်ဆက်တွဲ အကြောင်းအရင်းခံများစွာရှိပါသည်။ အဆီအအိမ့်ကြိုက်ခြင်း၊ အအေးကြိုက်ခြင်း၊ အရက်၊ ဘီယာ၊ ဆေးလိပ်လွန်ကဲစွာသောက်ခြင်းစသော အနေအထိုင် အစားအသောက်များအပေါ်တွင်လည်း မူတည်ပါသည်။ ဦးနှောက်သွေးကြောပိတ်၍လေဖြတ်ခြင်းရှိသလို ဦးနှောက်သွေးကြောပေါက်ပြီး လေသင်တုန်းဖြတ်ခြင်းမျိုးကြောင့် တစ်ကြိမ်တည်းနှင့် အသက်ပါ ပါသွားသည်များလည်း ရှိပါသည်။

လေမဖြတ်အောင် နားရွက်နောက်မှ အကြောကို ဖြတ်သည်ဆိုခြင်းမှာ ကြောင်းကျိုးဆီလျော်မှုမရှိသောအရာဖြစ်ပါသည်။ ငွေမကုန်သော်လည်း **"ငါ နားကြောဖြတ်ထားတယ်၊ လေမဖြတ်တော့ဘူး"**ဟု ယုံကြည်မှုလွန်ကဲပြီး အနေအထိုင်၊ အစားအသောက် မဆင်မခြင်ပြုမိသောအခါ လေဖြတ်ခံရသော လူနာဘဝသို့ ရောက်ရလေတော့သည်။ မှားယွင်းသောယုံကြည်မှု၊ လွဲမှားသော လုပ်ဆောင်မှုကြောင့် ပေါ့ပေါ့ဆဆနေထိုင်ခဲ့ရာမှ လေဖြတ်ရသည်ကို သတိပြုကြစေလိုသည်။

မိမိတို့ မိသားစုအတွင်း လေဖြတ်ခြင်းကိုကြုံဖူးကြသူများသည် လေဖြတ်မည်ကို အလွန်ကြောက်ကြသည်။ လေဖြတ်သူကို နှစ်ရှည်လများပြုစုရသောဒုက္ခ၊ ငွေကုန်ကြေးကျနှင့် မိသားစုစီးပွားပျက်ရသည့် ဘဝများကို ကြောက်ကြသည်။

ထို့ကြောင့် လေဖြတ်ခြင်းကိုကာကွယ်ရန် ယုံမိယုံရ နားကြောဖြတ်ကြခြင်းဖြစ်နိုင်သည်။ နားရွက်နောက်မှ အကြောကိုဖြတ်ရုံဖြင့် ဦးနှောက်အတွင်းမှ လေမဖြတ်နိုင်ဆိုသည်မှာ မဖြစ်နိုင်ပါ။ အတွေးမခေါင်ပါနှင့်၊ တကယ်တမ်း လေမဖြတ်အောင်ပြုရမည်မှာ သွေးတိုးနှင့် နှလုံးကို အမြဲဂရုပြုနေပါ။ ဆီးချိုမပင်အောင် အဆီအအိမ့်၊ အချိုများသောအစားအစာများကို မက်မက်မောမောစားသုံးခြင်းမှ ဆင်ခြင်ပါ။ ပညာရှင်အားလုံးက လက်ခံအတည်ပြုထားသော နည်းလမ်းဖြစ်သည်။ နေ့စဉ်လမ်းလျှောက်ပါ။ နေ့စဉ် နာရီဝက် သို့မဟုတ် နှစ်မိုင်ခန့် လမ်းလျှောက်ခြင်းဖြင့်သာ လေဖြတ်ခြင်းကို ကာကွယ်နိုင်ကြောင်း တင်ပြအပ်ပါသည်။ ။

ညောင်ရွှေ၌ ကဆုန်ဆွမ်းတော်ကြီး ပွဲတော်ကျင်းပမည်

ညောင်ရွှေ မေ ၁၅

ညောင်ရွှေမြို့တွင် နှစ်စဉ်ကျင်းပသည့် အစဉ်အလာရိုးရာမပျက် ဘာသာရေးပွဲတော်ဖြစ်သည့် (၉၄)ကြိမ်မြောက် ကဆုန်ဆွမ်းတော်ကြီးပွဲတော်ကို ကဆုန်လဆန်း ၁၁ ရက်(မေ ၂၀ ရက်)မှစတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ကဆုန်ဆွမ်းတော်ကြီးပွဲက ညောင်ရွှေမြို့မှာရှိတဲ့ ရပ်ကွက်နှစ်ရပ်ကွက်လျှင် တစ်ရက်၊ ရပ်ကွက် ရှစ်ရပ်ကွက်ရှိတဲ့အတွက် လေးရက်ကျင်းပမှာ ဖြစ်ပါတယ်။ ဆွမ်းတော်ကြီးပွဲလှည့်လည်ရာမှာ ဆွမ်းတော်ပွဲများအပြင် ငွေပဒေသာပင်များ၊ ရွှေဖယောင်းတိုင် ငွေဖယောင်းတိုင်များ၊ အိုးစည်ဗုံမောင်းတီးဝိုင်းများနဲ့ နေ့စဉ်ညနေပိုင်းမှာ မြို့တွင်းကိုလှည့်လည်ပြီး ရတနာမာရ်အောင်စေတီတော်မှာ ကပ်လှူပူဇော်မှာဖြစ်ပါတယ်။ ညပိုင်းမှာ ပန်း၊ ရေချမ်း၊ ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင်တို့ကို ကပ်လှူပြီးဆွမ်းတော်များကို နောက်တစ်ရက်မနက်မှာ ကပ်လှူမှာဖြစ်ပါတယ်"ဟု ရတနာမာရ်အောင်စေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီပွဲဟာ ရှေးယခင်စော်ဘွားများလက်ထက်ကတည်းက ရာသီပွဲတော်အဖြစ် တစ်ရပ်ကွက်နဲ့ တစ်ရပ်ကွက် ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်ဖြစ်စေရန် ရည်ရွယ်၍ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။ မေ ၂၀ ရက်မှာ မြို့လည်ရပ်နဲ့ ပင်းရပ်၊ မေ ၂၁ ရက်မှာ ကန်သာရပ်နဲ့ သာစည်ရပ်၊ မေ ၂၂ ရက်မှာ နန်းပန်ရပ်နဲ့ မင်္ဂလာရပ်၊ မေ ၂၃ ရက်မှာ မိုင်းလီရပ်နဲ့ နန္ဒပန်ရပ်တို့မှာ လှည့်လည်မှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် ကဆုန်လပြည့်နေ့တွင်လည်း ရတနာမာရ်အောင်စေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ (၅၅)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နေမျိုးသူရိန်(ညောင်ရွှေ)

ထန်းလျက်ဈေးကျ၍ ထန်းတောင်သူများ တွက်ခြေမကိုက်

မလှိုင် မေ ၁၅

မလှိုင်မြို့နယ်သည် အညာဒေသဖြစ်သဖြင့် အညာထွက်ကုန်များဖြစ်သည့် ပဲ၊ နှမ်း၊ ဝါ၊ ကြက်သွန်၊ ထန်းလျက်တို့ကို အဓိကကုန်အဖြစ် စိုက်ပျိုးကြသည်။ မေလအတွင်း ပဲ၊ နှမ်း၊ ဝါ၊ ကြက်သွန်ဈေးများပုံမှန်ရှိသော်လည်း ထန်းလျက်ဈေးမှာ သိသိသာသာကျဆင်းသွားကြောင်း ထန်းတက်တောင်သူတစ်ဦးထံမှ သိရသည်။ ထန်းပင် ၁၅၀ ပိုင်သည့် ထန်းတောင်သူတစ်ဦးကလည်း "မေလအတွင်း ထန်းလျက်ဈေးကျ၍ ထင်သလောက် အမြတ်မရကြောင်း၊ ဧပြီလတုန်းက ထန်းလျက်ဈေး ကျပ် ၇၅၀၊ ကျပ် ၈၀၀ မှ မေလအတွင်း ကျပ် ၄၀၀၊ ၄၅၀ သာ ရောင်းရကြောင်း ကိုယ်တိုင်ထန်းမတက်ဘဲ အငှားတက်ခိုင်းလျှင် သုံးရက်တက်ကို တစ်ရက်ပေးရသောကြောင့် ကုန်ကျသည့်ငွေနှင့် ပြန်ရသည့်ငွေမကိုက်ဖြစ်နေသည်"ဟု ပြောသည်။

ကျော်ကျော်(မလှိုင်)

ငှားရန်/ရောင်းရန်ရှိသည်

- Mitsubishi-10DC 11-1A အမျိုးအစားသင်္ဘော အလျား(၁၃၉)ပေ၊ အနံ(၃၃)ပေ၊ အမြင့်(၉)ပေ-GRT 350 ကုန်တန်(၅၀၀)တန်(သို့) ဒီဇယ်ဆီ(၁၈၀၀၀၀)ဂါလန်အထိ တင်ဆောင်နိုင်သည့် ကမ်းရိုးတန်းသွား သင်္ဘောငှားရန်။
- KabelCo 20Ton Mobile Crane[Used]ရောင်းရန်။

ဆက်သွယ်ရန်

ဖုန်း-၀၁-၃၉၈၃၀၄၊ ၀၉-၅၁၉၃၆၄၉၊
၀၉-၄၉၃၂၀၂၉၃၊ ၀၉-၄၉၂၇၃၆၇၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၃ရပ်ကွက်၊ ရတနာမြိုင်လမ်း၊ အမှတ်(၉)မြေပိုင်ရှင် ဦးမျိုးသွင်၏ မြေပေါ်တွင် ဆောက်လုပ်ထားသော (၅)ထပ်အဆောက်အအုံရှိ (၃)လွှာ(A) (မ'x၅၀') အခန်းကို ပိုင်ဆိုင်သူ ဦးနန္ဒ(၉/ပလန(နိုင်)၀၈၃၁၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြောက်စနစ်ဖြင့် အပြီးအပိုင်ဝယ်ယူရန် ၉-၅-၂၀၁၃ရက်၌ အသိသက်သေများရှေ့မှောက်တွင် တန်ဖိုးငွေအချို့ပေးချေ၍ စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာလိုက်သည်။

ညွှန်ကြားချက်အရ- သန်းသန်းနီ

အထက်တန်းရှေ့နေ(၇၇၂၆)

အမှတ်-၄၃၉၊ ဘုရင့်နောင်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၄လမ်း၊ ၁ရပ်ကွက်၊ အမှတ်(၂၂/၂၄)၊ (၃+၄)လွှာ၊ ပေ(၁၂½×၅၀)ကို တိုက်ခန်းပိုင်ဆိုင်သူ ဒေါ်ချန်မီဖြ/ပအရ(နိုင်)၀၈၇၆၈၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုမူရင်းအထောက်အထားနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးမျိုးချစ်(LL.B)

ဥပဒေအကြံပေးနှင့်ဥပဒေအကျိုးဆောင်

ရွှေစံမြတ်အထွေထွေဝန်ဆောင်မှုလုပ်ငန်း

အမှတ်(၃၁)၊ မြေညီ၊ ၉လမ်း၊ ၄ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊

ဖုန်း-၂၂၇၅၀၀၊ ၀၉-၅၁၀၇၅၄၇



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(ရန်ကုန်သစ်)၊ မြေကွက်အမှတ်(၉၉၂)၊ ဧရိယာ(၀. ၀၄၉)ဧက၊ (၄၀×$\frac{၁၇}{၅၃}$)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁)ဟုခေါ်တွင်သည့် ရေ မီးအစုံ မြေနှင့်(၂)ထပ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဦးသန့်ဇင်ဦး၊ ဒေါ်တင်တင်မြင့် အမည်ပေါက်ဖြင့် ပူးတွဲပိုင်ဆိုင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်ဝက်ကျော်ကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်နေရည်လင်း LL.B,D.I.L,D.B.L,Dip in Global English

အထက်တန်းရှေ့နေ(စဉ်-၂၈၇၉၀)

အမှတ်(၁၇၉/၁၈၁)၊ ဒုတိယထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၃၉၃၃၃၉၃၊ ၀၉-၃၃၁၉၉၅၅၀

မူလတန်း၊ အထက်တန်းကျောင်း

ပညာနန်းတော်

ဂုဏ်ထူး ဦးအောင်နိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

အ.ထ.က

ရန်ကုန်မြို့ရှိ ကျောင်းသားများသို့

အတန်း	ကျောင်းချိန်	ကျောင်းလခ	[illegible]
မူလတန်း	[illegible]	[illegible]	၂၀၀၀၀
၅ တန်း	[illegible]	[illegible]	။
၆ တန်း	။	[illegible]	။
၇ တန်း	။	[illegible]	။
၈ တန်း	။	[illegible]	။
၉ တန်း	[illegible]	[illegible]	။
၁၀ တန်း	။	[illegible]	။

Ph : 09 730 38827

GUSTO INSTITUTE

School of Computing & Software Engineering

edexcel Approved Centre

နိုင်ငံတကာအသိအမှတ်ပြု ကွန်ပျူတာဘွဲ့ကို ပြည်တွင်း၌ ရယူလိုသူများအတွက်

HND DIPLOMA IN COMPUTING (UK)

- Edexcel (UK) ၏ Approved Centre ဖြစ်သော Gusto Institute တွင် HND Diploma မှ တစ်ဆင့် B.Sc (Hons:) Computing ဘွဲ့ကို 3+0 (သို့) 2+1 ပုံစံဖြင့် တက်ရောက်သင်ယူနိုင်ပါပြီ။
- နိုင်ငံတကာ တက္ကသိုလ်ကြီးများနည်းတူ သင်ကြားမှုပုံစံ (Student Centered Learning) နှင့်တက်ကျွမ်းမှုကို အသားပေးသည့် စံချိန်မီ နည်းလမ်းများကို အသုံးပြုသွားမည်ဖြစ်သည်။
- ပြည်တွင်း ၊ ပြည်ပတွင် အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး၊ IT / Computer ပညာရှင် ဖြစ်ရန် ကြိုးစားလိုသူများ လျှောက်ထားနိုင်ပါသည်။

Admission Office : # 332(D), Pyay Road, Sanchaung Tsp.,Yangon.

Ph: 01-503715, 0986-28808.

ရုံးခန်းလိပ်စာပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Ayeyarwaddy Group Co.,Ltd.နှင့် Applied Technologies International Co.,Ltd အား ၁-၅-၂၀၁၃ ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာသို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း မိတ်ဟောင်း၊ မိတ်သစ်များအား အသိပေးအပ်ပါသည်။

အမှတ်(၁၅၁)၊ အခန်းအမှတ်(၇၀၁-ဘီ)၊ Myawaddy Bank Luxury Complex၊ တာဝါ(ဘီ)၊ ဝါးတန်းလမ်းနှင့်ဗိုလ်ချုပ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

TEL:(95-1) 2300565,2300566,2300567,2300568,2301341

FAX:(95-1)2300568

E-mail : ayd@myanmar.com

service@atimyanmar.com

ခင့်မြို့သစ်

(အလျှော်၊ တောင်ပိုင်း၊ ဆိပ်ကမ်း)

မြေကွက်များ ဝယ်လိုသည်။

09 7325 2524

09 7349 4350

09 730 90 100

CONDO တိုက်ခန်း ငှားမည်

မြေညီ (၂ လွှာ) Golden View Tower မင်္ဂလာတောင်ညွန့်မြို့နယ် ဦးအောင်မြတ်လမ်းနှင့် ၁၂၃ လမ်းထောင့် Company, ရုံးခန်းနှင့် Show Room များ အဆင်ပြေစွာ ဖွင့်လှစ်ရန် အထူးသင့်လျော်သော နေရာဖြစ်သည်။

ဆက်သွယ်ရန် - 09-5151981, 09-5136257

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/နောက်၊ မြေကွက်အမှတ်(၆၄၁)၊ မြေကွက်တည်နေရာအမှတ်(၆၄၁)၊ ရွှေပြည်သာလမ်း၊ ၆/နောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးငွေထွန်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးငွေထွန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ကျင်မြင့်[၁၂/သကတ(နိုင်)၁၁၉၆၄၅]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံတကာတွင်အလုပ်ရနေရန်အတွက် စာရင်းပညာကိုတကယ်တတ်အောင်သင်ယူလိုပါက

U Sann Aung | B.Com, CPA, Ex Chief Accountant |

LCCI ACCOUNTING COURSE

Level 1&2 8 JUNE ; Level 3 12 JUNE

USA COMMERCIAL SCHOOL

တိုက်ခန်းအသစ်ရောင်းမည် (ပွဲစားမလို)

စမ်းချောင်း၊ လမ်းသန့်၊ ပေ(၁၂၅×၅၀)၊ ဘဲပန်း၊ ဘိုတိုင်အိမ်သာ၊ ကိုယ်ပိုင်(ရေမီး)၊ တိုက်အသစ်စက်စက် လူမနေရသေး

- တတိယထပ် (ခြေရင်းခန်း၊ ခေါင်းရင်းခန်း) တစ်ခန်းနှုန်း ၂၇၇သိန်း
- စတုတ္ထထပ်(ခြေရင်းခန်း၊ ခေါင်းရင်းခန်း) တစ်ခန်းနှုန်း ၂၅၂သိန်း

ပိုင်ရှင် ဖုန်း-၀၉-၇၃၂၀၁၁၇၉

တစ်ဦးတည်းဖြစ်ကြောင်း

အဖ ဦးထင်ကျော်၏သမီး ဒေါ်ဌေးဌေးရီ[၁၂/လမန(နိုင်)၀၅၀၁၁၁]နှင့် ဒေါ်ဌေးဌေးရည်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဒေါ်ဌေးဌေးရီ(ခ)ဒေါ်ဌေးဌေးရည်

မြေကွက်များညှိနှိုင်းဈေးဖြင့်ရောင်းမည်

ရန်ကုန်မြို့၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်-ပုသိမ်ကားလမ်းမကြီးဘေး၊ မြေကွက်(ဧကကျယ်)များအား ပိုင်ရှင်ကိုယ်တိုင် ညှိနှိုင်းဈေးဖြင့် ရောင်းမည်။ စိတ်ပါဝင်စားသူများ အမြန်ဆုံးဆက်သွယ်နိုင်ပါသည်။ (ပွဲစားမလို)

ဖုန်း-၀၉-၃၁၁၆၇၀၈၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်-၅၆၃၊ မြေကွက်တည်နေရာအမှတ်-၅၆၃၊ မြရတနာ(၂)လမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ၂၄ရပ်ကွက်၊ (ဦးကြီးမြင့်)[၁၂/မဂတ(နိုင်)၁၆၈၅၄၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည်[၁၂/မဂတ(နိုင်)၀၆၈၄၆၆]က တရားဝင်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Myanmar Professional Development Center(MPDC) နှင့် London South Bank University, UK တို့ ပူးပေါင်းဖွင့်လှစ်မည့် MSc./Pg.Dip in International Business အတွက် သင်တန်းလျှောက်လွှာများ ခေါ်ယူခြင်း။

၁။ MPDC သည် Assumption University of Thailand(ABAC) နှင့် ပူးပေါင်း၍ MBA (စီးပွားရေးပညာ မဟာဘွဲ့သင်တန်းများ)ကို ၂၀၁၀မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ London South Bank University,UKနှင့် ပူးပေါင်း၍ MSc./Pg.Dip in International Business သင်တန်းများကို ထပ်မံဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ပါသည်။

၂။ London South Bank University,UK မှ ဖွင့်လှစ်မည့် MSc./Pg.Dip in International Business သင်တန်းကို မည်သည့်တက္ကသိုလ် ဘွဲ့ရမဆို လျှောက်ထားနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ MPDC Capmus များတွင် ဘွဲ့ရသည်အထိ တက်ရောက်နိုင်ပါသည်။

၃။ သင်တန်းများအားလုံးကို Assumption University of Thailand (ABAC) နှင့် London South Bank မှ ဂါရဝ့်ဆရာကြီး၊ ဆရာမကြီးများကိုယ်တိုင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက London South Bank University,UK မှ တရားဝင်အသိအမှတ်ပြု ဘွဲ့လက်မှတ်များ တိုက်ရိုက်ချီးမြှင့်ပေးသွားမည် ဖြစ်ပါသည်။

၄။ သင်တန်းကာလမှာ တစ်နှစ်ကျော်ကြာမြင့်မည်ဖြစ်ပြီး ပြည်တွင်း၌သာ သင်ကြားတက်ရောက်နိုင်မည် ဖြစ်ပါသည်။

၅။ ရုံးချိန်ပြင်ပ သင်တန်းချိန်များသာဖြစ်ပြီး သင်တန်းများအတွက် လူဦးရေကန့်သတ်ထားပါသဖြင့် လျှောက်လွှာများ စတင်လျှောက်ထားနိုင်ပြီ ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာ၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

Main Campus : အဆောင်(၄)၊ အခန်း-၁၊ မြန်မာအင်ဖိုတက်ခ်၊ တက္ကသိုလ်များ၊ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၅၀၇၀၄၃၊ ၀၁-၅၀၇၀၄၇၊ Email:sandra@newklink.com

YGN Campus 2 : တိုက် ဘီ၊ ၁၂လွှာ၊ အခန်း(၀၀၁)၊ ဒိုင်မွန်းတွန်ခိုဲ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၁၂၂၀၇၁၉၊ ၀၉-၅၀၂၈၄၈၉

Mandalay Campus : အမှတ်-၆၂၊ ဒုတိယထပ်၊ ၃၄လမ်း၊ ၇၄လမ်းနှင့်၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း-၀၁-၁၂၀၁၂၈၉၊ ၀၉-၇၃၂၀၃၂၀၇၊ ၀၉-၅၂၃၀၄၁၁၊ ၀၉-၄၂၀၇၈၆၇၈၄

လိုင်စင်ဒေါင်းစေဒနာရှင်များအတွက်သတင်းကောင်း

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါရုံးသုံးနှင့် လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	Nikon Lens AF-SDX 18-200mm F 3.5.5.6 GED VR II Lens	2 Nos
(၂)	Nikon Flash SB-700 Speed Light	2 Nos
(၃)	Switch 24-ports	2 Nos
(၄)	Switch 24-ports	4 Nos
(၅)	Nikon Digital Camera D7000 Megapixels 16.2 (Only body) with SD memory card, UV filter I Supplied accessories, camera bag	2 Nos
(၆)	Sony Digital Camera (16 Megapixels) with SD memory card. UV filter I Supplied accessories. camera bag	60 Nos
(၇)	Sony & 65 Camera Sony Lens 16-105mm Memory Card 4GB Speed 30 MB	30 Nos
(၈)	Sanyo Air Conditioner 2 HP (Split Type)	3 Nos
(၉)	Sanyo Air Conditioner 2 HP (Split Type)	4 Nos
(၁၀)	Personal Computer Processor Core i7 2nd. Motherboard- ASUS, Memory 4GB, Hard disk-1 TB, Graphic card 4 G, Casing G Viewh. Power supply 650Watts. Monitor-19 LCD. DVD writer (Liton), Speaker A4 Tech, Keyboard-A4 Tech(USB). Mouse-A4 Tech(Optical USB), UPS-Power Tree 650VA	54 Nos
(၁၁)	Laser Printer (A4)	29 Nos
(၁၂)	Digital Multifunction copier(A3)(Size) Konica Bizhub-211	6 Nos
(၁၃)	Laser Color Printer(A4)	4 Nos
(၁၄)	Fax Machine	27 Nos
(၁၅)	UPS (650VA)	9 Nos
(၁၆)	Laptop, Dell Inspiron 542014r7, Hard disk 1 TB, Memory 6GB. Graphic 2GB	12 Nos
(၁၇)	Document Scanner DT-3010C(Autolated Feeder) 600 dpi, Duplex 30ppm. 50 Sheets	2 Nos
(၁၈)	Personal Computer Processor Core i7 2nd,Motherboard- ASUS,Memory 4GB,Hard disk-1TB,Graphic card 4 G.Casing G Viewh. Power supply 650watts,Monitor-19 LCD, DVD writer (Liton),Speaker A4 Tech.Keyboard-A4 Tech (USB). Mouse-A4 Tech(Optical USB).UPS-Power Tree 650VA	20 Nos
(၁၉)	Digital Multifunction copier(A3) (Size) Konica Bizhub-211	4 Nos
(၂၀)	Document Scanner DT-3010C(Autolated Feeder) 600dpi, Duplex 30ppm,50 sheets	5 Nos
(၂၁)	Laser Color Printer (A4)	5 Nos
(၂၂)	Dell Web Server Dell Power Edge R 620 Rack Chassis for 8 HDDS Intel Xenun Processor 2.0 GHz 15 MB Cache,8 GB RAM X 2.3 X 1TB,DVD R/W	2 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၅-၂၀၁၃ရက်မှ ၉-၆-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၀-၆-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို တည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၆၉၊၀၆၇-၄၁၂၃၆၆

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း၊ ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၂၃၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရှိ တက္ကသိုလ်၊ ကောလိပ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းအမည်
၅၂	ဘားအံတက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ(၁၂၀'×၉၀'×၂၉') (၁)လုံး၊ ရေမီးအပါအဝင်
၅၃	ဘားအံတက္ကသိုလ်၊ (၂၀)ဦးဆံ့၊ (၂)ထပ်အိပ်ဆောင်အမှတ်(၃)၊ (၁၀၄'×၃၀')RCC (၁)လုံး တည်ဆောက်ခြင်း
၅၄	ဘားအံတက္ကသိုလ်၊ ပါမောက္ခချုပ်နေအိမ်(၄၀'×၃၀')(၁)လုံးတည်ဆောက်ခြင်း
၅၅	ဘားအံတက္ကသိုလ်၊ အရာရှိကြီးများနေအိမ်(၄၀'×၃၀')တစ်ထပ်အုတ်တိုက်အခန်း(၄)ခန်းနှင့် အိမ်သာ၊ ရေချိုးခန်း၊ ပီးဖိုခန်း (၁၀ပေ)ပတ်လည် ရေ၊ မီး အပါအဝင်(၁)လုံး တည်ဆောက်ခြင်း
၅၆	ဘားအံတက္ကသိုလ်၊ (၆)ခန်းတွဲ(၂)ထပ် RCC ဝန်ထမ်းအိမ်ရာ(၈၀'×၂၉') (၁)လုံး(ရေ မီးအပါအဝင်)
၅၇	ဘားအံတက္ကသိုလ်၊ ပါမောက္ခနေအိမ်(၂)ခန်းတွဲ(၄)လုံးတည်ဆောက်ခြင်း (၄၀'×၃၀') RC
၅၈	ဘားအံတက္ကသိုလ်၊ သရုပ်ပြဆရာ၊ ဆရာမများနေအိမ်(၃)ခန်းတွဲ(၃၀'×၂၀')RCC တည်ဆောက်ခြင်း(၁)လုံး
၅၉	ဘားအံတက္ကသိုလ်၊ Chain Link ကာရံခြင်း (၂၄၅၀ပေ)
၆၀	ဟသ်ာတတက္ကသိုလ်၊ မိုးလုံလေလုံ အားကစားရုံ(၂၁၀'×၁၂၀')တည်ဆောက်ခြင်း(ရေမီးအပါအဝင်)
၆၀	တောင်ကုတ်ကောလိပ် (၂)ထပ်စာသင်ဆောင်၊ စကြံန်ကူး တည်ဆောက်ခြင်း။ (၃၀'×၈')၂၉ ကွန်ကရစ်အခင်း၊ ကွန်ကရစ်တိုင်၊ သံဟင်ဂလန်အမိုးဒိုင်း၊ အလူဇင့်အမိုး(၄၄'×၁၆') RC ၂ထပ် အပါအဝင်
၆၂	တောင်ကုတ်ကောလိပ်၊ (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံးတည်ဆောက်ခြင်းလုပ်ငန်း၊ (၉၀'×၃၀')အုတ်တိုက်၊ ကွန်ကရစ်အခင်း၊ သံဟင်ဂလန် အမိုးဒိုင်း၊ အလူဇင့်အမိုး(ရေမီးအပါအဝင်)
၆၃	တောင်ကုတ်ကောလိပ်(၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံးတည်ဆောက်ခြင်းလုပ်ငန်း(၆၀'×၃၀')အုတ်တိုက်၊ ကွန်ကရစ်အခင်း၊ သံဟင်ဂလန် အမိုးဒိုင်း၊ အလူဇင့်အမိုး(ရေမီးအပါအဝင်)
၆၄	တောင်ကုတ်ကောလိပ်(၂)ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)လုံးတည်ဆောက်ခြင်းလုပ်ငန်း(၆၀'×၃၀')အုတ်တိုက်၊ ကွန်ကရစ်အခင်း၊ သံဟင်ဂလန် အမိုးဒိုင်း၊ အလူဇင့်အမိုး(ရေမီးအပါအဝင်)
၆၅	တောင်ကုတ်ကောလိပ်၊ အမာခံကျောက်ချောလမ်းပြုလုပ်ခြင်း။ (ပင်မဆောင်အဝင်လမ်း နှစ်လမ်းသွား) (၁၀၀၀'×၄၆'×၅'ထု)
၆၆	တောင်ကုတ်ကောလိပ်၊ အမာခံကျောက်ချောလမ်းပြုလုပ်ခြင်း(စာသင်ဆောင်နှင့်အဆောက်အအုံပတ်လမ်း) (၁၄၀၀၀'×၃၂'×၃'ထု)
၆၇	တောင်ကုတ်ကောလိပ်၊ ပတ်လမ်းများ၏ရေထွက်ပေါက်များ(၄၀'×၄'×၄') (Box Culvert 13 nos)ပြုလုပ်ခြင်း
၆၈	တောင်ကုတ်ကောလိပ်၊ ပြင်ပရေရရှိရေးလုပ်ငန်း(ရေဂါလန် ၂၈သန်းဆံ့ ရေလှောင်တမံပြုလုပ်ခြင်း)
၆၉	တောင်ကုတ်ကောလိပ်၊ ဂါလန်(၁၂၀၀၀)ဆံ့ ကွန်ကရစ်မြေအောက်ရေလှောင်ကန်(၂၀'×၁၂'×၈')(၂)လုံးဆောက်လုပ်ခြင်း
၇၀	တောင်ကုတ်ကောလိပ်၊ ၃၉ပေအမြင့် ဂါလန်(၀၀၀၀၀)ဆံ့ (၁၃' ၆'' × ၁၃' ၆'')ကွန်ကရစ်ရေတိုင်ကီနှင့် ကွန်ကရစ်ရေစင် တည်ဆောက်ခြင်း(၁၃. ၅ပေ ×၁၃. ၅ပေ)
၇၁	တောင်ကုတ်ကောလိပ်၊ အုတ်မြစ်စည်းရိုးကာရံခြင်းလုပ်ငန်း၊ (၁၂၇၀၀'×၆')
၇၂	တောင်ကုတ်ကောလိပ်၊ ရေလှောင်တမံမှ ရေလှောင်ကန်သို့ကို ၆'' Ø PVC ပိုက်ဖြင့် ရေသွယ်ပေးခြင်း ၅၂၈၀ ပေ
၇၃	တောင်ကုတ်ကောလိပ်၊ နှစ်ထပ်စာသင်ဆောင်(A,B,C) နောက်ကျောမြေထိန်းနံရံပြုလုပ်ခြင်း(၆၀၀'×၅'×၅')

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၃-၅-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၂-၆-၂၀၁၃ရက်၊ ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ထစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တစ်ခုချင်းတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
အဆောင်(၂)ပထမထပ်၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖြည့်စွက်ချက်

၁။ ၆-၅-၂၀၁၃ ရက်မှ ၉-၅-၂၀၁၃ ရက်အထိ နိုင်ငံပိုင်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများတွင် ကြော်ငြာထားသည့် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်ကို ၁၂-၆-၂၀၁၃ရက်အထိ တိုးမြှင့်သတ်မှတ်ပါသည်။

၂။ ကြော်ငြာအပြည့်အစုံ၊ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းအသေးစိတ်၊ အိတ်ဖွင့်တင်ဒါပုံစံဈေးနှုန်း၊ အိတ်ဖွင့်တင်ဒါအာမခံကြေးတို့ကို www.myanmar-education.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုသောအချက်များကို ဤဦးစီးဌာန၊ အင်ဂျင်နီယာဌာနတွင်လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၅၀၂၂၅၇၊ ၀၁-၅၃၉၄၃၇၊ ၀၁-၅၀၄၇၅၅သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၀၊ မြေကွက်အမှတ် ၁၈၃၂ မြေကွက်တည်နေရာအမှတ်-၁၈၃၂၊ ၁၇၀ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဦးလှရှိန်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးလှရှိန်[၁၂/သယက (နိုင်)၁၄၅၉၉၂]ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၁၊ မြေကွက်အမှတ် ၇၀၆၊ မြေကွက်တည်နေရာအမှတ် (၇၀၆)၊ (၈၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဒေါ်မြမြ)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်မြမြ[၁၂/မဂဒ (နိုင်)၀၇၄၉၆၈]ကိုယ်တိုင်မှ မြေချပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ တို့ တင်ပြ၍ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် သကမ-၇၊ မြေကွက်အမှတ် ၁၈၄/က၊ မြေကွက်တည်နေရာ ၁၈၄/က၊ သစ်ခွမြိုင်လမ်း (၁၄)ရပ်ကွက်၊ လှိုင်သာယာ (ဦးဟုတ်စိန်)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးဟုတ်စိန်ထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးသန်းကြွယ်[၁၂/ အစန (နိုင်)၁၂၈၁၁၀]က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ဝန်ခံကတိ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာတင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ မြေကွက်အမှတ်၇၁၇(က)၊ မြေကွက်တည်နေရာအမှတ်၇၁၇(က)၊ အောင်စိုးပိုးလမ်း၊ (၁၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဒေါ်ဒေါင်းရင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ဒေါင်းရင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ချမ်းဖြူ[၁၂/သကတ(နိုင်)၀၉၁၈၇၁]မှ ပါမစ်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံး ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-အပိုင်း(၃)၊ မြေကွက်အမှတ် (၉၃-က)၊ ဧရိယာ(၁. ၀၀၃)ဧက အကျယ်အဝန်းရှိ နှစ် (၆၀) စက်မှုဂရန် မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၃)၊ မြဘောင်ဝန်ကြီး ဦးမှိုလမ်း၊ အမှတ်(၉၃/က) မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများနှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူများထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမောင်မောင်သူရ (မြောင်းမြ)
LL.B,A.G.T.I (EP), D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)
ဘက်ရှေ့နေနှင့် ဥပဒေအကြံပေး
အမှတ်-၁၃၂ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၈၄၀၄၂၊ ၀၉၃၁၁၆၇၀၈၆၊ ၀၉၇၃၁၉၉၁၄၀၊ ၀၉၈၅၇၂၉၃၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား CIF (Yangon) နိုင်ငံခြားငွေ (USD) ဖြင့် ဝယ်ယူလိုပါသည်-

Tender No.05/DHPI /Equipment / 2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Shotcrete Machine Aliva III	3 Nos
(ခ)	Concrete Pump Truck	2 Nos

၂။ ပစ္စည်းများ၏(Technical Specification)များအား ၂၈-၅-၂၀၁၃ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ်၊ ဇွန်လ ၄ရက်၊ မွန်းတည့် ၁၂း၀၀နာရီဖြစ်ပြီး ၁၃း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၁၅၊ ဖက်စ်-၄၁၀၀၈၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ မြောင်းကြီးလမ်း၊ အိမ်အမှတ်(၉၁)ရှိ မြေအကျယ် ပေ(၁၄× ၇၈)မြေပေါ်ရှိ(၂)ထပ်တိုက်၊ (ရေ မီး)၊ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထားပိုင်ဆိုင်နေထိုင်သူ ဦးစိုးမြင့်၊ ဒေါ်ခင်စန်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဖော်မင်း [၁၂/အစန (နိုင်)၁၉၁၉၂၉] မှ ရောင်းကြေးငွေ၏စရန်ငွေတချို့အား ပေးချေပြီးဖြစ်၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ပိုင်ခွင့်ရှိ၍ ကန့်ကွက်လိုလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်မြင့်နီလာနွယ်(အထက်တန်းရှေ့နေ) (စဉ်-၂၈၁၂၇)
မ-၂၃/လမ်းသွယ်(၂)၊ ဘုရင့်နောင်ရိပ်သာ၊ မြို့သစ်(က/ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ဖုန်း-၇၃၂၁၀၈၆၆၊ ၄၄၈၀၃၅၄၂၄

[illegible]

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ ၆လွှာ၊ ပေ(၁၅×၅၅)၊ အိပ်ခန်း (၁)၊ လျှာထိုးခင်းပြီး၊ ရေချိုးခန်း၊ အိမ်သာကြွေပြားကပ်ပြီး။
ကျပ်သိန်း(၁၅၀)၊ ညှိနှိုင်း၊

ဖုန်း-၀၉ ၄၃၀၅၂၄၂၈

အမွေပြတ်စွန့်လွှတ်ခြင်း

ဦးမောင်ကြီး-ဒေါ်လှကျော့မြတို့၏ သား မောင်သိန်းထင်(ခ)မောင်သန်းထွန်း [၁၁/ပဏတ(နိုင်)၀၃၂၈၈၂]သည် မိဘဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမောင်ကြီး-ဒေါ်လှကျော့မြ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/တောင်၊ မြေကွက်အမှတ် ၅၅၇/ခ၊ မြေကွက်တည်နေရာအမှတ်(၅၅၇/ခ)၊ မြို့မ(၄)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်သန်းနု) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းနု(မိခင်)နှင့် ဦးအောင်ရို(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်စန်းစန်းဌေး[၁၂/သကတ(နိုင်)၀၇၄၂၁၂]၊ (၂)ဦးထွန်းဝေ [၁၂/သကတ(နိုင်)၀၇၆၀၈၁]၊ (၃)ဒေါ်မြမြဝင်း[၁၂/သကတ(နိုင်)၀၇၅၆၀၀]၊ (၄)ဒေါ်သီတာဝင်း[၁၂/သကတ(နိုင်)၀၇၄၀၉၉]၊ (၅)ဒေါ်သန္တာဝင်း[၁၂/သကတ(နိုင်)၁၂၀၄၈၁]တို့ထံမှ အမွေထွေကိုယ်စားလှယ်လွှဲစာ (၄၁၁၁/၁၃)ရရှိသူ ဒေါ်ထက်ထက်ဝေ[၁၃/ဘကန(နိုင်)၀၀၈၉၄၅]မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြပြီး၍ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ စက္ခုဒါန ဆေးရုံတည်ဆောက်ရေးစီမံကိန်းအလှူတော်

[illegible]

"စက္ခုဒါန ဆေးရုံတည်ဆောက်လှူဒါန်းရေးကုသိုလ်ရှင်များ"

[illegible]

မွေးနေ့ဆုတောင်း

သားကြီး-မောင်အောင်မြတ်ဘုန်း ၁၅-၅-၂၀၁၃
သားလေး-မောင်ခိုင်မြတ်ဘုန်း ၂၂-၅-၂၀၁၃

